# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။

**ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် | ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၃၂၀)


# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း

**နေပြည်တော် ဩဂုတ် ၁၅**

မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦး တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကို ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ ဖတ်ကြားတင်သွင်းသည်။

လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီက ပြင်ဆင်ရန်တင်သွင်းထားသည့် ဥပဒေမူကြမ်းအပေါ် စိစစ်သုံးသပ်ရာတွင် ယင်းဥပဒေမူကြမ်းနှင့် အလားသဏ္ဌာန်တူညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်ကို ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေပြဋ္ဌာန်းချက်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍


*စာမျက်နှာ ၅ ကော်လံ ၁* ❋





ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၅ - ၈ - ၂၀၁၉

| | | | | |
|---|---|---|---|---|
| ပူတာအိုမြို့ | ၅ | ဒသမ | ၁၆ | လက်မ |
| လှိုင်းတက်မြို့ | ၃ | ဒသမ | ၈၆ | လက်မ |
| မချမ်းဘောမြို့ | ၃ | ဒသမ | ၆၂ | လက်မ |
| မိုးညှင်းမြို့နှင့်သထုံမြို့ | ၃ | ဒသမ | ဝ၄ | လက်မ |
| ခန္တီးမြို့ | ၂ | ဒသမ | ၉၉ | လက်မ |
| ဗန်းမော်မြို့ | ၂ | ဒသမ | ၃၅ | လက်မ |
| လှိုင်းဘွဲ့မြို့ | ၂ | ဒသမ | ၂၀ | လက်မ |
| ဘားအံမြို့ | ၂ | ဒသမ | ၁၇ | လက်မ |

**မြန်မာ့စီးပွားရေး ၂၀၂၀ပြည့်နှစ် အစီရင်ခံစာတွင် စီးပွားရေးဆိုင်ရာမူဝါဒများဖြေလျှော့နိုင်ရန်အချက်များ ဖော်ပြထားကြောင်း အောက်စဖို့ဒ်စီးပွားရေးဆိုင်ရာ သုတေသနလုပ်ငန်း သတင်းထုတ်ပြန်**


ပြည်တွင်းသတင်း စာ » ၈


**အပူပိုင်းမုန်တိုင်းခရိုဆာ ဂျပန်နိုင်ငံအနောက်ပိုင်းကို ဝင်ရောက်**


နိုင်ငံတကာသတင်း စာ » ၁၄





# ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိသည့် နိုင်ငံအဖြစ် တည်ဆောက်ရာတွင် အားလုံးပါဝင်

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်နေပြီဖြစ်ကြောင်းကို မိမိတို့ ခံစားသိရှိနေကြပြီဖြစ်သည်။ အပူချိန်များမြင့်တက်လာခြင်း၊ မုတ်သုံရာသီ အချိန်မမှန်ခြင်း၊ မုတ်သုံမိုးရွာသွန်းသည့်ရက်များ လျော့နည်းလာခြင်းတို့ကို တစ်နှစ်ထက်တစ်နှစ် သိမြင်နေကြရပြီ။ မိုးလေဝသဖြစ်စဉ်များကလည်း ပို၍ပြင်းထန်လာသည်။

စင်စစ်အားဖြင့် မိုးလေဝသ၊ ရာသီဥတုတို့က နယ်ခြားမျဉ်းတို့ ရှိသည်မဟုတ်။ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင်လည်း ထိုနည်းနှင်နှင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးဒဏ်တို့ကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်လည်း ဖြစ်နေကြောင်း နိုင်ငံတကာသတင်းများတွင် တွေ့မြင်နိုင်သည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် အလေးအနက်ထား၍ ကြိုတင်ပြင်ဆင်ထားရမည့် အကြောင်းအရာတစ်ခုဖြစ်သည့်အလျောက် နိုင်ငံတကာတွင်လည်း ကြိုတင်မျှော်တွေး၍ ပြင်ဆင်နေကြရပြီဖြစ်သည်။ ရာသီဥတုပူနွေး၍ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာသည်နှင့်အမျှ အချို့ ကျွန်းနိုင်ငံငယ်များမှာ ရေအောက်ရောက်မသွားမီ နေရာသစ်ရှာဖွေရန် ဆောင်ရွက်နေကြရသည်။ ကမ်းရိုးတန်းဒေသများ ပြောင်းလဲမှုနှင့်အတူ ကမ္ဘာ့မြေပုံသည်လည်း ပုံစံပြောင်းဖွယ်ရာရှိသည်။ နိုင်ငံတစ်ခုမှ အခြားနိုင်ငံတစ်ခုသို့ လူအစုလိုက်အပြုံလိုက် ရွှေ့ပြောင်းမှုများ၊ စားနပ်ရိက္ခာပြဿနာများ၊ စွမ်းအင်ပြဿနာများ၊ ကပ်ရောဂါပြဿနာများ စသည်တို့က ကမ္ဘာ့နိုင်ငံများအကြား ရိုက်ခတ်မှုများလည်း ဖြစ်ပေါ်လာဖွယ်ရှိသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်က မြန်မာနိုင်ငံကဲ့သို့သော စိုက်ပျိုးရေးအခြေပြု နိုင်ငံတစ်နိုင်ငံအပေါ် သက်ရောက်မှုကြီးမားသည်။ သို့ဖြစ်သည့်အလျောက် အမျိုးသားအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၊ ယင်း၏ ကြီးကြပ်မှုအောက်တွင် လုပ်ငန်းကော်မတီခြောက်ခုနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီများကို လွန်ခဲ့သည့် သုံးနှစ်ကပင် ဖွဲ့စည်းထားခဲ့သည်။ ထို့အပြင် "မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ"၊ "မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ"၊ "မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ(၂၀၁၈-၂၀၃၀)" နှင့် "မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀)" တို့ကိုလည်း နိုင်ငံတော်အစိုးရက ချမှတ်ထုတ်ပြန်ထားခဲ့ပြီးဖြစ်သည်။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံကို ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာတွင် ထည့်သွင်းရေးဆွဲထားရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းတို့မှ စားနပ်ရိက္ခာဖူလုံမှုရရှိရေး ဖန်တီးရန်၊ ရေဖူလုံရေးနှင့် သစ်တောသယံဇာတအပါအဝင် ကောင်းမွန်သော ဂေဟစနစ်ကို တည်ဆောက်ရန်၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သည့် စွမ်းအင်၊ ပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ သဘာဝဘေးအန္တရာယ်များ၏ ဆိုးကျိုးကို လျှော့ချနိုင်ပြီး စဉ်ဆက်မပြတ် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို ရရှိရန်၊ အားလုံးပါဝင်နေထိုင်နိုင်သည့် မြို့ရွာများ တည်ထောင်ရန်၊ သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှု၏ ရေရှည်ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးစေပြီး ကျန်းမာသည့် လူမှုအဖွဲ့အစည်းကို ဖန်တီးရန်၊ အသိပညာဗဟုသုတနှင့် နည်းပညာများကို မြှင့်တင်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို ကောင်းစွာတုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိသည့် လူ့ဘောင်တည်ဆောက်ရန်တို့ကို ရည်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်မိုးရွာရက်မှာ ၁၄၅ ရက်မှ ၁၀၅ ရက်ခန့်သာ ရှိတော့သည်မှာ နှစ်ပေါင်း ၃၀ ခန့်ရှိလာပြီဖြစ်ပြီး နှစ်စဉ်မိုးရွာရက် ၄၀ ခန့် ဆုံးရှုံးနေသည်။ သို့ဖြစ်သည့်အလျောက် ဆည်များသို့ ရေဝင်နှုန်းမှာလည်း ပျမ်းမျှ ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းခန့်သာရှိသည့်အတွက် ရေရှားပါးသည့်ဒဏ်ကိုလည်း ခံစားနေကြရသည်။ ရာသီဥတုဒဏ်ကို ခံစားနေကြရသည့်အလျောက် ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ စိုက်ပျိုး၊ မွေးမြူလုပ်ကိုင်မှုများကိုလည်း လိုက်လျောညီထွေ ပြောင်းလဲလုပ်ကိုင်သွားခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့တွင် ပူးပေါင်းပါဝင်ခြင်းတို့ဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိကြပါစေကြောင်း ။ ။





နေပြည်တော်ကောင်စီနယ်မြေရှိ လက်လုပ်တောင်သာသနာ့ကုန်းမြေ ရွှေနန်းသွင်းစေတီတော်တွင် ယနေ့ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့)၌ ဗောဓိဟိတကာရီအဖွဲ့မှ ယောဂီ ၁၀၀၀ ခန့်က မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြစဉ်။
မင်းမင်းလတ်(မန်းတက္ကသိုလ်)

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၆/၂၀၁၉
၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)
ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာ မင်းရဲပိုင်ဟိန်း ကို စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ဆဋ္ဌမအကြိမ် အလှူတော်ငွေပေးအပ်

ရန်ကုန် ဩဂုတ် ၁၅

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ဆဋ္ဌမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အလှူရှင် ဧည့်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေပါရမီတောရ ဆရာတော်အား ပြည်ထောင်စုဝန်ကြီးက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်နိုင်ရန် အလှူရှင်များ လှူဒါန်းသည့် အလှူငွေများကို လက်ခံယူစဉ်။
သတင်းစဉ်

ဆက်လက်၍ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူရှင် ၂၅ ဦးတို့က ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ ပစ္စည်းများနှင့် အလှူငွေကျပ် စုစုပေါင်း ၃၀၆၈၁၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ရွှေပါရမီတောရ ဆရာတော်က အနုမောဒနာတရား မြွက်ကြားချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**သတင်းစဉ်**

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ဘူလ်ဂေးရီးယား သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသည် Mrs. Marinela Milcheva Petkova အား ဟန္ဓိုင်းမြို့ အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

Mrs. Marinela Milcheva Petkova အား ဘူလ်ဂေးရီးယားနိုင်ငံ၊ ပလဲလ်ဗန်မြို့၌ ၁၉၇၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ သူသည် ၁၉၉၅ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ဘူလ်ဂေးရီးယားနိုင်ငံ "စိန့်ကလီမန့် အော်ရစ်စကီး" ဆိုဖီယာ တက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး နိုင်ငံရေးသိပ္ပံမဟာဘွဲ့ကိုလည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီရှိ ဂျော့ချ်တောင်းတက္ကသိုလ်၊ နိုင်ငံရေးနှင့် စီးပွားရေးလေ့လာမှုဆိုင်ရာဌာနမှ ဒီပလိုမာကိုလည်းကောင်း အသီးသီးရရှိခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဘူလ်ဂေးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လည်းကောင်း၊ အမေရိကန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံဆိုင်ရာ ဘူလ်ဂေးရီးယား သံရုံးများတွင် လည်းကောင်း ရာထူးတာဝန်အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ကာ ဗီယက်နမ်နိုင်ငံဆိုင်ရာ ဘူလ်ဂေးရီးယား သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အင်္ဂလိပ်နှင့် ရုရှားဘာသာစကားများကို တတ်ကျွမ်းပြီး အိမ်ထောင်သည်တစ်ဦးဖြစ်ကာ သားသမီးနှစ်ဦးရှိသည်။

**သတင်းစဉ်**

## ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်း

**ကျိုက်မရော ဩဂုတ် ၁၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ဩဂုတ် ၄ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်း၍ အတ္တရံမြစ်ရေ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ခဲ့သဖြင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာပေါင်း ၃၁ ရွာတို့တွင် ရေကြီးနစ်မြုပ်ခံရသူ ၅၅၀၀၀ ခန့်ရှိနေပြီး ကယ်ဆယ်ရေးစခန်း ၁၃ ခုအထိ ဖွင့်လှစ်ပေးခဲ့ရကြောင်း သိရသည်။

ယခုအချိန်ထိ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ပြည်သူများက ဆန်အိတ်များ၊ ဆီပုံးများ၊ အသင့်စား ထမင်းဘူးများ၊ ခြောက်ဆွဲခြောက်များ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ ပန်းကန်အိုးခွက်များ၊ အလှကုန်ပစ္စည်းများနှင့် ငွေသားများကို လာရောက်လှူဒါန်းနေကြသည်မှာ အလွန်များပြားလျက်ရှိရာ ယခုအချိန်ထိ ဆန်အိတ်ပေါင်း သုံးထောင်၊ အခြားအိမ်သုံးကုန်ပစ္စည်းများနှင့် ငွေကျပ် သိန်းနှစ်ရာကျော် အလှူခံရရှိထားပြီးဖြစ်ကြောင်း ရေဘေးကယ်ဆယ်ရေးအဖွဲ့ ကွပ်ကဲမှုရုံးမှ သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

# အမျိုးသားလွှတ်တော်ရုံး၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

အမျိုးသားလွှတ်တော်ရုံး၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

အခမ်းအနားတွင် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဒေါက်တာဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး **(ယာပုံ)** ဆရာတော် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များနှင့် အန္တရာကင်းကမ္မဝါစာများကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး နန့်ကြင်ကြည်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၁၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# သမဝါယမအသေးစားငွေကြေးဝန်ဆောင်မှုချေးငွေလုပ်ငန်း ကြီးကြပ်မှုဗဟိုအဆင့် လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

သမဝါယမအသေးစား ငွေကြေးဝန်ဆောင်မှု ချေးငွေလုပ်ငန်း ကြီးကြပ်မှုဗဟိုအဆင့် လုပ်ငန်းကော်မတီအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရုံးအမှတ်(၁၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က စုပေါင်းဆောင်ရွက်သည့် သမဝါယမ အလေ့အထကောင်းများ အခြေခံပြီး အသေးစားနှင့် အလတ်စားကုန်ထုတ်မှုများ ဖွံ့ဖြိုးလာစေရေးအတွက် မူဝါဒ၊ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည် ဖော်ဆောင်လျက်ရှိနေသကဲ့သို့ ချေးငွေများ အပြည့်အဝပြန်လည်ရရှိရေး၊ အသင်းသားများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးကိုလည်း ထည့်သွင်းတွက်ချက်ပြီး သမဝါယမအသင်းများ၏ ငွေကြေးအရင်းအနှီးများ တောင့်တင်းစေရန်နှင့် သမဝါယမပုံရိပ်ကောင်းများ ဖော်ဆောင်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေ၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သမဝါယမအသေးစားအရင်းအနှီး ချေးငွေများထုတ်ချေးခြင်း၊ ပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ အားသာချက်၊ အားနည်းချက်များ ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ ချေးငွေထိရောက်မှုရှိစေရေး၊ အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးမှုမရှိစေရေးအတွက် ကြီးကြပ်မှုစနစ် ပိုမိုကောင်းမွန်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အပြင် အသင်းသားများ ချေးငွေပေးဆပ်ရာတွင် အဆင်ပြေစေရေးအတွက် မူလက ခြောက်လတစ်ကြိမ် အတိုးအရင်းအားလုံးပေးဆပ်သည့် စနစ်ကျင့်သုံးရာမှ ပထမခြောက်လတွင် ထုတ်ချေးငွေ၏ ၁၆ ပုံ တစ်ပုံအရင်းနှင့် ကျသင့်အတိုးကိုသာ ပေးဆပ်ခွင့်ပြုခြင်းနှင့် ဒုတိယခြောက်လ (တစ်နှစ်ပြည့်ချိန်) တွင် ထုတ်ချေးငွေအရင်း + အတိုးအားလုံး အပြေအကြေပေးဆပ်သည့်စနစ်ဖြင့် ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ကော်မတီရေးရာဆောင်အမှတ် (I-20) အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများအနက် အတည်ပြုခဲ့သည့် အဆို၊ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအား ကော်မတီအဖွဲ့ဝင်များက မေးမြန်းဆွေးနွေး၍ အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ ကော်မတီအတွင်းရေးမှူး ဦးကျော်နီနိုင်၊ ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ



**ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။** သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**မဏ္ဍိုင်ကြီး (၃) ရပ်ပါရှိ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက မိမိတို့မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးချိန်မှစပြီး မတူကွဲပြားသည့်အစိုးရပုံသဏ္ဌာန်ခြောက်မျိုးနှင့် ဖြတ်သန်းခဲ့ရသော်လည်း ခေတ်အဆက်ဆက်တွင် အုပ်ချုပ်ရေးယန္တရားကို အဓိကကိုင်တွယ်ဆောင်ရွက်ခဲ့သည့်ဌာနမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပင် ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရလက်ထက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန်အတွက် "ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)" ကို ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းတွင် မဏ္ဍိုင်ကြီး (၃) ရပ်ပါရှိပြီး မဏ္ဍိုင်(၁)၏ နံပါတ်(၁) ရည်မှန်းချက်သည် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှုတို့ ဖြစ်ပါကြောင်း၊ မဏ္ဍိုင်(၁)၏ နံပါတ်(၁) ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနလက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းခဲ့ခြင်းပင် ဖြစ်ပါကြောင်း။

**လုပ်ငန်းတာဝန်များကို သုံးသပ်အကြံပြု**

ယင်းသို့ ပြောင်းရွှေ့ဖွဲ့စည်းပြီးသည့်နောက်တွင် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးယန္တရားနှင့် ပြည်သူကိုမျက်နှာမူသည့် အုပ်ချုပ်ရေးယန္တရားဖြစ်ရေး၊ စွမ်းဆောင်ရည်ပြည့်ဝသည့် လူသားအရင်းအမြစ်များရရှိရေးတို့ကို ရည်မှန်းပြီး ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မည့် ဦးစားပေးကဏ္ဍကြီး(၃)ခုကို ပထမအကြိမ် ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဖော်ထုတ်ချမှတ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ နံပါတ်(၁) ဦးစားပေးကဏ္ဍကြီးဖြစ်သည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ကြော်ငြာစာများကို ခေတ်ကာလနှင့်အညီ ပြင်ဆင်ပြောင်းလဲရန်အတွက် ဥပဒေပြဋ္ဌာန်း သတ်မှတ်ချက်ဆိုင်ရာ ပြန်လည်စိစစ်သုံးသပ်ရေးအဖွဲ့ (Regulatory Review Unit) ကို ဖွဲ့စည်းသွားမည် ဖြစ်ပါကြောင်း၊ ယင်းအဖွဲ့သည် ဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ပြန်လည်သုံးသပ်ရေးဆွဲသွားရန်၊ အခြားဌာနများ၏ ဥပဒေတွင်ပါရှိသည့် လုပ်ငန်းတာဝန်များကို သုံးသပ်အကြံပြုရန် ၊ အခြားဝန်ကြီးဌာနများမှ လွှဲအပ်ထားသော လုပ်ငန်းတာဝန်များ (Agency Work) ကို ပြန်လည်သုံးသပ်ရန် စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နံပတ်(၂) ဦးစားပေးကဏ္ဍကြီးဖြစ်သည့် အသွင်သဏ္ဌာန်ပြောင်းလဲရေးနှင့်စီမံခန့်ခွဲမှုစနစ်၊ ကောင်းမွန်ထိရောက်သော ဝန်ဆောင်မှုစနစ်များ ဖြစ်ပေါ်လာရန်အတွက် အုပ်ချုပ်စီမံပြုပြင်ပြောင်းလဲရေးအဖွဲ့ (Managerial Reform Unit ) ကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ယင်းအဖွဲ့အနေနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ ဖော်ဆောင်နိုင်ရေးအတွက် ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးအုပ်ချုပ်ရေးလက်စွဲ (Manual) များကို အဆင့်အလိုက် စိစစ်သုံးသပ်ရေးဆွဲထုတ်ပြန်နိုင်ရန် ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း၊ နံပါတ်(၃) ဦးစားပေးကဏ္ဍကြီးဖြစ်သည့် ပြည်သူဗဟိုပြု ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရန်အတွက် ပထမအဆင့်အနေဖြင့် ပြည်နယ်တစ်ခု မြို့နယ်တစ်ခု စီမံကိန်း (One State-One Township Project)များကို(Myanmar Sustainable Development Plan – MSDP)နှင့် ချိတ်ဆက်ပြီး ပြည်သူလူထုပါဝင်မှု၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရများက ကြီးကြပ်မှုတို့နှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**အုပ်ချုပ်မှုစနစ်ကောင်းအဖြစ် ပြုပြင်**

ယင်းဦးစားပေးကဏ္ဍကြီး(၃)ခုကို အကောင်အထည်ဖော်ရန်အတွက် ဦးစားပေးလုပ်ငန်းနယ်ပယ်များ၊ ရေတိုရေရှည်မျှော်မှန်းချက်များ၊ အသေးစိတ်လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန် အကြံပေးအဖွဲ့များ ၊ ပြည်နယ်/တိုင်း၊ ခရိုင် အုပ်ချုပ်ရေးမှူးများ၊ ထွေအုပ်ဝန်ထမ်းဟောင်းများအသင်းနှင့် ဆက်စပ်ပညာရှင်များ ပါဝင်သည့် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဩဂုတ်တတိယအပတ် သို့မဟုတ် နောက်ဆုံးအပတ်တွင် ကျင်းပသွားရန်လည်းရှိပါကြောင်း၊ အဆိုပါ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲတွင် အုပ်ချုပ်မှုစနစ်ကောင်းအဖြစ် ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် ဖြေလျှော့ပေးနိုင်မည့် လုပ်ထုံးလုပ်နည်းများ၊ ပွင့်လင်းမြင်သာသည့် စီမံခန့်ခွဲမှုစနစ်များ၊ ဝန်ဆောင်မှုစနစ်များ၊ ထိရောက်အကျိုးရှိသည့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို ရေတို၊ ရေရှည် အချိန်ကာလသတ်မှတ်ပြီး ဆောင်ရွက်သွားကြမည်ဆိုသည့် ရလဒ်ကောင်းများ ထွက်ပေါ်လာရန် ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း။

ထို့အပြင် "ပြည်သူကိုဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရားတည်ဆောက်ရေးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အဓိကမျှော်မှန်းချက် (Vision) အဖြစ် သတ်မှတ်ထားပြီး ဖြစ်ပါကြောင်း၊ မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း သင့်မြတ်ရေးနှင့် သဟဇာတဖြစ်ရေးကိုလည်း အဓိကအထောက်အကူပေးနိုင်သည့်ဌာနကြီး ဖြစ်သကဲ့သို့ ပဋိပက္ခများကို ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက်လည်း အရေးကြီးသည့်ဌာနကြီးတစ်ခု ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတော်၏ အုပ်ချုပ်မှုအဆင့်ဆင့်တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကိစ္စရပ်များကို စီမံဆောင်ရွက်နေရသည့်အပြင် အခြားအစိုးရဌာနများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေရသည့် အဓိကဌာနတစ်ခုဖြစ်သည့်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်ပြည့်ဝရေးသည် အရေးအကြီးဆုံးဖြစ်သည်ကို မိမိအနေဖြင့် အလေးအနက်ပြောကြားလိုပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးနေသည့် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (Institute of Development Administration-IDA) အဆင့်မြှင့်တင်နိုင်ရေးကို ဦးစားပေးဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

**နိုင်ငံခြားပညာတော်သင်များ စေလွှတ်**

ထိုသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းကို အဆင့်မြှင့်တင်နိုင်ရန်အတွက် (IDA) သင်တန်းကျောင်းအဆင့်မြှင့်တင်ရေး ကော်မတီဖွဲ့စည်းဆောင်ရွက်သွားရန်လည်း စီစဉ်နေပါကြောင်း၊ ယင်းကော်မတီ၏ ဦးဆောင်မှုဖြင့် သင်တန်းကျောင်းဖွဲ့စည်းပုံကို ပြင်ဆင်တိုးချဲ့ရန်၊ ခေတ်စနစ်နှင့်ကိုက်ညီသည့် သင်ရိုးညွှန်းတမ်း သင်ကြားရေးစနစ်များ ပြောင်းလဲနိုင်ရန်၊ IT နည်းပညာအသုံးပြုသင်ကြားရေးစနစ်ကို အကောင်အထည်ဖော်နိုင်ရန်၊ ကျောင်းအုပ်ချုပ်မှုစနစ် သင်ကြားမှုပုံစံများကို ပြုပြင်ပြောင်းလဲသွားရန်လည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ စွမ်းဆောင်ရည်ပြည့်ဝ၍ အရည်အချင်းမြင့်မားစေရန် နိုင်ငံခြားပညာတော်သင်များကို ဌာနအစီအစဉ်နှင့် စေလွှတ်နိုင်အောင် ဆောင်ရွက်နေပါကြောင်း၊ ပထမအဆင့်အနေနှင့် အလယ်အလတ် အရာထမ်းဝန်ထမ်း ၁၀၀ ကို ဂျပန်နိုင်ငံတွင် ရက်သတ္တနှစ်ပတ် သို့မဟုတ် သုံးပတ်ကြာဖွင့်လှစ်မည့် ကာလတိုသင်တန်းများသို့ ငါးသုတ်ခွဲပြီး စေလွှတ်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ နောင်တွင် ဝန်ထမ်းအဆင့်အလိုက် ကာလတို ကာလလတ်သင်တန်းများကိုလည်း ထပ်မံစေလွှတ်သွားရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် တတိယ သုံးလတာကာလတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်း တင်ပြအတည်ပြုချက်ရရှိပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်(၁)အနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားအားလုံးမဲပေးနိုင်ရေး၊ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး၊ မဲစာရင်းတိကျမှန်ကန်စေရေးတို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အခြေခံလူဦးရေစာရင်းကောက်ယူခြင်းကို သုံးလအတွင်း ပြီးစီးအောင် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်(၂) အနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်မှ ဖြေရှင်းဆောင်ရွက်ရမည့် အမှုတွဲများကို သတ်မှတ်ကာလအလိုက် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်(၃)အနေဖြင့် OSS ရုံးများ အရည်အသွေးမြှင့်တင်နိုင်ရေး၊ ဝန်ဆောင်မှုစနစ်ကောင်းများ ဖော်ဆောင်နိုင်ရေး၊ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးနိုင်ရေးနှင့် Mobile OSS အဖွဲ့များဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်(၄)အနေဖြင့် ရပ်/ကျေး စာရေးများအား အခြေခံသင်တန်းပို့ချနိုင်ရေးနှင့် ရပ်/ကျေးအဆင့် ဝန်ထမ်းလက်စွဲစာအုပ် ပြုစုဖြန့်ဝေနိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာတည်ဆောက်**

ထို့ကြောင့် တတိယသုံးလတာကာလတွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အဓိက တာဝန်ယူဆောင်ရွက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအနေဖြင့် အင်တိုက်အားတိုက် အောင်မြင်အောင် ဆောင်ရွက်ပေးကြရန် အလေးအနက်ထားတိုက်တွန်းလိုပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် ပြည်သူကို ဗဟိုပြုသည့် အုပ်ချုပ်ရေးစနစ်ကောင်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် အကောင်အထည်ပေါ် အောင်မြင်အောင် စံနမူနာပြဆောင်ရွက်ပေးကြပါ၊ ကိုယ်ကျိုးစီးပွားနှင့် အဂတိတရားကင်းစင်အောင် စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာတည်ဆောက်ကြပါ၊ ပြည်သူနှင့် တစ်သားတည်း ရပ်တည်ဆောင်ရွက်ကြပါ၊ ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**

# သက်ကြီးဆရာဝန်များစင်တာ၌ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရှုထောင့်နှင့်ပတ်သက်သည့် ဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်မြို့ တာမွေမြို့နယ် တောင်မြင်းပြိုင်ကွင်းလမ်းရှိ သက်ကြီးဆရာဝန်များစင်တာ၌ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရှုထောင့်နှင့် ပတ်သက်သည့် ဟောပြောပွဲတစ်ရပ်ကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် ဥပဒေပါမောက္ခတစ်ဦးဖြစ်သူ ဒေါက်တာမြင့်ဇံက လွန်စွာနာမကျန်းဖြစ်နေသည့် လူနာကို ဆေးပညာနည်းမျိုးစုံဖြင့် အသက်ဆက်ရန် ပြုလုပ်မှုများကို ရပ်ဆိုင်းသင့်၊ မရပ်ဆိုင်းသင့်အကြောင်းနှင့် ပတ်သက်၍ နိုင်ငံခြားတရားရုံးများမှ ဥပဒေဆိုင်ရာ ဆုံးဖြတ်ချက်အချို့ကို ကောက်နုတ်ဟောပြောခဲ့သည်။

"လူတစ်ယောက်က ထိခိုက်မှုတစ်စုံတစ်ရာကြောင့် သော်လည်းကောင်း၊ အကြောင်းအရာတစ်ခုခုကြောင့် သော်လည်းကောင်း ဦးနှောက်ကတော့ အသက်ရှင်ကျန်နေတယ်၊ နာကျင်မှုလည်း တစ်ခါတလေ ခံစားနိုင်တယ်။ ဒါပေမယ့် စကားမပြောနိုင်ဘူး။ မလှုပ်နိုင်ဘူး။ မျက်စိလောက်ပဲ လှုပ်နိုင်မယ်။ အဲဒီလို အခြေအနေမျိုးမှာ ကြိုတင်ပြောဆိုချက်မရှိဘူးဆိုရင် သူ့ကိုတပ်ထားတဲ့ အစာပိုက်တွေ၊ အသက်ရှူပိုက်တွေကို သူ့မိသားစုက တောင်းဆိုခဲ့လို့ရှိရင် ဖြုတ်သင့် မဖြုတ်သင့်ဆိုတာ နိုင်ငံခြားတရားရုံးတွေမှာ လွန်ခဲ့တဲ့ ၂၅ နှစ်ကျော်လောက်ကတည်းက ဖြစ်ခဲ့တာ အများကြီးရှိတယ်" ဟု ဒေါက်တာမြင့်ဇံက ပြောကြားသည်။

အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ပနိုင်ငံတရားရုံးများတွင် ကျင့်သုံးသော ဥပဒေဆိုင်ရာ ကောက်ချက်၊ ဒဿနဗေဒဆိုင်ရာကောက်ချက်၊ လူမှုရေးဆိုင်ရာကောက်ချက်များအကြောင်းကိုလည်း ဆွေးနွေးဟောပြောခဲ့သည်။

မြန်မာနိုင်ငံတွင် ထိုသို့ အမှုအခင်းဖြစ်လောက်သည်အထိ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ မပေါ်ပေါက်သေးသော်လည်း ယင်းနှင့်ပတ်သက်၍ ဥပဒေကောက်ချက်များ၊ လူမှုရေးဆိုင်ရာ ပြဿနာအခက်အခဲများသည် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့်အတွက် ကြိုတင်ဆွေးနွေးထားသင့်ကြောင်း ၎င်းက ပြောကြားသည်။ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့၌ လူနာတစ်ယောက်၏ ကြိုတင်ညွှန်ကြားချက်ကို ၎င်းမေ့မြောသွားသည့်အခါ သာမန်အားဖြင့် ဆရာဝန်များအနေဖြင့် လိုက်နာသင့်ကြောင်း တရားရုံးများက ဆုံးဖြတ်သည်ဟု သိရသည်။

သက်ကြီးဆရာဝန်များ စင်တာအား အသက် ၇၀ ကျော် ဆရာဝန်များ နေမကောင်းဖြစ်ပါက ကူညီထောက်ပံ့နိုင်ရန်အတွက် ထူထောင်ထားခြင်းဖြစ်သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

❊ *ရှေ့ဖုံးမှ*

ပြင်ဆင်သည့်လုပ်ငန်းစဉ်နှစ်ရပ် အပြိုင်တင်သွင်းလာသည့်အခါ သီးခြားဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ဖော်ပြထားခြင်းမရှိသည့်အတွက် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်ခဲ့သည်ကို လေ့လာတွေ့ရှိရကြောင်း။

ထိုသို့ လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်ခဲ့ရာတွင် "ယင်းဥပဒေမူကြမ်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ၏ လုပ်ငန်းစဉ်များကို တစ်ပေါင်းတည်း လေ့လာစိစစ်ဆောင်ရွက်သွားရန်" ပြည်ထောင်စုလွှတ်တော်က ၂၀၁၉ ခုနှစ် မေ ၁၄ ရက်တွင် အတည်ပြုခဲ့သည်ကို လေ့လာတွေ့ရှိရကြောင်း။

ပူးပေါင်းကော်မတီဝင် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က ယခုတင်သွင်းလာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းသည် ပြင်ဆင်သည့်ဥပဒေမူကြမ်းတစ်ခု၏ ရေးထုံးနှင့်ညီညွတ်ခြင်းမရှိသည့်အတွက် လွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ဟု အကြံပြုတင်ပြခဲ့ပါကြောင်း၊ ပူးပေါင်းကော်မတီဝင် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၊ ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးချုပ်တင့်လွင်တို့က ဤဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁၂)ပါ ပြဋ္ဌာန်းချက်များ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်တွင် ဆက်လက်ဆွေးနွေး ဆောင်ရွက်သင့်သည်ဟု အကြံပြုတင်ပြခဲ့ပါကြောင်း။

ကျန်ပူးပေါင်းကော်မတီဝင်များအနေဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဦးသိန်းထွန်းက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သော ဥပဒေမူကြမ်းအပေါ် လွှတ်တော်က အဆုံးအဖြတ်ပြုခဲ့သည့် လုပ်ငန်းစဉ်များအတိုင်းသာ ဆောင်ရွက်သင့်သည်ဟု အကြံပြုတင်ပြခဲ့ကြပါကြောင်း။

သို့ဖြစ်ပါ၍ မိတ္ထီလာမဲဆန္ဒနယ် ဒေါက်တာမောင်သင်း အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦးက တင်သွင်းလာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင်



ဥပဒေကြမ်းပူးပေါင်းကော်မတီ
တွဲဖက်အတွင်းရေးမှူး
ဒေါက်တာ မြတ်ညဏစိုး



ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ် (၁၀)မှ
နော်လှလှစိုး

ဦးသိန်းထွန်း တင်သွင်းခဲ့သည့် ဥပဒေမူကြမ်းအပေါ် ၂၀၁၉ ခုနှစ် မေ ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည့်အတိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီက ဆက်လက်ဆောင်ရွက်မည့် ဥပဒေမူကြမ်းရေးဆွဲရေး၊ လုပ်ငန်းစဉ်များတွင် တစ်ပေါင်းတည်း ထည့်သွင်း စိစစ်ဆောင်ရွက်သင့်ပါ၍ ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က ဆုံးဖြတ်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဖတ်ကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး လွှတ်တော်နှစ်ရပ် သဘောတူညီသည့် ဥပဒေကြမ်းအဖြစ် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားကြောင်း၊ အဆိုပါ ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရေးအတွက် ပေးပို့ထားပါကြောင်းနှင့် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ သဘောထားရယူ၍ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြု

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ မြတ်ညဏစိုးက နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ သဘောထား ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း



ပြည်ထောင်စုလွှတ်တော်နာယက
ဦးတီခွန်မြတ်

ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော် နည်းဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၁/၂၀၁၉)တို့နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ နော်လှလှစိုးက လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးသည် ၁၅ ဒသမ ၄ ရာခိုင်နှုန်းသာရှိသေးသဖြင့် စိုးရိမ်ဖွယ်အနေအထားတွင် မရှိသေးသော်လည်း စာရင်းစစ်ချုပ်အစီရင်ခံစာအရ ချေးငွေအပေါ်အကျိုးအမြတ်ဖော်ဆောင်နိုင်မှု၊ ချေးငွေနှင့်ပြုလုပ်သော စီမံကိန်းများကိုကြီးကြပ်နိုင်မှု၊ ချေးငွေသက်တမ်းအတွင်းတွင် ပြီးမြောက်အောင်ဖော်ဆောင်နိုင်မှုတွင် အားနည်းမှုများရှိနေသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထပ်မံ၍ လုပ်ဆောင်ရန်ပြင်ဆင်ထားသော China Myanmar Economic Corridors တွင် ပါဝင်သော စီးပွားရေးပူးပေါင်းမှုလုပ်ငန်းများကိုဖြစ်စေ၊ BRI အစီအစဉ်ဖြင့် ပြုလုပ်မည့် ကူမင်း- မန္တလေး၊ နေပြည်တော်-ကျောက်ဖြူ-ရန်ကုန်ရထားလမ်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်စီမံကိန်းများ၊ မြို့သစ်စီမံကိန်းများ၊ စွမ်းအင်စီမံကိန်းများတွင် ကြိုတင်စိစစ်ခြင်း အစီအမံများ၊ ပတ်သက်သက်ဆိုင်သူများနှင့် ကြိုတင်ဆွေးနွေးခြင်းများ၊ မဟာဗျူဟာမြောက် သဘာဝဝန်းကျင်နှင့် လူမှုဝန်းကျင်စစ်တမ်းများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ၊ ငြိမ်းချမ်းရေးအတွက် ထည့်သွင်းစဉ်းစားချက်များကို စီးပွားရေးတွက်ခြေကိုက်မှု ဆန်းစစ်ချက်များနှင့်အတူ လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

## အကြွေးဆိုသည်မှာ လုပ်ငန်းအရှိန်အဟုန်တက်နေသူအတွက် လုပ်ငန်းတိုးချဲ့ရန် မဖြစ်မနေအရေးကြီးသကဲ့သို့ ဖွံ့ဖြိုးရန် တာစူနေသော မြန်မာနိုင်ငံအတွက် စနစ်တကျ အသုံးချရန် အရေးကြီး

သို့ဖြစ်ပါ၍ အကြွေးဆိုသည်မှာ လုပ်ငန်းအရှိန်အဟုန်တက်နေသူအတွက် လုပ်ငန်းတိုးချဲ့ရန် မဖြစ်မနေအရေးကြီးသကဲ့သို့ ဖွံ့ဖြိုးရန် တာစူနေသော မြန်မာနိုင်ငံအတွက် စနစ်တကျ အသုံးချရန် အရေးကြီးပါကြောင်း ဆွေးနွေးသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို က စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ကြီးဌာနအသီးသီးကို သက်ဆိုင်ရာဘဏ္ဍာနှစ်မကုန်မီ ပိုလျှံငွေများ ပြန်လည်အပ်နှံရန် နှစ်ကြိမ်ခန့် နှိုးဆော်ခဲ့သည်ဟု သိရပါကြောင်း၊ နှိုးဆော်ခဲ့သော်လည်း ဌာနများအနေဖြင့် ညွှန်ကြားချက်ကို တိကျစွာလိုက်နာမှု အားနည်းသည်ကို တွေ့ရပါကြောင်း၊ ယင်းအားနည်းမှုများသည် ယခင်နှစ်အဆက်ဆက်မှ ယခုအချိန်ထိ ရှိနေခြင်းဖြစ်ပါကြောင်း၊ ပိုလျှံငွေများအား နောက်ကျစွာ ပြန်အပ်သည့်အထဲတွင် ဖြည့်စွက် ရန်ပုံငွေမှ ပြန်လည်အပ်နှံမှုသည် အဆိုးဆုံးဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးစည်းမျဉ်းများအရသော်လည်းကောင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရသော်လည်းကောင်း၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသည့်ဌာနများအနေဖြင့် တောင်းခံငွေကို ကုန်စင်အောင်သုံးစွဲရမည်ဖြစ်သော်လည်း တောင်းခံပြီး မသုံးစွဲဖြစ်၍ ပြန်လည်အပ်နှံသည်ဆိုသည်မှာ လုပ်ထုံးလုပ်နည်း ဥပဒေများကို ချိုးဖောက်သည်ဟု သုံးသပ်ပါကြောင်း။

ပြန်အပ်သည့် အဖွဲ့အစည်းများအနေဖြင့်လည်း သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာ အရေးယူဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြန်လည်အပ်နှံထားသည့် အဖွဲ့အစည်းများကို မှတ်သားထားပြီး လာမည့်ဘဏ္ဍာနှစ်များတွင် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံလာပါက ခွင့်ပြုသွားရန် မသင့်ပါကြောင်း ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက Private Sector နှင့် ပတ်သက်၍ ဓာတ်အားခနှုန်းထား ကုန်ကျစရိတ်ကွာဟမှုကို တင်ပြခဲ့ရာတွင် နိုင်ငံပိုင်စက်ရုံများ၏ Operation နှင့် Generation Cost အပေါ်တွင်မူတည်ပြီး ဓာတ်အားခနှုန်းထားကို တွက်ချက်ထားခြင်းဖြစ်ပြီး စီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ်မဟုတ်ဟု ယူဆရပါကြောင်း၊ စီမံကိန်းတွင်အသုံးပြုသည့် ဝန်ထမ်းများ၏ လစာများ၊ သုံးခဲ့သည့် ဘဏ္ဍာငွေများကို နိုင်ငံတော်ကို ပြန်မသွင်းရမှုများ၊ စီမံကိန်းဘတ်ဂျက်များကြောင့် ဖြစ်ပေါ်လာမည့် ငွေကြေးဖောင်းပွမှု ရာခိုင်နှုန်းများကို ထည့်သွင်းတွက်ချက်သင့်သကဲ့သို့ Private Sector ရင်းနှီးမြှုပ်နှံသူများထံမှရရှိမည့် Income Tax ၂၅ ရာခိုင်နှုန်း၊ Commercial Tax ၂၅ ရာခိုင်နှုန်းနှင့် With Holding Tax ၂ ရာခိုင်နှုန်း စသည့် အခွန်အခများကို Private Sector ရင်းနှီးမြှုပ်နှံသူများထံမှ ရရှိနိုင်ပြီး သတ်မှတ်ကာလပြီးဆုံးပါက လုပ်ငန်း၏ ရာနှုန်းပြည့်ကို နိုင်ငံတော်က ရရှိပိုင်ဆိုင်နိုင်မည်ကိုလည်း ထည့်ပြီးစဉ်းစားသင့်ပါကြောင်း။

တိုးတက်သည့်နိုင်ငံတိုင်းတွင် အစိုးရက ၁၀ ရာခိုင်နှုန်း၊ FDI က ၉၀ ရာခိုင်နှုန်းနှင့် ပါဝင်သည့် လျှပ်စစ်မူဝါဒမျိုးကျင့်သုံးသဖြင့် လက်တွေ့ကျကျ အောင်မြင်နေမှုများကို မိမိတို့ပတ်ဝန်းကျင်တွင် ရှိနေသည့်အတွက် ပြုပြင်ပြောင်းလဲရန် လိုအပ်နေပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနများကို စေတနာဖြင့် အကြံပြုတိုက်တွန်းပါကြောင်း ဆွေးနွေးသည်။


## မြို့နယ်ဘဏ်ခွဲများတွင် ဖွံ့ဖြိုးရေးချေးငွေ ဌာနခွဲများ သီးခြားဖွင့်၍ ရုံးချုပ်ရှိ ဖွံ့ဖြိုးရေးချေးငွေဌာနတို့နှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်တက်လာမည်ဖြစ်

ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်က ခေတ်မီဖွံ့ဖြိုးသည့် ဘဏ်လုပ်ငန်းများပေါ်ထွန်းရေး ရည်မှန်းချက်အတွက် JICA ၏ နည်းပညာအကူအညီကိုရယူပြီး တာဝန်ယူ၊ တာဝန်ခံမှုရှိသော ဘဏ်လုပ်ငန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း၊ မြို့နယ်ဘဏ်ခွဲများတွင် ဖွံ့ဖြိုးရေးချေးငွေ ဌာနခွဲများ သီးခြားဖွင့်၍ ရုံးချုပ်ရှိ ဖွံ့ဖြိုးရေးချေးငွေဌာနတို့နှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်တက်လာမည်ဖြစ်ပါကြောင်း။

ချေးငွေပြန်လည်ပေးဆပ်ရာတွင် အတိုးသာပေးရသည့် ဆိုင်းငံ့ကာလတစ်နှစ်ထားရှိသင့်ပါကြောင်း၊ လယ်ယာမြေပြုပြင်ခြင်း၊ မျိုးစေ့များထုတ်လုပ်ခြင်းတို့အတွက်



အုတ်တွင်းမဲဆန္ဒနယ်မှ
ဒေါ်ချိုချို



ကချင်ပြည်နယ်
မဲဆန္ဒနယ်အမှတ်(၁၁)မှ
ဒေါက်တာခွန်ဝင်းသောင်း

ကာလတိုချေးငွေ သုံးနှစ်ဆောင်ရွက်သင့်ပါကြောင်း၊ စက်ပစ္စည်းရောင်းချသည့် ကုမ္ပဏီများအား ရောင်းချမည့်စက်၏ အရည်အသွေးအာမခံမှု၊ ဝန်ဆောင်မှုစသည့် အချက်အလက်များဖြင့် ရုံးချုပ်တွင် မှတ်ပုံတင်ခြင်း၊ အရည်အချင်း ပျက်ယွင်းသူအဖြစ် သတ်မှတ်ခြင်း အစရှိသည့်လုပ်ငန်းများအပြင် စက်ယာဉ်၏ ဈေးနှုန်းများကို သင့်တော် မှုရှိ/မရှိစိစစ်ခြင်း၊ မှန်ကန်သည့် သတင်းအချက်များနှင့် ပွင့်လင်းမြင်သာစွာ ရွေးချယ်ဝယ်ယူခွင့်ရရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် အကြံပြုပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုပါ အစီရင်ခံစာများနှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခေါ်) ဒေါက်တာအားကာမိုး၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) မှ ဦးကျော်ထွေး၊ ဆိပ်ကြီး/ခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်း ဆွေ၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းတို့က ဆွေးနွေးကြသည်။

## ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန်လျာထားကြောင်း ကြေညာ

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန်လျာထားကြောင်း ကြေညာပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားလိုက်သည်။

**သတင်း- မော်စီ၊ မွှေးကြူဇင်**
**ဓာတ်ပုံ-ထိုက်ထိုက်**

# အသံတိတ်ပုစ္ဆာများကို သဘောတရားနည်းဖြင့် ဖြေရှင်းခြင်း

**အန်ကယ်ပညာ**

**တစ်ချိန်က စိတ်ကူးယဉ်ခဲ့သော ကွင်းပြင်တစ်ခုသည် ဥယျာဉ်တစ်ခုအဖြစ် အသွင်ပြောင်းလာခဲ့ပေပြီ။ ထိုအသွင်ပြောင်းကာလအတွင်း အချိန်၊ ငွေနှင့် လုပ်အားတို့ကို မြှုပ်နှံပစ်ခဲ့ရသည်။ ထိုအထဲက ပြန်မရနိုင်တော့သည်မှာ အချိန်ဖြစ်သည်။ တန်ဖိုးမဲ့သွားသည့် အချိန်များကားမဟုတ်။ ထိုအချိန်များတွင် စိုက်ပျိုးထားသည့် အပင်တို့က အသံတိတ်ပုစ္ဆာမြောက်မြားစွာကို ပေးခဲ့ကြသည်။ ထိုပုစ္ဆာများကို ဖြေရှင်းနိုင်ရန် လေ့လာရသည်။ တပည့်ခံရသည်။ လက်တွေ့လုပ်ကြည့်ရသည်။ ထိုအရာများကို မှတ်သားထားရသည်။ တစ်ဆင့်ပြန်မျှဝေရသည်။ သို့ရာတွင် ထိုမှတ်သားလေ့လာလိုက်နာဆောင်ရွက်ချက်များနှင့် ရရှိသည့်အဖြေတို့သည် တစ်သမတ်တည်းမဟုတ်သည်ကို တွေ့ရပြန်သည်။ ပုစ္ဆာတစ်ပုဒ်အတွက် ရရှိသည့်အဖြေသည် တစ်ချိန်တွင် အလားတူ ပုစ္ဆာအတွက် အဖြေမဟုတ် ပြန်တော့သည်ကို တွေ့ရသည်။**

### ထာဝစဉ်ရှင်သန်နုပျို

မှတ်သားဖူးသည့် အကြောင်းအရာတစ်ခုနှင့် ဆက်စပ်ပြောလိုပေသေးသည်။ ကိန်းဂဏန်းအတွက်အချက်တွင် ပါရမီထူးသည့် ပုဂ္ဂိုလ်တစ်ယောက်ရှိသည်။ ကိန်းဂဏန်းနှင့် သက်ဆိုင်သည့် ပုစ္ဆာမှန်သမျှ အခက်အခဲမရှိ တွက်ချက်နိုင်သည်။ လူ့လောကကြီးရှိ နေရာဌာနကဏ္ဍအသီးသီးတွင် ကိန်းဂဏန်းအတွက်အချက်နှင့် လွတ်ကင်းသည့် နေရာမရှိသလောက်ပင်ဖြစ်သည်။ သို့သော်လည်း ကိန်းဂဏန်းတို့သည် ထိုသူအတွက် လွယ်လွန်းနေသည်။ ရင်ခုန်စရာ စိန်ခေါ်မှုအဖြစ် မမြင်တော့။ ပျင်းစရာ၊ ငြီးငွေ့စရာအဖြစ် မြင်လာသည်။

သို့ရာတွင် ထိုသူသည် ဘဝတစ်လျှောက်လုံး ပျော်ရွှင်မှုကို ပေးစွမ်းနိုင်သည့် အလုပ်တစ်ခုကို ရှာဖွေတွေ့ရှိသွားသည်ဟု ဆိုသည်။ ထိုအရာမှာ အပင်စိုက်ပျိုးခြင်းဖြစ်သည်။ အပင်တို့သည် ကိန်းဂဏန်းတို့နှင့် လွတ်ကင်းသည့်အပြင် မရိုးနိုင်သော ပုစ္ဆာတို့ကို ပေးစွမ်းနေကြသည့်အရာများဟု သူသိလာသည်။ သို့အတွက် သူ့ဦးနှောက်နှင့် နှလုံးသားသည် ထာဝစဉ်ရှင်သန်နုပျိုနေသည်ဟု မြင်လာသည်။ ထို့ကြောင့် အပင်စိုက်ပျိုးခြင်းကို အသက်ထက်ဆုံးပျော်ရွှင်ကျေနပ်စွာ လုပ်ဆောင်သွားခဲ့သည်ဟု မှတ်သားဖူးပေသည်။

### အသံတိတ်ပုစ္ဆာများ

အပင်တို့သည် မရိုးနိုင်သောပုစ္ဆာတို့ကို ပေးစွမ်းနေကြသည်ဟု ဆိုခဲ့ပါသည်။ ၎င်းတို့သည် သက်ရှိများ ဖြစ်ကြသည်။ အစာနှင့် ရေတို့ကို စားသောက်၍ ရှင်သန်ကြီးထွား မျိုးဆက်ပွားကြသည်။ သက်ရှိများ၏ သဘောသဘာဝအတိုင်း အစာနှင့် ရေတို့နှင့် သက်ဆိုင်သည့် ပြဿနာများရှိကြသည်။ ရောဂါနှင့် ဖျက်ဆီးမှုများနှင့် ကြုံတွေ့ကြရသည်။ မျိုးဆက်ပွားခြင်းနှင့်ဆိုင်သည့် ကန့်သတ်ချက်များလည်း ရှိကြသည်။ အသက်ရှင်ရပ်တည်ရေးအတွက် အခြားသောသက်ရှိများ နည်းတူ လိုအပ်ချက်များ၊ အနှောင့်အယှက်များ ရှိနေကြပေသည်။

ထိုအချက်အားလုံးသည် ၎င်းတို့ ရေရှည်အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အပင်များကပေးသော ပုစ္ဆာများပင်ဖြစ်ပေသည်။ သို့ရာတွင် ထိုပုစ္ဆာတို့သည် စကားသံအဖြစ်ကားမဟုတ်၊ အသံတိတ်ပုစ္ဆာများပင် ဖြစ်လေသည်။ ထိုပုစ္ဆာတို့သည် တိမ်မယောင်နှင့် နက်၊ လွယ်မယောင်နှင့်ခက်ကြလေရာ ဖြေရှင်းရင်းနှင့် ရရှိလိုက်သည့် အဖြေတို့သည်လည်း တန်ဖိုးကြီးသည်ဟု ဆိုရပေမည်။ သို့ဖြစ်၍ ကွင်းပြင်တစ်ခုမှ ဥယျာဉ်တစ်ခုအဖြစ်သို့ အသွင်ပြောင်းစဉ်ကာလအတွင်း ကုန်ဆုံးခဲ့သည့် အချိန်များကို တန်ဖိုးမဲ့အချိန်များ မဟုတ်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

### မြေဆီမြေဩဇာဆိုင်ရာပုစ္ဆာ

မိမိစိတ်ကူးယဉ်ခဲ့သည့်အထဲတွင် စိန်တစ်လုံးသရက်လည်းပါသည်။ ကာလတစ်ခုကို ဖြတ်သန်းပြီးဖြစ်၍ အသီးခူးနေသည်မှာ သုံးနှစ်ရှိပေပြီ။ ယခုနှစ်အသီးရာသီတွင် အသီးခူးရင်း အပင်တို့ကို သတိထားမိရာ အစာအာဟာရနှင့် ရေကို တောင်းဆိုနေကြသည်ကို တွေ့ရသည်။ အစောဆုံးမိုးကျအပြီးတွင် ယူရီးယားတစ်အိတ်၊ ဖော့စဖိတ်နှစ်အိတ်နှင့် ပိုတက်ရှိတစ်အိတ်တို့ကို သမ၍ ခုနစ်နှစ်သားအပင်တို့ကို နို့ဆီဘူး တစ်ဘူးခွဲနှုန်း၊ ငါးနှစ်သားများကို တစ်ဘူးနှုန်းနှင့် လေးနှစ်သားများကို နို့ဆီဘူးဝက်နှုန်း ကျွေးလိုက်သည်။

ဤနည်းကိုမှားသည် မှန်သည်ဟု ဝေဖန်သုံးသပ်ပေးမည့်သူမှာ အပင်များပင် ဖြစ်ပေသည်။ မြေဩဇာကျွေးပြီးချိန်တွင် မိုးကလည်း ကပ်လိုက်လာသဖြင့် နှစ်ပတ်အကြာတွင် အရွက်များ အစိမ်းရင့်ရောင် ပြောင်းသွားသည်။ သုံးပတ်အကြာတွင် ရွက်နုများ ထွက်လာကြသည်။ ၎င်းတို့အလိုရှိသော အာဟာရနှင့် ရေကို ရလိုက်ကြပြီဟု နားလည်လိုက်ပါသည်။ ဤတွင် ပညာရှင်တို့က သိပ္ပံနည်းကျတွက်ချက်၍ နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်နှင့်

> **“အပင်တို့သည် မရိုးနိုင်သောပုစ္ဆာတို့ကို ပေးစွမ်းနေကြသည်ဟု ဆိုခဲ့ပါသည်။ ၎င်းတို့သည် သက်ရှိများဖြစ်ကြသည်။ အစာနှင့်ရေတို့ကို စားသောက်၍ ရှင်သန်ကြီးထွား မျိုးဆက်ပွားကြသည်။ သက်ရှိများ၏ သဘောသဘာဝအတိုင်း အစာနှင့် ရေတို့နှင့် သက်ဆိုင်သည့် ပြဿနာများရှိကြသည်။ ရောဂါနှင့် ဖျက်ဆီးမှုများနှင့် ကြုံတွေ့ကြရသည်။ မျိုးဆက်ပွားခြင်းနှင့်ဆိုင်သည့် ကန့်သတ်ချက်များလည်း ရှိကြသည်။ အသက်ရှင် ရပ်တည်ရေးအတွက် အခြားသောသက်ရှိများ နည်းတူ လိုအပ်ချက်များ၊ အနှောင့်အယှက်များရှိနေကြပေသည်”**

ပိုတက်စီယမ်တို့ကို အပင်သက်တမ်းအလိုက် ဘယ်နှကီလို၊ သဘာဝမြေဩဇာ ဘယ်နှပြည်နှုန်းကျွေးရမည်ဟု ဆိုကြ ပေလိမ့်မည်။ စိုက်ပျိုးရေးဆိုင်ရာပညာရှင်များ၏ ကောင်းမြတ်သော စေတနာပင် ဖြစ်ပါသည်။ သို့ရာတွင် တောင်သူအများစုအနေဖြင့် ဆိုလိုရင်းကို သဘောပေါက်မလွယ်သည်လည်း ရှိနိုင်ပေသည်။

ထိုအတိုင်း အတိအကျ လိုက်ပါလုပ်ဆောင်ရန်အတွက် လိုအပ်ချက်နှင့် အခက်အခဲများလည်း ရှိပေလိမ့်မည်။ ထို့အပြင် ကုန်ကျစရိတ်ပြဿနာလည်း ရှိသေးသည်။ ကွန်ပေါင်းမြေဩဇာ တစ်အိတ်၏တန်ဖိုးသည် အထက်တွင် ဖော်ပြခဲ့သည့် တစ်မျိုးချင်း မြေဩဇာတစ်အိတ်တန်ဖိုး၏ နှစ်ဆဖြစ်နေပေသည်။ အပင်အရေအတွက်များ၍ အသုံးပြုရမည့်ပမာဏများလေ ကုန်ကျစရိတ်ကွာခြားချက်ကြီးလေဖြစ်သည်။ တစ်ဖန်ငွေကြေးတန်ဖိုးကြီးသော်လည်း အရည်အသွေး အာမခံချက်အပိုင်းတွင် ကိုယ်တိုင် စမ်းသုံးကြည့်မှ သိရမည့်သဘော ဖြစ်နေပြန်သည်။

သို့ဖြစ်၍ အထက်ပါကိုယ်တိုင် ရောစပ်အသုံးပြုခြင်းကို ပြုလုပ်လာကြလေသည်။ ဤသည်ကိုပင် အချို့သော သူတို့က ထိုသို့ရောစပ်အသုံးမပြုရဟူ၍ ကြောင်းကျိုးပြမပါဘဲ ပြောနေကြသည်ကိုတွေ့ရပြန်သည်။ ဤသို့ဆိုလျှင် ထိုဓာတ်သဘာဝပစ္စည်းတို့ကို ရောစပ်ထုတ်လုပ်ထားသည့် ကွန်ပေါင်းမြေဩဇာကို အသုံးမပြုရ ဆိုသကဲ့သို့ ရှိမည်ထင်ပါသည်။ အမှန်တကယ်လိုအပ်သည်မှာ မြေဆီမြေဩဇာနှင့် ပတ်သက်၍ တောင်သူများက အပင်တို့၏ အများလို ဓာတ်မြေဩဇာတို့၏ သဘောသဘာဝကိုသိရှိပြီး ကျွေးရမည့်အချိန်တွင် မဖြစ်မနေ ကျွေးပေးရမည် ဆိုသည့်အချက်ပင် ဖြစ်ပါသည်။ ထိုသို့ကျွေးရာတွင် အချိန်အဆ၊ အကြိမ်ရေ၊ ကျွေးလိုက်သည့် မြေဩဇာတတ်နိုင်သမျှ လေလွင့်ဆုံးရှုံးမှု မရှိစေရေးတို့အတွက် ချင့်ချိန်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

### ကိုင်းဖြတ်ခြင်းဆိုင်ရာပုစ္ဆာ

စိန်တစ်လုံးသရက်တို့ကို အပင်ပုံသွင်းရန်အတွက် လည်းကောင်း၊ ပိုးမွှားရောဂါ ကျရောက်ခြင်းမှ ကာကွယ်ရန်၊ နေရောင်နှင့် လေဝင်လေထွက် ကောင်းစေရန်၊ အပင်ပိုင်းကြီးထွားမှုကို ထိန်းချုပ်ရန်နှင့် သီးထွက်ညီ၍ အရည်အသွေးကောင်း သရက်သီးများ ရစေရန်အတွက်လည်းကောင်း ကိုင်းဖြတ်ပေးရသည်။ ထိုသို့ဖြတ်ရာတွင် အပေါ်သို့ ထောင်ထွက်နေသည့် ကိုင်းများ၊ ကိုင်းသေးကိုင်းခြောက်များ၊ ရောဂါပိုးမွှားနှင့် ကျီးပေါင်းတက်နေသော ကိုင်းများကို ရွေးဖြတ်ရသည်။ ကိုင်းဖြတ်မှ သီးသည်ဆို၍ ယခင်နှစ်သီးသည့်အပင်များကို အထက်ပါ နည်းအတိုင်း ဖြတ်ပေးရာ ဖြတ်သည့်အပင်များက ယခုနှစ်တွင် အသီးနည်း၍ မဖြတ်ဖြစ်သည့် အပင်များက သီးအားကောင်းနေသည်ကို တွေ့ရပြန်သည်။ သို့ဖြစ်၍ မည်သည်က အမှန်ဟု ဝေခွဲရန် ခက်ရပြန်သည်။ မည်သို့ဆိုစေ ပုံသွင်းရန်အတွက် ကိုင်းဖြတ်ခြင်းကိုကား လုပ်ဖြစ်နေပေသေးသည်။

### ပန်းပွင့်ချိန်ဆိုင်ရာပုစ္ဆာ

သရက်ပန်းပွင့်ချိန်သည် ဒေသတစ်ခုနှင့်တစ်ခု မတူညီပေ။ သို့ရာတွင် ဒေသတစ်ခုချင်းအလိုက် ရာသီချိန်မှန် ပွင့်တတ်ပေသည်။ ထိုရာသီချိန်တွင် မပွင့်ပါက နောက်တစ်နှစ်မှ ပန်းမြင်ရပေလိမ့်မည်။ ပန်းပွင့်ချိန်ဆိုင်ရာပုစ္ဆာသည် အထက်တွင် ဖော်ပြခဲ့သည့် မြေဆီမြေဩဇာကျွေးခြင်း၊ ကိုင်းဖြတ်ခြင်းတို့နှင့် ဆက်နွယ်နေပြန်သည်။ ဤအချက်မှာ အရေးကြီးသည့်အချက် ဖြစ်ပေသည်။ စိန်တစ်လုံးသရက်၏ အပွင့်ကိုင်းသည် အရွက်ထွက်ပြီး အနည်းဆုံး လေးလသက်တမ်းရှိမှ အပွင့်ပွင့်သည် ဆိုသည့် အချက်ပင်ဖြစ်သည်။ သို့ဖြစ်၍ ကိုင်းဖြတ်ခြင်းနှင့် အပင်အားပေးဓာတ်မြေဩဇာကျွေးခြင်းတို့ကို ပန်းပွင့်ရာသီမတိုင်မီ လေးလထက်နောက်ကျ၍ မလုပ်မိစေရန် သတိထားရပေမည်။ ထိုကာလအတွင်း ရေလည်း ဖြတ်ထားရပေမည်။

ထို့အပြင် ပန်းပွင့်ရာသီမတိုင်မီ နှစ်ပတ်အလိုတွင် ပိုတက်စီယမ်နိုက်ထရိတ် ရွက်ဖျန်းဆေးကို ဖျန်းပေးခြင်းဖြင့် အပွင့် မြိုင်မြိုင်ပွင့်သည်ကို တွေ့ရပေသည်။ ဤအချက်ကိုလည်း သရက်တောင်သူများ လုပ်ဆောင်သင့်သည်ဟု ဆိုချင်ပါသည်။ သရက်တစ်ရာသီအတွက် ပန်းပွင့်မြင်ရခြင်းသည် ပထမဆုံး မျှော်လင့်ချက်ရောင်ခြည် ဖြစ်သောကြောင့် ဖြစ်ပါသည်။ စာရေးသူအနေဖြင့် ယခုနှစ် ပန်းပွင့်ချိန်ရာသီတွင် ခရီးလွန်နေခဲ့သည်။ ခရီးမှ ပြန်ရောက်ချိန်တွင် အပွင့်များ မည်းခြောက်နေသည်ကို တွေ့ရသည်။ သရက်တောင်သူတို့၏ စကားအတိုင်းပြောရလျှင် ဒီတစ်နှစ်တော့ သွားပြန်ပြီပေါ့။ အဖူးထွက်စတွင် မှိုဆေးဖျန်းရန် ဝီရိယနည်းခဲ့သည်ကို သတိရသည်။ အချိန်နှောင်းခဲ့လေပြီ။ အပင်တိုင်းတွင် ကပ်ကျော်သီးကင်း တချို့တလေကိုသာ တွေ့ရတော့သည်။ စိတ်ပျက်လက်ပျက် လွှတ်ထားလိုက်တော့သည်။

### အသီးဆိုင်ရာပုစ္ဆာ

ထိုအချိန်တွင် တောင်သူတစ်ဦး ပြောခဲ့သည့် စကားတစ်ခွန်းကို သတိရသည်။ “ခြံထဲက ထွက်သမျှ သစ်သီးတစ်လုံး ဟင်းရွက်တစ်ချပ်ကို တန်ဖိုးထားပါ” ဟူ၍ဖြစ်သည်။ မှန်သည်ဟု ဆိုရပေမည်။ ထိုအသီး ထိုအရွက်တို့အတွက် အလုပ်လုပ်နေကြခြင်းသာဖြစ်သည်။ ရသလောက် ဆယ်တင်ကြည့်ဦးမည်ဟု စိတ်ကူးပေါက်လာသည်။ အပင်တို့ကို ပိုးသတ်ဆေး၊ မှိုဆေးဖျန်းသည်။ ကျန်သမျှအသီးတို့ကို အိတ်စွပ်လိုက်သည်။

အိတ်စွပ်ပြီးမှ အဖြေပေါ်တော့သည်။ ဤသရက်ရာသီအတွက် အသီးအရေအတွက် မည်မျှရမည်ကို သိရသည်။ အသီးခူးချိန်တွင် တစ်ပင်ချင်းစီ၏ အသီးအရေအတွက်တို့ကို မှတ်သားမိသည်။ အမြင်အားဖြင့် ကျိုးတိုးကျဲတဲ ဟု ထင်ရသော်လည်း တစ်ပင်လျှင် အလုံး ၇၀ နှင့် ၁၀၀ကြားရသည်။ အရောင်လှသည်။ အလုံးညီသည်။ ပိုးထိုးကင်းသည်။ ရောင်းပန်းလှသည်။ မိမိခြံထွက် သရက်သီးအတွက် အရွယ်၊ အရောင်အဆင်း၊ အနံ့၊ အရသာတို့အတွက် ယုံကြည်မှုအပြည့်ရှိနေသည်။

ရောင်းတန်းဝင် အရွယ်ညီ အသီးတို့ ရရှိစေရန် အပင်လတ်တစ်ပင်လျှင် အသီး ၁၀၀ ခန့် သာယူသင့်သည်ဟု အဖြေရသည်။ ထွက်သမျှ တန်ဖိုးထားရမည်ဆိုသည်ကို လက်ခံမိသည်။ အသီးတို့ကို ရောင်းပန်းလှစေရန် အိတ်စွပ်ရမည်ဟု မှတ်ယူမိသည်။ ဤသို့နှင့် စိတ်ပျက်လက်ပျက်ပစ်ထားခဲ့သည့်အခင်းမှ ခြံစရိတ်ကလေးတော့ ပြန်ရခဲ့ပေသေးသည်။ ယခုရေးသားတင်ပြခဲ့သမျှသည် ပညာရှင်တို့၏ အမြင်နှင့် သွေဖည်နေသည့်အချက်များ ရှိနိုင်ပါသည်။ ဝါသနာအရင်းခံဖြင့် စိုက်ပျိုးလုပ်နိုင်နေသူတစ်ဦး၏ ဥယျာဉ်ခြံအတွင်းက အသံတိတ်ပုစ္ဆာများကို သဘောတရားနည်းဖြင့် မည်သို့ ဖြေရှင်းနေသည်ကိုသာ မျှဝေလိုက်ခြင်း ဖြစ်ပါသည်။ ။

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**ဟိုပုံး ဩဂုတ် ၁၅**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ဒေသဦးစီးအဖွဲ့ဝင်တို့သည် ဟိုပုံးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကို ဩဂုတ် ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့ဥက္ကဋ္ဌက ဒေသအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို ဖွံ့ဖြိုးပြီးဒေသများနှင့် မဖွံ့ဖြိုးသေးသည့် ဒေသများတွင် ကွာဟချက်နည်းနိုင်သမျှ နည်းအောင် ကြိုးစားလုပ်ဆောင်နေကြောင်း၊ ပြည်သူလူထုမှ ပူးပေါင်းပါဝင်သည့် ဒေသများသည် ကျန်ဒေသများထက် ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်ကြောင်း၊ မူးယစ်ဆေးဝါးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းတားဆီးနှိမ်နင်းလျက်ရှိရာ မိမိဒေသအတွင်းရှိ လူငယ်လူရွယ်များ မပျက်စီးအောင် ထိန်းသိမ်းနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများသာမက ရပ်မိရပ်ဖများ၊ မိဘများကလည်း ပူးပေါင်းပါဝင်စေလိုကြောင်း၊ ဒေသအတွင်းမှာရှိသည့် အားနည်းချက်များ၊ မိမိ၏ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် မည်သို့အကောင်အထည်ဖော်ကြမည်ကို တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်က မြို့နယ်အတွင်း ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ပါတီများ၊ ရပ်မိရပ်ဖများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေ ရရှိရေး၊ လျှပ်စစ်မီးရရှိရေး စသည့် ဒေသလိုအပ်ချက်များကို ဆွေးနွေးကြသည်။

**ထက်ထက်(ဟိုပုံး)**




ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများတွေ့ဆုံစဉ်။

# ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

**ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားရာ၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ရာတွင် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကဏ္ဍ (လူမှုအဖွဲ့အစည်းများ ၊ ပရဟိတ၊ ကုသိုလ်ဖြစ်ဆေးခန်းများ) စသည်ဖြင့် အားလုံးဝိုင်းဝန်းဆောင်ရွက်ရခြင်းဖြစ်ပြီး ကဏ္ဍအားလုံးဖွံ့ဖြိုးတိုးတက်မှုဖြင့် လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိစေရေး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် အဆိုပါကဏ္ဍ သုံးခု အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်မှုကောင်းမွန်စေရေးကိုလည်း ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုပါကြောင်း။

**ကျန်းမာရေးနည်းဥပဒေလိုက်နာ**

ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် (၂၀၀၇)ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ၊ (၂၀၁၃) ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် (၂၀၁၅) ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ နည်းဥပဒေတို့ကို လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများကိုလည်း ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း တာဝန်ရှိသူများအနေဖြင့် သေချာစွာလေ့လာကြစေလိုပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေတွင် ပါဝင်သည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ခြင်းနှင့် အရည်အသွေး မြင့်မားရေးအတွက် အချက်များကိုလည်းကောင်း၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူတို့၏ တာဝန်ဝတ္တရားများကိုလည်းကောင်း အလေးပေးကာ လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

**လွယ်ကူလျင်မြန်ချောမွေ့စေရန်**

လက်ရှိတွင် ဝန်ကြီးဌာနမှ ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်း ၅၄၄၁ ခု၊ အထူးကုဆေးခန်း ၇၁၇ ခု၊ ဆေးရုံ ၂၄၃ ရုံ၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း ၂၂၂ ခု၊ ဓာတ်မှန်ခန်း ၁၃၇ ခုကို လိုင်စင်ခွင့်ပြုထားရှိပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်လျှောက်ထားရာတွင်လည်းကောင်း၊ သက်တမ်းတိုးရာတွင်လည်းကောင်း လွယ်ကူလျင်မြန်ချောမွေ့စေရန် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။




ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာတွင် ဆောင်ရွက်မှုများမှ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် အချက်များကို ရွေးချယ်ရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ကိုယ်တိုင် လူနာများ၏ နေရာရှုထောင့်မှ စဉ်းစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**ကျင့်ဝတ်များနှင့် ညီညွတ်သော**

မြန်မာနိုင်ငံ ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍကြီး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံအတွင်း အရည်အသွေးပြည့်ဝ၍ ကျင့်ဝတ်များနှင့် ညီညွတ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးတို့ကို အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကဆေးရုံများအသင်း (အောက်မြန်မာပြည်)မှ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များက အသင်း၏ကိုယ်စား ရေဘေးအန္တရာယ်ကျရောက်ရာ နေရာဒေသများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံခဲ့သည်။

**သတင်းစဉ်**

# ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း)နှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း)၏(၂/၂၀၁၉) လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏(၂/၂၀၁၉)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း စိစစ်ပေး**

အစည်းအဝေးတွင် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဝန်ကြီးဌာန၏ ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း) သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ရန်ပုံငွေလျာထားနိုင်ရေးအတွက် စိစစ်ပေးခြင်းနှင့် တည်ဆောက်ဆဲ ဘတ်ဂျက်ကာလတွင် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းဆိုင်ရာများကို စိစစ်ပေးလျက်ရှိပါကြောင်း။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စု(ငွေလုံးငွေရင်း) တည်ဆောက်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ လွှတ်တော်အသီးသီးမှ စိစစ်ပြီး ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအဖြစ် ထွက်ရှိလာမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း)သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် တည်ဆောက်ရေးအပိုင်းဆိုင်ရာလုပ်ငန်းများကို တင်ပြရာ၌ လုပ်ငန်းနှင့် ငွေပမာဏကိုက်ညီမှုရှိ၊ မရှိ စိစစ်ပေးရသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ ရေးဆွဲတင်ပြခြင်းနှင့် ရန်ပုံငွေများလွှဲပြောင်းသုံးစွဲခြင်းတို့တွင် ဆီလျော်သော ငွေပမာဏနှင့်တင်ပြရန် လိုအပ်ပါကြောင်း၊ ငွေပမာဏများခဲ့ပါက နိုင်ငံတော်ဘဏ္ဍာအတွက် ထိခိုက်နိုင်မှုရှိသကဲ့သို့ လိုအပ်သည်ထက် လျော့နည်းလျှင်လည်း အရည်အသွေးမပြည့်မီသော တည်ဆောက်ရေးလုပ်ငန်းများ ဖြစ်စေနိုင်ပါကြောင်း၊ ထို့ကြောင့် သုံးစွဲသူပြည်သူများအတွက် အရည်အသွေးကောင်း၍ လုံခြုံစိတ်ချရသော အခြေခံအဆောက်အအုံများရရှိပြီး အကျိုးရှိထိရောက်သည့် သုံးစွဲမှုဖြစ်အောင် ဦးတည်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အလေးထား**

တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)ကို လိုက်နာဆောင်ရွက်ရန် အလေးထားမှာကြားလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီများသည် နယ်မြေအခြေအနေကိုသိရှိပြီး တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်ဖြစ်သော အဆိုပြုတင်ပြသည့်နေရာများ စိစစ်ရေး၊ ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ရာတွင် သုံးစွဲသည့်ပစ္စည်းအရည်အသွေးနှင့် ဈေးနှုန်းများမှန်ကန်မှုရှိ၊ မရှိ စိစစ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ နေရာဒေသပတ်ဝန်းကျင်အခြေအနေနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ရေးတို့ကို ကွင်းဆင်းစစ်ဆေးနိုင်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း)နှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်ပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်လုပ်ငန်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**တည်ဆောက်ရေးလုပ်ငန်းများ စိစစ်**

ထို့နောက် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအတွင်းရေးမှူး အဆောက်အဦ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော်က ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်က တည်ဆောက်ရေးလုပ်ငန်းများ လိုက်နာရမည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း)၏(၂/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ (၂/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

# ရေဘေးရှောင်ပြည်သူများအတွက် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းငါးခုက ငွေကျပ်သိန်း ၅၆၀ လှူဒါန်း

**မန္တလေး ဩဂုတ် ၁၅**

မွန်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာခဲ့မှုကြောင့် သဘာဝဘေးသင့်ခဲ့သည့် ရေဘေးရှောင်ပြည်သူလူထုများအတွက် မန္တလေးတိုင်းဒေသကြီးမှ စေတနာရှင်လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း ငါးခုက ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ယမန်နေ့က ပြုလုပ်ခဲ့သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

အဆိုပါလှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)က ငွေကျပ်သိန်း ၁၁၀၊ မေတ္တာကမာပရဟိတ ကွန်ရက်က ငွေကျပ် သိန်း ၂၅၀၊ ခိုင်မာသောပန်းတိုင် ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် သိန်း ၁၅၀၊ မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၂၀ နှင့် ယင်းအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းစိုးမိသားစုက ငွေကျပ်သိန်း ၃၀ တို့ကို လှူဒါန်းကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

**အောင်စံမောင်**

# တနင်္သာရီမြစ်ရေကြီးမှုကြောင့် ပိတ်ထားသည့်ကျောင်း ၄၄ ကျောင်းရှိ

**တနင်္သာရီ ဩဂုတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာမှုကြောင့် တနင်္သာရီမြစ်ရေကြီးလျက်ရှိနေသဖြင့် မြို့နယ်အတွင်း အနိမ့်ပိုင်းကျေးရွာများရှိ စာသင်ကျောင်းများအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်နေရာများမှာ မြစ်ရေဝင်ရောက်နေ၍ ကျောင်းသူ ကျောင်းသားများ ရေဘေးအန္တရာယ်မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်သောအားဖြင့် ဩဂုတ် ၁၃ ရက်တွင် အခြေခံပညာကျောင်း ရှစ်ကျောင်းကို ထပ်မံပိတ်လိုက်ရသဖြင့်ယခုအခါယာယီပိတ်ထားရသော အခြေခံပညာကျောင်း စုစုပေါင်းမှာ ၄၄ ကျောင်းရှိပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(မြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအတွက် ပညာရေးဝန်ကြီးဌာနနှင့် ကုမ္ပဏီများက အလှူငွေများလာရောက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံရသည့်ဒေသများအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုကဲ့သို့ လာရောက်လှူဒါန်းကြရာတွင် ယနေ့နံနက်ပိုင်းက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဝန်ထမ်းမိသားစုများက အလှူငွေကျပ် ၃၀၀၀၀၀၀၊ GBG Industry Co.,Ltd က အလှူငွေကျပ် ၃၀၀၀၀၀၀၊ မြန်မာပိတောက်ကုမ္ပဏီနှင့် ဝန်ထမ်းမိသားစုတို့က အလှူငွေကျပ် ၁၅၀၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဝန်ထမ်းမိသားစုများက ရေဘေးအတွက် လှူဒါန်းသည့် အလှူငွေများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လက်ခံယူစဉ်။ သတင်းစဉ်

# မြန်မာ့စီးပွားရေး ၂၀၂၀ ပြည့်နှစ်အစီရင်ခံစာတွင် စီးပွားရေးဆိုင်ရာမူဝါဒများဖြေလျှော့နိုင်ရန် အချက်များဖော်ပြထားကြောင်း အောက်စဖို့ဒ်စီးပွားရေးဆိုင်ရာသုတေသနလုပ်ငန်းသတင်းထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးအတွက် စီးပွားရေးနှင့်ပတ်သက်သည့် သုတေသန အချက်အလက်များနှင့် အကြံပြုချက်များကို နှစ်စဉ်ထုတ်ဝေလျက်ရှိသည့် အောက်စဖို့ဒ်စီးပွားရေးလုပ်ငန်းစုမှ လာမည့် ၂၀၂၀ အစီရင်ခံစာအတွင်း နိုင်ငံတကာမှ ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် အကောင်းဆုံးနိုင်ငံအဖြစ် မြန်မာနိုင်ငံက ရပ်တည်လာနိုင်စေရေးအတွက် ကြိုးပမ်းအားထုတ်နေမှုများနှင့် ဖွံ့ဖြိုးဆဲဈေးကွက်တစ်ခုဖြစ်သော မြန်မာနိုင်ငံအတွင်း ဖော်ထုတ်ရန် ကျန်ရှိနေသေးသည့် များပြားလှသော အခွင့်အလမ်းများကို အစီရင်ခံစာအတွင်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း ဩဂုတ် ၁၄ ရက်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါအစီရင်ခံစာကို အောက်စဖို့ဒ်စီးပွားရေးလုပ်ငန်းစုဖြစ်သည့် OBG နှင့် The American Chamber of Commerce (AMCHAM) တို့က ပထမဆုံးအကြိမ်အဖြစ် နားလည်မှုစာချွန်လွှာကိုလည်း လက်မှတ်ရေးထိုးထားပြီး မကြာမီထွက်ရှိမည့် မြန်မာ့စီးပွားရေး ၂၀၂၀ အစီရင်ခံစာအတွက် သုတေသန ပြုလုပ်မှုပိုင်းဆိုင်ရာနှင့် ထုတ်ဝေမှုဆိုင်ရာများတွင် ကူညီပေးသွားရန် သဘောတူညီမှုရရှိထားပြီးဖြစ်သည်။

Myanmar 2020 အစီရင်ခံစာသည် စီးပွားရေးဆိုင်ရာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အရေးပါသည့် ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုဆွဲဆောင်နိုင်ရန် ကြိုးပမ်းနေမှုများ အကြောင်းကိုလည်း အသေးစိတ်လေ့လာဖော်ပြသွားမည်ဟု အဆိုပါလုပ်ငန်းစုမှ သိရှိရသည်။

ရွေးကောက်ပွဲပိုမိုနီးကပ်လာသော်လည်း ပိုမိုအားကောင်းလာနေသည့် နိုင်ငံ၏ မူဝါဒဖြေလျှော့မှုဆိုင်ရာ ကြိုးပမ်းမှုများ၏ နောက်ဆုံးရအကြောင်းများပါဝင်မည်ဖြစ်ပြီး နိုင်ငံတကာမှ ကုမ္ပဏီများအား စတင်ဝင်ရောက်လုပ်ကိုင်ခွင့်ပေးသည့်အတွက် မကြာမီဖြစ်ပေါ်ရန် တာစူနေသည့် လုပ်ငန်းပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပြင် အရှိန်ရလာသည့် မြန်မာ့အာမခံကဏ္ဍနှင့်ပတ်သက်၍လည်း အသေးစိတ်အချက်အလက်များ ပါဝင်မည်ဖြစ်ကြောင်း အစီရင်ခံစာနှင့်ပတ်သက်သည့် သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။




"ပုဂ္ဂလိကကဏ္ဍရဲ့ ပါဝင်မှုကို မြှင့်တင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်တာကြောင့် ဒီကာလတွေဟာ မြန်မာနိုင်ငံအတွက် စိတ်လှုပ်ရှားဖွယ်ကာလဖြစ်ပါတယ်" ဟု AMCHAM Myanmar ၏ အမှုဆောင် ဒါရိုက်တာဖြစ်သူ Zara Dang က ပြောကြားသည်။

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်တွင် မည်သို့ပူးပေါင်းလုပ်ကိုင်နိုင်မည်ဆိုသည်ကို ပိုမိုသိရှိလိုသည့် လုပ်ငန်းများ၊ အဖွဲ့အစည်းများအတွက် ပြည်တွင်းအခွင့်အလမ်းများအား ရှာဖွေဖော်ထုတ်နိုင်ရန် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ရကြောင်း Zara Dang က ဆိုထားသည်။

တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ပတ်သက်၍ အားလုံးက စိုးရိမ်နေခြင်းသည် မြန်မာနိုင်ငံတွင် အချို့အလားအလာရှိ မိတ်ဖက်စီးပွားရေး လုပ်ငန်းများအတွက် ဆွဲဆောင်မှုကောင်းသော ရင်းနှီးမြှုပ်နှံရာနေရာနှင့် ထုတ်လုပ်မှုအခြေစိုက်နေရာအဖြစ် ရပ်တည်စေနိုင်ကြောင်းကိုလည်း OBG ၏ဌာနေတာဝန်ခံ Mila Dimitrova က သတင်းထုတ်ပြန်ချက်အတွင်း ထည့်သွင်းထားပြီး ယင်းသည် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်းက စိတ်ဝင်စားမှုမြင့်မားစေကာ နိုင်ငံတစ်ဝန်းတွင် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများ ပိုမိုခြေလှမ်းစိပ်လာခြင်းကလည်း ယုံကြည်စိတ်ချရသည့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုရရှိရန် လိုအပ်လာခြင်းကို ဖော်ပြကြောင်း ၎င်းက ပြောသည်။

အဆိုပါအစီရင်ခံစာတွင် OBG မှ သုတေသနအဖွဲ့ ၁၂ လကျော် ပြုလုပ်ထားသည့် လေ့လာဆန်းစစ်ချက်များ ပါဝင်မည်ဖြစ်ကာ Macroeconomics အခြေခံအဆောက်အအုံ၊ ဘဏ်လုပ်ငန်း အပါအဝင် ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများ၊ စီးပွားရေးကဏ္ဍတစ်ခုလုံး၏ ဦးတည်ချက်နှင့် ခန့်မှန်းချက်များကိုလည်း ထည့်သွင်းထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီရင်ခံစာတွင် အများပြည်သူပိုင်နှင့် ပုဂ္ဂလိကလုပ်ငန်းများမှ ကိုယ်စားလှယ်များကလည်း ပူးပေါင်းပါဝင်ကူညီထားကြောင်း သိရသည်။

The Report: Myanmar 2020 အစီရင်ခံစာကို OBG က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ပုဂ္ဂလိကကဏ္ဍများမှ မိတ်ဖက်လုပ်ငန်းများနှင့် ပူးတွဲထုတ်ပြန်မှုကို မကြာမီပြုလုပ်သွားရန်ရှိကြောင်း သိရှိရသည်။

**ခင်ရတနာ**

**ဓာတ်ပုံ-Ying Thiri Sandar**

## ဘီးလင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ပြန်လည်ထုတ်ချေးပေး

**ဘီးလင်း ဩဂုတ် ၁၅**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေရေးရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေပဉ္စမအကြိမ် ပြန်လည်ထုတ်ချေးပေးခြင်းကို ဘီးလင်းမြို့နယ် ကြိမ်ဖန်ကျေးရွာ၌ ဩဂုတ်လဒုတိယပတ်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျေးရွာတာဝန်ခံ (အငယ်တန်းအင်ဂျင်နီယာ-၂) ဒေါ်မိဝတ်ရည်မွန်က မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေစနစ်တကျရှိရေးနှင့် အမှားအယွင်းများ မဖြစ်ပေါ်စေရေးနှင့် စီမံကိန်း၏ အကျိုးကျေးဇူးများကို ရှင်းပြသည်။ ထို့နောက် ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီများက အသင်းသူ အသင်းသား ၁၁၀ အား မြစိမ်းရောင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉၃ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (United League of Arakan)

# ULA / AA အဖွဲ့ဝင်များအား ဥပဒေနှင့်အညီ အမှုဖွင့်တရားစွဲဆိုထား

**နေပြည်တော် ဩဂုတ် ၁၅**

စင်ကာပူနိုင်ငံ၌ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (United League of Arakan) ULA / AA အဖွဲ့များ ဖွဲ့စည်း၍ ပြည်တွင်း၌ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသည့် ULA/AA အဖွဲ့ကိုငွေကြေးပစ္စည်း၊ သတင်းအချက်အလက်များ ထောက်ပံ့ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်သူကိုးဦးအား ဥပဒေနှင့်အညီ အမှုဖွင့်လှစ်ထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

စင်ကာပူနိုင်ငံ၌ ဧပြီ ၇ ရက်တွင် ULA/ AA (စင်ကာပူ) တာဝန်ခံ အောင်မြတ်ကျော်(ခ) ထွန်းအောင်နိုင် ဦးစီး၍ ULA / AA (စင်ကာပူ) အဖွဲ့ဝင်များနှင့် ထောက်ခံအားပေးသူများက မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် ULA/ AA အဖွဲ့၏ ၁၀ နှစ်ပြည့် အခမ်းအနားကို သက်ဆိုင်ရာအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ကျင်းပခဲ့သည့်အပြင် စင်ကာပူနိုင်ငံ၌ အလုပ်လုပ်ကိုင်နေသည့် ရခိုင်တိုင်းရင်းသားများအား စည်းရုံး၍ ငွေကြေးကောက်ခံပြီး AA အဖွဲ့ကို ထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် စင်ကာပူနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၁၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ပြီး စင်ကာပူနိုင်ငံမှ ပြည်နှင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ULA/AA (စင်ကာပူ) တာဝန်ခံ အောင်မြတ်ကျော် (ခ) ထွန်းအောင်နိုင်နှင့် ပြည်နှင်ခြင်းခံရသူများအပါအဝင် ဆက်စပ်ပတ်သက်သူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဇူလိုင် ၁၂ ရက်တွင် ဥပဒေနှင့်အညီ ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း။

စစ်ကြောဖော်ထုတ်ချက်များအရ ULA/AA(စင်ကာပူ) အဖွဲ့ကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် AA အဖွဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်၏ ညီဖြစ်သူ အောင်မြတ်ကျော် (ခ) ထွန်းအောင်နိုင်ဦးစီး၍ ထွန်းအေး၊ သန်းထွန်းနိုင်၊ စိုးစိုးတို့လေးဦးက ဦးဆောင်ဖွဲ့စည်းခဲ့ကြောင်း၊ ULA/ AA (စင်ကာပူ)အဖွဲ့သည် ULA/ AA ဌာနချုပ်အား ထောက်ပံ့မှုပြုလုပ်နိုင်ရေးအတွက် ငွေကြေးကောက်ခံထည့်ဝင်ခဲ့ကြောင်း၊ ULA/ AA ဌာနချုပ်သို့ Drone ကင်မရာ၊ ကွန်ပျူတာများနှင့် နည်းပညာဆိုင်ရာ အထောက်အကူပစ္စည်းများကို စင်ကာပူမှ ဝယ်ယူ၍ AA မိသားစုဝင်များနှင့် ၎င်းတို့ကို ထောက်ခံအားပေးသော မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ မင်းပြားမြို့နယ်တို့မှ ဘုန်းကြီးကျောင်း အချို့သို့ ပေးပို့ထောက်ပံ့ခဲ့ကြောင်း။

ULA / AA ၏ ဝါဒဖြန့်ချိရေး လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ulanews.com ကို အောင်မြတ်ကျော်က တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်တွင်းပြည်ပမှ လှုပ်ရှားမှုသတင်းများကို အချိန်နှင့် တစ်ပြေးညီ ဖြန့်ဝေရန် WhatsApp application ကို အသုံးပြု၍ BB (Blooded Brother) Groups အမည်ဖြင့်လည်းကောင်း၊ ULA/ AA World Viber Group အမည်ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ကြကြောင်း။

ULA/AA (စင်ကာပူ)အဖွဲ့သည် AA အဖွဲ့သို့ ပြည်တွင်းပြည်ပမှ ဝင်ရောက်လိုသူများအား စည်းရုံးကာ လိုင်ဇာရှိ AA ဌာနချုပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း။

၂၀၁၇ ခုနှစ် ဧပြီလမှ စတင်၍ စင်ကာပူရောက် ရခိုင်တိုင်းရင်းသားများကို စည်းရုံးကာ ULA / AA အဖွဲ့၏ ဖွဲ့စည်းခြင်း နှစ်ပတ်လည်အခမ်းအနားများ ကျင်းပခြင်း၊ ရခိုင့်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးခြင်းအခမ်းအနားများ ကျင်းပခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ အခမ်းအနားများတွင် ထွန်းမြတ်နိုင်က Skype Application ကို အသုံးပြု၍ Live Video ဖြင့် မိန့်ခွန်းပြောကြားခဲ့ကြောင်း။

၂၀၁၇ ခုနှစ်တွင် စင်ကာပူ၌ ရခိုင့်နိုင်ငံတော်အာဏာကျဆုံးခြင်း အခမ်းအနားကျင်းပစဉ် ထိုင်းနိုင်ငံ ULA / AA အဖွဲ့၏ တာဝန်ခံဖြစ်သူ အေးထွန်း (ခ) ထွန်းမင်းနိုင်၊ AA အဖွဲ့မှ ကျော်ဟန်အပါအဝင် ပြည်တွင်းမှ ရခိုင်တိုင်းရင်းသား စာရေးဆရာအချို့ လာရောက်စည်းရုံးဟောပြောခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအစိုးရနှင့် မြန်မာ့တပ်မတော်အား ဆန့်ကျင်သည့် ဖျော်ဖြေသရုပ်ပြမှုများ ပြုလုပ်ခဲ့ကြောင်း၊ AASG (Arakan Association Singapore) ကိုလည်း စင်ကာပူနိုင်ငံ၌ ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ် ဧပြီလတွင် ဥက္ကဋ္ဌအဖြစ် ဟိန်းဇော်၊ ဒုဥက္ကဋ္ဌအဖြစ် အေးမြတ်မွန် အပါအဝင်အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်း၍ စင်ကာပူရောက် ရခိုင်တိုင်းရင်းသားများထံမှ ရန်ပုံငွေများ စည်းရုံးကောက်ခံကာ ULA / AA (စင်ကာပူ) ၏ လုပ်ဆောင်မှုတွင် ပူးပေါင်းပါဝင်ခဲ့ကြောင်း။

သို့အတွက် ပြည်ပတွင် ULA/ AA အဖွဲ့များ ဖွဲ့စည်းပြီး ပြည်တွင်း၌ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသည့် ULA /AA အဖွဲ့ကိုထောက်ပံ့ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သည့် အောင်မြတ်ကျော်(ခ) ထွန်းအောင်နိုင် အပါအဝင်ဆက်စပ်သူ ကိုးဦးအား အကြမ်းဖက်မှု တိုက်ဖျက်ရေး အက်ဥပဒေပုဒ်မ ၅၀ (ည)၊ ၅၂ (က) တို့နှင့် ငြိစွန်းသဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်လှစ်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌ တရားစွဲဆို တင်ပို့ထားရှိကြောင်းနှင့် ကွင်းဆက်တရားခံများအား ဆက်လက်ဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန ၂၉ ဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံး ၁၂ ခုတို့မှ ရုံးအဖွဲ့မှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန ၂၉ ဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံး ၁၂ ခုတို့မှ ရုံးအဖွဲ့မှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-3) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ကော်မတီအတွင်းရေးမှူး ဦးဇုံးတိန့်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း အတည်ပြုခဲ့သည့်အဆိုများ၊ ကတိဖြစ်ခဲ့သည့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် ပတ်သက်၍ ဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများအား ဓာတ်ပုံမှတ်တမ်းနှင့်တကွ ကော်မတီသို့တင်ပြပေးပို့ရန်နှင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင်များက လွှတ်တော်အစည်းအဝေးများ အတွင်း အတည်ပြုခဲ့သည့် အဆိုများ၊ ကတိဖြစ်ခဲ့သည့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေများ၊ ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ပေါင်းစပ်ညှိနှိုင်းဆွေးနွေး၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ရှင်းလင်းတင်ပြမှုများအပေါ် ကော်မတီဝင်များက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်းဆင်းပွဲကျင်းပ သင်တန်းသားများ မူးယစ်သံသရာထဲသို့ ပြန်လည်မရောက်ရှိစေရန်ကြိုးစားသွားကြစေလို

နေပြည်တော် ဩဂုတ် ၁၅

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် စခန်းအခြေပြုမူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်း ( ၂ / ၂၀၁၉ ) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပသည်။**



**ဒုတိယဝန်ကြီး ဦးစိုးအောင် စခန်းအခြေပြုမူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်း ( ၂ / ၂၀၁၉ ) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

**ပတ်ဝန်းကျင်အသိုင်းအဝိုင်းက နားလည်လက်ခံပေး**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ယခုသုံးလကြာ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့်ဌာန၊ အဖွဲ့အစည်းများအား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုစခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းမှ သင်တန်းဆင်းသင်တန်းသားများအား မူးယစ်သံသရာထဲသို့ ပြန်လည်မရောက်ရှိစေရန်အတွက် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများက နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုမှာကြားလိုပါကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း ယခုသင်တန်းက လေ့ကျင့်ထူထောင်ပေးလိုက်သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး မူးယစ်သံသရာထဲသို့ ပြန်လည်မရောက်ရှိစေရန် ကြိုးစားသွားကြစေလိုကြောင်း၊ မိဘဆွေမျိုး ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း နားလည်လက်ခံပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ နားမကြားသော ကလေးများကျောင်း၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ အထူးပညာရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ဉာဏ်ရည်မသန်စွမ်းကလေးများအား ပြုစုပျိုးထောင်ပေးကြမည့် ဆရာ ဆရာမများအတွက် အခြေခံဆရာဖြစ်သင်တန်း Pre- Level (1) အခမ်းအနားသို့ တက်ရောက်သည်။

**မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှစ်ကျောင်းဖွင့်လှစ်ထား**

အခမ်းအနားတွင် ဒုတိယဝန်ကြီးက မိမိတို့နိုင်ငံတွင် မသန်စွမ်း အမျိုးအစားလေးမျိုးဖြစ်သည့် အမြင်အာရုံချို့တဲ့သူ၊ အကြားအာရုံချို့တဲ့သူ၊ ကိုယ်အင်္ဂါချို့တဲ့သူနှင့် ဉာဏ်ရည်မသန်စွမ်းသူများဟု သတ်မှတ်ထားပါကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စစ်တမ်းကောက်ယူချက်အရ ဉာဏ်ရည်မသန်စွမ်းသူများသည် နိုင်ငံတော်လူဦးရေ၏ ၁ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး အဆိုပါကလေးများအတွက် ပြုစုစောင့်ရှောက်မှုကဏ္ဍကို မေ့လျော့ထား၍မရပါကြောင်း၊ ဉာဏ်ရည်မသန်စွမ်း ကလေးများအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးတို့တွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း နှစ်ကျောင်းဖွင့်လှစ်ထားရှိပြီး လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက် ရှိပါကြောင်း၊ ယခင်က ဉာဏ်ရည်မသန်စွမ်းကလေးများ ပြုစုပျိုးထောင်ရန်အတွက် နည်းပညာများကို အနောက်ဂျာမနီနှင့် နိုင်ငံရပ်ခြားသို့ သွားရောက်ဆည်းပူး လေ့လာခဲ့ရပါကြောင်း၊ ယခုအခါတွင် University of Wolverhanpton (UK)၊ မြန်မာနိုင်ငံ အထူးပညာရေးအသင်းနှင့် လူမှုဝန်ထမ်း ဦးစီးဌာနတို့ပူးပေါင်း၍ ပြည်နယ်/ တိုင်းဒေသကြီးများ အရောက် နည်းပညာများ ပံ့ပိုးခြင်း၊ သင်တန်းများဖွင့်လှစ်ပေးလျက်ရှိပါကြောင်း။

**ပတ်ဝန်းကျင်အထောက်အကူပြု လူမှုအကျိုးပြုလုပ်ငန်း**

မသန်စွမ်းဖြစ်ပွားမှု ကြိုတင်ကာကွယ်နိုင်ရန်အတွက် (Early Childhood Intervention-ECI)လုပ်ငန်းများကိုလည်း ရှေ့ပြေးစီမံချက်အဖြစ် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် မူလတန်းကြိုကျောင်းများ၊ မိခင်ဝိုင်းများကို လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး ဥပဒေအရလည်း ပုဂ္ဂလိကနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများကို တည်ထောင်ခွင့်ပြုမိန့်ကို ထုတ်ပေးလျက်ရှိနေပါကြောင်း၊ ယခုသင်တန်းကို တက်ရောက်ကြမည့် ဆရာဆရာမများသည် လူမှုဝန်ထမ်းလုပ်ငန်းနှင့် ဉာဏ်ရည်မသန်စွမ်းကလေးများအား ပြုစုပျိုးထောင်ရေးလုပ်ငန်း ဆောင်ရွက်ကြရာတွင် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ အကြင်နာ၊ ကရုဏာ၊ မေတ္တာများနှင့် ပေါင်းစပ်လုပ်ကိုင်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ပတ်ဝန်းကျင်အထောက်အကူပြုသည့် လူမှုအကျိုးပြုလုပ်ငန်းဟု မှတ်ယူ၍ လုပ်ကိုင်ကြစေလိုပါကြောင်း၊ သင်တန်းကိုလည်း မပျက်မကွက် တက်ရောက်ပေးစေလိုပါကြောင်းနှင့် သင်ကြားပို့ချပေးသော နည်းပြများ၏ နည်းစနစ်များကိုလည်း သေချာလေ့လာသင်ယူကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်နှင့် မြန်မာနိုင်ငံ အထူးပညာရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးတင့်လွင်ဦးတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် နားမကြားသော ကလေးများကျောင်း၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို လှည့်လည်ကြည့်ရှုကာ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ်မြောက် ရခိုင်ပြည်နယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

**ဒုတိယအကြိမ်မြောက် ရခိုင်ပြည်နယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း စီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ မင်းသူရိယခန်းမ၌ ကျင်းပသည်။**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသအတွင်း လိုအပ်ချက်များကို အကြံပြုဆွေးနွေးခြင်းနှင့် ကဏ္ဍအလိုက် ချိတ်ဆက်သင့်သည်များနှင့် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးအကြံပြုပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးမှူး ဦးကျော်မင်းက သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အစိုးရအဖွဲ့အစည်း၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူလူထုများပူးပေါင်းကာ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရမည်ကြောင်း ရှင်းလင်းပြောကြားပြီး IOM မှ ဒေါ်အေးသိမ့်သူက အလုပ်ရုံဆွေးနွေးပွဲ၏ ရည်မှန်းချက်များ၊ ကြိုတင်ပြင်ဆင်မှုဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ စီမံကိန်းရေးဆွဲခြင်း၊ ပြည်သူများအား သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် IOM ၏ နည်းပညာပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ်တို့တွင် AA ၊ TNLA ၊ MNDAA လက်နက်ကိုင်အဖွဲ့များက ဝင်ရောက်နှောင့်ယှက်ပစ်ခတ်ပြီး အကြမ်းဖက်လုပ်ရပ်များကျူးလွန်

**နေပြည်တော် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ်၊ နောင်ချိုမြို့အထွက် ပြင်ဦးလွင်တိုးဂိတ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်ရှိ ဂုတ်တွင်းရဲစခန်း၊ ကျောက်မဲမြို့အထွက် နောင်ချိုတိုးဂိတ်၊ မူးယစ်ဆေးဝါးစစ်ဆေးရေးဂိတ်နှင့် နယ်မြေခံတပ်ရင်းဌာနချုပ်တစ်ခုတို့အား ယနေ့နံနက် ၅ နာရီခွဲခန့်တွင် AA ၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူနှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦး ကျဆုံးပြီး အပြစ်မဲ့အရပ်သား ပြည်သူ ၁၀ ဦးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ရဲတပ်ဖွဲ့၏ လက်နက်ငယ် ၁၇ လက်၊ ကျည်အိမ်ခြောက်ခု၊ ကျည် ၁၃၀၂ တောင့်၊ မူးယစ်ဆေးဝါးရှာဖွေရေးကိရိယာတစ်ခု၊ ဓာတုဗေဒစမ်းသပ်ရှာဖွေရေးကိရိယာတစ်ခု၊ လက်ကိုင်စကားပြောစက်လေးလုံးတို့ ဆုံးရှုံးခဲ့ပြီး မော်တော်ယာဉ်သုံးစီး မီးလောင်ပျက်စီးခဲ့ကြောင်း၊ ဂုတ်တွင်းတံတား မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် ကြမ်းခင်းများ ပျက်စီးသွားခဲ့ပြီး ယာဉ်များသွားလာ၍မရကြောင်း သိရသည်။



နောင်ချိုမြို့အထွက် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် AA ၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့က ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး မော်တော်ယာဉ်များ မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

## တစ်ပြိုင်တည်း နှောင့်ယှက်ပစ်ခတ်ခဲ့သဖြင့် တပ်မတော်က ပြန်လည်ပစ်ခတ်တိုက်ခိုက်

ဖြစ်စဉ်မှာ ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ်အား အဆိုပါကျောင်း၏ အရှေ့ဘက် ပြင်ဦးလွင်-လားရှိုးကားလမ်း၏ အရှေ့ဘက်ခြမ်းမှ ၁၀၇ မမ ရှော့တိုက်ဒုံးသီးများဖြင့် လည်းကောင်း၊ အေးရှားဝေါလ်တိုးဂိတ်နှင့် အဆိုပါတိုးဂိတ်ရှိ မူးယစ်ဆေးဝါးစစ်ဆေးရေးဂိတ်တို့အား မော်တော်ယာဉ်တစ်စီးပေါ်မှ အရပ်ဝတ်ဝတ်ဆင်ထားသည့် AA ၊ TNLA၊ MNDAA အဖွဲ့ဝင်နှစ်ဦးက အာရ်ပီဂျီဖြင့် လည်းကောင်း၊ ***စာမျက်နှာ ၁၁ သို့***





မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် ဂုတ်တွင်းတံတား ကျိုးပဲ့ပျက်စီးမှုကို တွေ့ရစဉ်။


## မုတ်သုံလေ အားကောင်းမည်

**နေပြည်တော် ဩဂုတ် ၁၅**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းမည်။

**မိုး/ဇလ**



*စာမျက်နှာ ၁၀ မှ*

နောင်ချိုမြို့နယ်ရှိ ဂုတ်တွင်းရဲကင်းစခန်း၊ ကျောက်မဲသို့အထွက် နောင်ချိုတိုးဂိတ်နှင့် နယ်မြေခံတပ်ရင်း၌ာနချုပ်အား နံနက် ၅ နာရီခွဲခန့်တွင် AA ၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက တစ်ချိန်တည်း တစ်ပြိုင်တည်း နှောင့်ယှက်ပစ်ခတ်ခဲ့သဖြင့် တပ်မတော်က ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရကြောင်း။

**စစ်ကူများ သွားရောက်ပူးပေါင်းခဲ့ပြီး ဆက်လက်နယ်မြေရှင်းလင်း**

ဖြစ်စဉ် ဖြစ်လျှင်ဖြစ်ချင်း တပ်မတော်စစ်ကြောင်းများက ဂုတ်တွင်းရဲကင်းစခန်း၊ နောင်ချိုတိုးဂိတ်နှင့် အေးရှားဝေါလ်တိုးဂိတ်တို့အား စစ်ကူများ သွားရောက်ပူးပေါင်းခဲ့ပြီး ဆက်လက်နယ်မြေရှင်းလင်းစဉ် တပ်မတော်နည်းပညာတက္ကသိုလ်၏ အရှေ့ဘက် ပြင်ဦးလွင်-လားရှိုး ကားလမ်း၏ အရှေ့ဘက်ခြမ်းရှိ တောင်ကုန်းပေါ်မှ ဘက်ထရီအိုး၊ ဝိုင်ယာကြိုးများနှင့် ချိတ်ဆက်ထားသည့် Type 63 ၁၀၇ မီလီမီတာ အမျိုးအစားဒုံးသီး ခြောက်လုံး၊ ရှော့တိုက်ဒုံးများပစ်ခတ်ရန် AA ၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက အသင့်ပြုလုပ်ထားသည့် နေရာများနှင့် ဘက်ထရီအိုးတစ်လုံးတို့ကို တွေ့ရှိရကြောင်း။

**တပ်မတော်စစ်ကြောင်းများနှင့် ထိတွေ့တိုက်ခိုက်မှုများဖြစ်**

နောင်ချို မူးယစ်ဆေးဝါး စစ်ဆေးရေးဂိတ်နှင့် ဂုတ်တွင်းရဲကင်းစခန်း နေရာများတွင် တပ်မတော်စစ်ကြောင်းများနှင့် ထိတွေ့တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း။

ဒဏ်ရာရရှိသူများအနက် အပြစ်မဲ့ အရပ်သားပြည်သူ ငါးဦးနှင့် ရဲတပ်ဖွဲ့ဝင် တစ်ဦးတို့အား ပြင်ဦးလွင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။





**နောင်ချိုမြို့နယ် ဂုတ်တွင်းတံတားလုံခြုံရေးရဲကင်းအား AA ၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့က လက်နက်ကြီး/ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးနေမှုကို တွေ့ရစဉ်။** (အပေါ်ပုံနှင့် ဝဲပုံ)

ယခုဖြစ်စဉ်မှာ ဇူလိုင် ၂၅ ရက်တွင် ကွတ်ခိုင်မြို့နယ် ရှောက်ဟော်ကျေးရွာ အရှေ့တောင်ဘက် ချောင်းဆုံနေရာတစ်ဝိုက် မူးယစ်ဆေးဝါး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆ ဘီလီယံကျော်နှင့် မူးယစ်ဆေးဝါးရိုက်စက်အပါအဝင် ဆက်စပ်ပစ္စည်းများ၊ ဘိန်းချက်စခန်းများအား လည်းကောင်း၊ ဩဂုတ် ၈ ရက်တွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ရက်ခုံတိုင်ကျေးရွာမှ မူးယစ်ဆေးဝါးတန်ဖိုးကျပ် ၅ ဘီလီယံခန့် ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း တပ်မတော်က သိမ်းဆည်းရရှိခဲ့သည့်အပေါ် ကျေနပ်မှုမရှိခြင်း၊ ရခိုင်ပြည်နယ်တွင် AA အဖွဲ့ ထိခိုက်ကျဆုံးမှုများပြားပြီး စစ်ရေးအရအရေးနိမ့်လာခြင်းတို့ကြောင့် AA၊ TNLA၊ MNDAA အဖွဲ့များက တရားဥပဒေစိုးမိုးမှုကို ထိပါးနှောင့်ယှက်ကာ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကျူးလွန်လာခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။

**သတင်းစဉ်**

**“အေးရှားဝေါလ်တိုးဂိတ်နှင့် အဆိုပါတိုးဂိတ်ရှိ မူးယစ်ဆေးဝါး စစ်ဆေးရေးဂိတ်တို့အား မော်တော်ယာဉ်တစ်စီးပေါ်မှ အရပ်ဝတ်ဝတ်ဆင်ထားသည့် AA ၊ TNLA၊ MNDAA အဖွဲ့ဝင်နှစ်ဦးက အာရ်ပီဂျီဖြင့် လည်းကောင်း၊ နောင်ချိုမြို့နယ်ရှိ ဂုတ်တွင်းရဲကင်းစခန်း၊ ကျောက်မဲသို့အထွက် နောင်ချိုတိုးဂိတ်နှင့် နယ်မြေခံတပ်ရင်း၌ာနချုပ်အား နံနက် ၅ နာရီခွဲခန့်တွင် AA ၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက တစ်ချိန်တည်း တစ်ပြိုင်တည်း နှောင့်ယှက်ပစ်ခတ်”**

# ကျောက်ကြီးမြို့နယ်၌ စွမ်းအားမြှင့်မျိုးစေ့များ အခမဲ့ဖြန့်ဖြူးခြင်းစီမံကိန်းစတင်ခြင်း အလုပ်ရုံဆွေးနွေး

**ကျောက်ကြီး ဩဂုတ် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှု ဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်သော ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်း စွမ်းအားမြှင့်မျိုးစေ့များ အခမဲ့ဖြန့်ဖြူးခြင်းစီမံကိန်း စတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ဩဂုတ် ၁၅ ရက် နံနက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင် လောင်စာထင်းသုံးစွဲမှု လျှော့ချလာနိုင်ရေး၊ သစ်တောပြုန်းတီးမှု ကာကွယ်ပေးခြင်းနှင့် နိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်မှုများကို တစ်တပ်တစ်အား ဟန့်တားပေးနိုင်ရန် ရည်ရွယ်ကြောင်းနှင့် ထင်းကုန်ကျမှု ၄၅ ရာခိုင်နှုန်းသက်သာပြီး အီးဖရီးမီးဖိုကို မီးမဖုတ်ရသည့်အတွက် သစ်တောပြုန်းတီးမှု လျှော့ချပြီးသားဖြစ်ကြောင်း၊ စက်ရုံအလုပ်ရုံများ မလိုအပ်ဘဲ ကျေးရွာများတွင် တစ်နိုင်တစ်ပိုင်ပြုလုပ်ရပြီး ချက်ပြုတ်ရာတွင် အချိန်ကြာရှည်မှုမရှိဘဲ အချိန်တိုအတွင်း ကျက်နိုင်ခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက် မီးခိုးငွေ့ထွက်မှုနည်းပါးကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မီးဖိုသုံးစွဲပုံကို လက်တွေ့သရုပ်ပြပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။ **ကိုသားကြီး(ကျောက်ကြီး)**



မိုးညှင်းမြို့နယ် ဟိုပင်မြို့ နတ်ကြီးကုန်းအခြေခံပညာမူလတန်းလွန်ကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောဖိုးထူးက ဩဂုတ် ၁၃ ရက်တွင် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် လူကုန်ကူးမှုအကြောင်းအရာများ အသိပညာပေး ဟောပြောစဉ်။

ကိုကိုရှူပ

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၆-၈-၂၀၁၉)ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင်(၁၀-၆-၂၀၁၉)ရက်နေ့မှ (၂၈-၆-၂၀၁၉) ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ခြောက်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းတစ်ဦး၊ အထွေထွေ ကိုးဦး၊ ပေါင်း ၁၀ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ၁၇ ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့်(၁၀-၁၀-၂၀၁၄)ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၉၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၆၆၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၁၈ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၄၇၁ ဦးအား အသိအမှတ်ပြု လက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲများ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၄၅)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘော ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး တက်ရောက် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ရဲချုပ်က အဖွင့် အမှာစကားပြောကြားကာ ပြည်ထဲရေးဝန်ကြီးဌာန(အမျိုးသား) လက်ရွေးစင် အသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) လက်ရွေးစင်အသင်းတို့ သရုပ်ပြယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးသည်။

အခမ်းအနားသို့ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဖိတ်ကြားထားသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အဆိုပါ ပြိုင်ပွဲကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကွပ်ကဲမှုအောက်ရှိ လုံခြုံရေး ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးများနှင့် လုံခြုံရေး ရဲတပ်ဖွဲ့ခွဲများ၊ သီးခြားတပ်ဖွဲ့များ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့များ၊ လေ့ကျင့်ရေးကျောင်းများမှ ပြိုင်ပွဲဝင်အမျိုးသား ၂၈ သင်း၊ အမျိုးသမီး ၁၁ သင်း စုစုပေါင်း ၃၉ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဩဂုတ် ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံ ယူ-၁၈ ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာအသင်းနှင့် ဩစတြေးလျအသင်း တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၁၅**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ အုပ်စုပွဲစဉ်များမှာ ဩဂုတ် ၁၅ ရက်က ပြီးဆုံးသွားပြီး ဆီမီးဖိုင်နယ်တွင် မြန်မာနှင့် ဩစတြေးလျအသင်းတို့ တွေ့ဆုံခဲ့သည်။

အုပ်စုနောက်ဆုံးပွဲများကို ဩဂုတ် ၁၄၊ ၁၅ ရက်က ကျင်းပခဲ့ပြီး အုပ်စု (က)တွင် အင်ဒိုနီးရှားအသင်းက ၁၃ မှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက ၁၃ မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (ခ)တွင် ဩစတြေးလျအသင်းက ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ မလေးရှားအသင်းက ကိုးမှတ်ဖြင့် အုပ်စုဒုတိယရရှိခဲ့သည်။ မြန်မာအသင်းသည် အင်ဒိုနီးရှားနှင့် အမှတ်တူသော်လည်း ဂိုးကွာခြားချက်ကြောင့် အုပ်စုဒုတိယနေရာသာ ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ တက်ရောက်လာခြင်းဖြစ်ပြီး ဩစတြေးလျနှင့် တွေ့ဆုံနေသောကြောင့် အားကုန်ထုတ် ကစားရဖွယ်ရှိနေသည်။ အုပ်စု(ခ)တွင် အသင်းကြီးအများစု ပါဝင်ခဲ့သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး အိမ်ရှင် ဗီယက်နမ်နှင့် နာမည်ကြီး ထိုင်းအသင်းတို့ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ဩစတြေးလျ၊ အင်ဒိုနီးရှားနှင့် မလေးရှားအသင်းတို့ တွေ့ဆုံနေသည်။

**ရဲရင့်ရှိုင်း**

### ❍ ကျောဖုံးမှ

နှစ်လကျော် ရရှိထားသော်လည်း ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ မကစားထားရသောကြောင့် ပြင်ဆင်မှုအပိုင်းတွင် ထိုင်း၊ ဗီယက်နမ်အသင်းတို့ထက် အနည်းငယ်အားနည်းဖွယ်ရှိနေသည်။

အုပ်စု(ခ) ပထမပွဲအဖြစ် ဩဂုတ် ၁၆ ရက် **(ယနေ့)** မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနှင့် အင်ဒိုနီးရှား၊ ညနေ ၅ နာရီခွဲတွင် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမနေရာအတွက် ဗီယက်နမ်နှင့် အုပ်စုနောက်ဆုံးပွဲမတိုင်မီ အမှတ်ပြည့်အပြင် သွင်းဂိုးများလည်း ရယူထားနိုင်ရန် လိုအပ်နေသည်။

**ညီမြတ်သော်တာ**

### ◆ ကျောဖုံးမှ

ယူအီးအက်ဖ်အေ စူပါဖလားပြိုင်ပွဲကြီးကို ၁၉၇၂ ခုနှစ်တွင် စတင်ခဲ့ပြီး ယမန်နှစ် ချန်ပီယံဟောင်းမှာ စပိန်ကလပ် အက်သလက်တီကိုအသင်းဖြစ်ပြီး ရီးရဲမက်ဒရစ်ကို အချိန်ပိုတွင် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ စူပါဖလားပြိုင်ပွဲတွင် အအောင်မြင်ဆုံးအသင်းမှာ ဘာစီလိုနာနှင့် အေစီမီလန်တို့ဖြစ်ပြီး ငါးကြိမ်စီ ရရှိထားသည်။ တတိယနေရာတွင် ရီးရဲမက်ဒရစ်က လေးကြိမ်ဖြင့် ရပ်တည်နေပြီး ယခုနှစ်တွင် အနိုင်ရရှိခဲ့သည့် လီဗာပူးအသင်းသည် လေးကြိမ်ဖြင့် ရီးရဲမက်ဒရစ်နှင့် အကြိမ်အရေအတွက်တူညီခဲ့ကာ ချယ်လ်ဆီးအသင်းသည် တစ်ကြိမ်သာ ရရှိထားသည်။ ၂၀၂၀ ယူအီးအက်ဖ်အေ စူပါဖလားပြိုင်ပွဲကို ပေါ်တူဂီနိုင်ငံ ပေါ်တိုမြို့၌ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**သီဟ**




## တောင်ကြီးမြို့၌ ဂေါက်သီးရိုက်သင်တန်း ဖွင့်မည်

**တောင်ကြီး ဩဂုတ် ၁၅**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် R&A တို့ ပူးပေါင်း ဖွင့်လှစ်သော (R&A Level-1 Rules Seminar 2019) ၏ တောင်ကြီး သင်တန်းကို စက်တင်ဘာ ၁ ရက်တွင် တောင်ကြီးမြို့ရှိ တောင်ကြီးဂေါက်ကလပ်၌ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် ဩဂုတ် ၂၅ ရက် နောက်ဆုံးထား၍ ဖုန်း ၀၉-၅၁၉၃၄၂၃ နှင့် ၀၉-၂၅၄၂၂၅၀၇၀ တို့သို့ စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် သင်တန်းသားဦးရေ ကန့်သတ်ထားကြောင်း သိရသည်။

**ဖိုးသော်ဇင်**

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရေဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ဆန်းချက်ဇ် မန်ယူအသင်းမှ ထွက်ခွာသွားမည်မဟုတ်

မန်ယူအသင်းမှ တိုက်စစ်ကစားသမား ဆန်းချက်ဇ်သည် အသင်းမှ ထွက်ခွာသွားမည်မဟုတ်ကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။ ဒေးလီးမေးတွင် အေစီမီလန်၊ ဂျူဗင်တပ်စ်နှင့် နာပိုလီအသင်းတို့က အဆိုပါ ကစားသမားကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဖော်ပြထားသည်။

### ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့၏ ကမ်းလှမ်းချက်များကို ငြင်းပယ်

ပီအက်စ်ဂျီအသင်းသည် အသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား နေမာအတွက် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းတို့၏ ကမ်းလှမ်းချက်များကို ငြင်းပယ်လိုက်ကြောင်း မေးလ်တွင် ဖော်ပြထားသည်။

### စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးသွားဖွယ်ရှိနေသည့် လင်ဒီလော့ဖ်

မန်ယူနှင့် ဆွီဒင်ဗဟိုခံစစ်ကစားသမား ဗစ်တာ လင်ဒီလော့ဖ် (၂၅နှစ်) သည် တစ်ပတ် ပေါင် ၇၅၀၀၀ ဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးသွားဖွယ်ရှိကြောင်း ဆွီဒင်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

### ဘာလော့တယ်လီ ဘရက်စီယာအသင်းနှင့် သုံးနှစ်စာချုပ်သွားဖွယ်ရှိ

မာဆေးလ်နှင့် အီတလီတိုက်စစ်ကစားသမား ဘာလော့တယ်လီသည် ဘရာဇီးကလပ် ဖလာမင်ဂိုအသင်း၏ ကမ်းလှမ်းမှုကို ငြင်းပယ်လိုက်ပြီး စီးရီးအေကလပ် ဘရက်စီယာအသင်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုသွားဖွယ်ရှိကြောင်း ဂါးဒီးယန်းတွင် ဖော်ပြထားသည်။

### ဆန်ချိုအတွက် ချဉ်းကပ်မှုကို ပယ်ချခဲ့

ဒေါ့မွန်အသင်းသည် မန်ယူအသင်းက ခေါ်ယူရန် ချိတ်ဆက်ခြင်းခံခဲ့ရသော အသက် ၁၉ နှစ်အရွယ် အင်္ဂလန်တောင်ပံကစားသမား ဆန်ချိုအတွက် ဥရောပကလပ်အသင်းကြီးများ၏ ချဉ်းကပ်မှုကို ပယ်ချခဲ့ကြောင်း ဂျာမန်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

### ထရာဇွန်စပေါ အသင်းသို့ စတာရစ် ပြောင်းရွှေ့ဖွယ်ရှိ

လီဗာပူးတိုက်စစ်ကစားသမားဟောင်း စတာရစ်သည် တူရကီကလပ် ထရာဇွန်စပေါ အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း ဂိုးဒေါ့ကွန်းတွင် ဖော်ပြထားသည်။

### မတ်တွီဒီနှင့် ရူဂါနီတို့ကို ခေါ်ယူသွားဖွယ်ရှိနေသည့် မိုနာကို

မိုနာကိုအသင်းသည် ဂျူဗင်တပ်စ်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား မတ်တွီဒီနှင့် အီတလီဗဟိုခံစစ်ကစားသမား ရူဂါနီတို့ကို ခေါ်ယူသွားဖွယ်ရှိကြောင်း အီတလီအခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# မြစ်ကြီးနား၊ တောင်ငူ၊ နောင်ချိုနှင့် ကွတ်ခိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၅**
မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၄ ရက်က မြစ်ကြီးနားမြို့နယ် မြစ်ကြီးနား - မိုးကောင်း ကားလမ်း၊ မြစ်ကြီးနားမြို့နယ်အဝင် ဆိုင်းဘုတ်အနီးတွင် ဒေါ်တင်တင်စိုး မောင်းနှင်ပြီး ဒေါ်လုမိုင်လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကိုလည်းကောင်း။

ယင်းနေ့မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၃၆)ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ငူမြို့ အမှတ်(၉)ရပ်ကွက် ကန်ပတ်လမ်းနှင့် ပန်းချီတံခါးလမ်းထောင့်ရှိ အမိုက်ပုံအနီးတွင်ရပ်ထားသော မတ်တူးအမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၈၀ ကိုလည်းကောင်း။

အလားတူ ဩဂုတ် ၁၃ ရက် ညနေပိုင်းက နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် နောင်ချိုမြို့နယ် ရပ်စောက်-နောင်ချိုကားလမ်း၊ တာဖလန်းတံတားရဲကင်းရှေ့တွင် ကျော်ဝင်းထွေး မောင်းနှင်ပြီး စိုးမင်းလေးလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၀ နှင့် ငွေကျပ် ၃၆၀၀၀ တို့ကိုလည်းကောင်း။

ထို့အတူ ဇူလိုင် ၂၉ ရက် နံနက် ၆ နာရီက တပ်မတော်မှ ကွတ်ခိုင်မြို့နယ် မန်ယုံမော်ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၃၀၀ ခန့်အကွာရှိ တစ်ထပ်တိုက် အဆောက်အအုံ (မြေအောက်ခန်းပါ) အား မသင်္ကာသဖြင့် ဝင်ရောက်ရှာဖွေရာ မြေအောက်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၈၁၀၀ ၊ အိုက်စ် ၅ ကီလို၊ အဆင့်နိမ့်ဘိန်း ၃ ကီလို၊ Vanillin အဖြူရောင်အမှုန့် ၂၀ ကီလို၊ Dichloromethane အရည် ၁၆ လီတာ၊ Propylene Glycol အမွှေးဆီအရည် ၂ ဒသမ ၄၅ လီတာ၊ ပန်းရောင်ဆိုးဆေးအမှုန့် ၂၀ ကီလို၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းကိရိယာများ ဖမ်းဆီးရမိခဲ့ကြောင်း၊ အလားတူ ဇူလိုင် ၃၀ ရက် မန်ယုံမော်ကျေးရွာ တဲအနီး ချုံပုတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ဇူလိုင် ၃၁ ရက်တွင် မန်ယုံမော်ကျေးရွာအနီး တဲဟောင်းအတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၅၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

**၁၆-၈-၂၀၁၉ (သောကြာနေ့)**

**နံနက်ပိုင်း**
- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၀ - ရေကြီးဖြစ်ပေါ်နေချိန်တွင် လိုက်နာရန်အချက်များ
- ၇း၃၅ - MRTV Travelogue
- ၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၉း၁၀ - အာရုံမစိုက်ဘဲ မောင်းနှင်ခြင်း
- ၉း၃၀ - Soccer View
- ၁၀း၃၀ - ရေကြီးဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ
- ၁၀း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၁း၃၅ - အလုပ်သမားရေးရာအစီအစဉ်
- ၁၂း၃၀ - လျှော်ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (ရုပ်သံ၊ ဇာတ်လမ်း)
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ရင်တွင်းရေးပြဿနာ" (အပိုင်း-၁၀)
- ၁၄း၀၅ - သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး
- ၁၄း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကြီးမြတ်သောမြန်မာ + လွမ်းဒဏ္ဍာရီ"

**ညပိုင်း**
- ၁၆း၃၅ - Weekly MNL Review
- ၁၇း၅၅ - ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ
- ၁၇း၄၅ - " International Invitation U-16 Boys Elite Football Tournament 2019 နိုင်ငံတကာချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" (မြန်မာနှင့်တောင်ကိုရီးယား)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - ရေကြီးပြီးနောက်ရှောင်ရှားသင့်သည့်အချက်များ
- ၂၀း၃၅ - "လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဆိုင်ရာ စကားဝိုင်း"(ဒုတိယပိုင်း)
- - "သီလဝတောင်ပြုံးသွားတယ်" (ရန်ပိုင်စိုး၊ ကင်းကောင်၊ နေဆန်း၊ ကြယ်သီး၊ ကြူကြူသင်း) (ဒါရိုက်တာ-ဇာဂနာ)

## လားရှိုးမြို့နယ်၌ ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက်၍ တစ်ဦးသေ၊ ရှစ်ဦးဒဏ်ရာရ

**လားရှိုး ဩဂုတ် ၁၅**
လားရှိုးမြို့နယ် ပုန်းထွန်ကျေးရွာနှင့် နောင်ကွဲကျေးရွာအကြား၌ ယနေ့နံနက် ၁၀နာရီခွဲခန့်က ဘုရားဖူးယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်၍ တစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

ယာဉ်မောင်း မျိုးမင်းဦး(စုံစမ်းဆဲ) မောင်းနှင်လာသော BGO -9M/---- ဘုရားဖူးယာဉ်သည် လားရှိုးဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် လားရှိုးမြို့နယ် ပုန်းထွန်ကျေးရွာနှင့် နောင်ကွဲကျေးရွာကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမြေသားလမ်းပေါ်၌ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် မရမ်းကုန်းနှင့် ရွှေပြည်သာမြို့နယ် နေသူများဖြစ်ကြသည့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးခြောက်ဦး စုစုပေါင်းရှစ်ဦးတို့တွင် (မစိုးရိမ်ရ) ဒဏ်ရာများရရှိပြီး မရမ်းကုန်းမြို့နယ်နေ မဝိုင်းပြည့် (၁၈နှစ်)မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ယာဉ်မောင်း မျိုးမင်းဦးအား အမှုဖွင့်အရေးယူထားကြောင်း လားရှိုးမြို့ အမှတ်(၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ဒုရဲအုပ် ကိုသက်ထံမှ သိရသည်။ **ဟန်ဌေး(လားရှိုး)**



လားရှိုးမြို့နယ်၌ တိမ်းမှောက်သည့်ဘုရားဖူးယာဉ်ကို တွေ့ရစဉ်။

## မင်းလှမြို့နယ်၌ တွေ့ရှိသည့် တောဆင်ရိုင်းအား မြောက်စာမရီတောသို့ ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၁၅**
ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာအနီး တွေ့ရှိသည့် တောဆင်ရိုင်းတစ်ကောင်ကို မြောက်စာမရီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သဘာဝထိန်းသိမ်းရေး နယ်မြေတာဝန်ခံ ဦးစီးအရာရှိ ဦးမြင့်လှိုင် ဦးစီးသည့်အဖွဲ့က မြောက်စာမရီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ အကူဆင်နှစ်ကောင်ဖြင့် လိုက်လံပို့ဆောင် မောင်းနှင်လျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၁၄ ရက် နံနက် ၇ နာရီက အဆိုပါကျေးရွာနေ သန်းထိုက်ဦး (၄၄ နှစ်)၏ နေအိမ်ရှေ့ အကျယ် ခုနစ်ပေ၊ အနက် ငါးပေခန့်ရှိ ရေတွင်းပျက်အတွင်း၌ အမြင့် လေးပေ၊ လုံးပတ် ၁၂ ပေခန့် တောဆင်ရိုင်းအမတစ်ကောင် ပြုတ်ကျနေကြောင်းသတင်းအရ မင်းလှမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် စိန်ကန့်လန့်သစ်ထုတ်လုပ်ရေးတာဝန်ခံ ဦးကျော်စွာလင်း ဦးစီးသည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါတောဆင်ရိုင်းမှာ ရေတွင်းပျက်အတွင်းမှ သစ်ပင်အား တွယ်တက်၍ အပေါ်သို့ ပြန်လည်ရောက်ရှိလာပြီး ၎င်းကျေးရွာအနီး တောအတွင်း၌ လှည့်လည်သွားလာလျက်ရှိသဖြင့် ဦးစီးအရာရှိ ဦးမြင့်လှိုင် ဦးစီးသည့်အဖွဲ့က မြောက်စာမရီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ အကူဆင်နှစ်ကောင်ဖြင့် လိုက်လံပို့ဆောင် မောင်းနှင်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**



တောဆင်ရိုင်းအား ကွန်ဂျီဆင်များဖြင့် လိုက်လံမောင်းနှင်ကြစဉ်။

## ဘားအံမြို့နယ်၌ ပန်းသွားခူးရာမှ လှေမှောက်ပြီး ငါးဦးသေဆုံး

**ဘားအံ ဩဂုတ် ၁၅**
ကရင်ပြည်နယ် ဘားအံမြို့နယ် လေသာကုန်းကျေးရွာအင်းထဲတွင် ယမန်နေ့နံနက် ၁၁ နာရီခွဲက ဝါခေါင်လပွဲအတွက် လှေဖြင့် ပန်းသွားခူးရာမှ လှေတိမ်းမှောက်ပြီး ငါးဦးသေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ ဘားအံမြို့နယ်ရဲစခန်းမှ သွားရောက်စစ်ဆေးခဲ့ရာ လှေတိမ်းမှောက်ပြီး သေဆုံးသူများမှာ စောပန်းအောင်(၁၂နှစ်)၊ မနန္ဒာသိမ်း(၁၇နှစ်)၊ မနန္ဒာလှိုင်(၁၇နှစ်)၊ စောမြင့်နိုင်(၈နှစ်)၊ စောရန်ကျော်စိုး(၈နှစ်) တို့ဖြစ်ကြောင်း သိရသဖြင့် ဘားအံနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးနေကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်သစ် ၁၈၇ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၅**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများ ဖမ်းဆီးရမိသည့် စာရင်းများအရ ကျွန်း ၁၁၃ ဒသမ ၀၂၅၆ တန်၊ သစ်မာ ၃၁ ဒသမ ၈၃၈၀ တန်၊ အခြား ၄၂ ဒသမ ၆၅၆၅ တန် စုစုပေါင်း ၁၈၇ ဒသမ ၅၂၀၁ တန်၊ ပြစ်မှုကျူးလွန်သူ ၃၇ ဦးနှင့် ယာဉ်၊ ယန္တရား ၂၅ စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိမှုများတွင် ဩဂုတ် ၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကလပ်ကြိုးဝိုင်းအတွင်းမှ ကျွန်းနှင့်ကြိုသစ် ၂၃ ဒသမ ၈၀၆၄ တန်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

## မိုးမောက်-လွယ်ဂျယ်ကားလမ်းတွင် မြေပြိုကျမှုကြောင့် ယာဉ်သွားလာမှု ခေတ္တရပ်ဆိုင်းထားရ

**ဗန်းမော် ဩဂုတ် ၁၅**
မိုးသည်းထန်စွာရွာမှုကြောင့် ကချင်ပြည်နယ် မိုးမောက်-လွယ်ဂျယ် ကားလမ်း မိုင်တိုင်အမှတ်(၄၁)နှင့် နေရာအချို့တို့၌ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ကားလမ်းမပေါ်သို့ မြေများပြိုကျပြီး လမ်းများပိတ်ဆို့မှုကြောင့် မော်တော်ယာဉ်ကြီးနှင့်ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှု ခေတ္တရပ်နားထားရကြောင်း သိရသည်။

အဆိုပါလမ်းများ ပိတ်ဆို့နေမှုကြောင့် မော်တော်ယာဉ်များ အမြန်ဆုံးသွားလာနိုင်ရေးအတွက် မိုးမောက်မြို့နယ် လမ်းဦးစီးဌာနနှင့် လွယ်ဂျယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပေးလျက်ရှိကြောင်း သိရသည်။ **သျှမ်းကလေး(ဗန်းမော်)**

## ဇေယျာသီရိမြို့နယ်၌ ဆိုင်ကယ်ခိုးသူများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၅**
နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက အဆိုပါ ရဲစခန်းတွင် ဖွင့်လှစ်ထားသောအမှုမှ ပြစ်မှုကျူးလွန်သူ စည်သူမိုး(၂၆ နှစ်)နှင့် လှိုင်လှိုင်စိုး(၂၅ နှစ်) တို့နှစ်ဦးအား အခြားခိုးမှုများနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ဆိုင်ကယ်နှစ်စီးခိုးမှု ထပ်မံပေါ်ပေါက်ခဲ့သည်။

၎င်းတို့နှစ်ဦးသည် ဩဂုတ်လအတွင်း ဇေယျာသီရိမြို့နယ်မှ လော်ဂျားဆိုင်ကယ်တစ်စီး၊ ပုဗ္ဗသီရိမြို့နယ်မှ ရှာရမ်း ၁၁၀ ဆိုင်ကယ်တစ်စီး ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေဆိုင်ကယ်များအား သိမ်းဆည်းပြီး ရေဆင်းနယ်မြေရဲစခန်း၌ ထပ်မံအမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# အပူပိုင်းမုန်တိုင်းခရိုဆာ ဂျပန်နိုင်ငံအနောက်ပိုင်းကို ဝင်ရောက်

**တိုကျို ဩဂုတ် ၁၅**

အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်းခရိုဆာ ဂျပန်နိုင်ငံအနောက်ပိုင်းသို့ ဝင်ရောက်မှုကြောင့် မိုးသက်မုန်တိုင်းများ ဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းကြောင့် မြစ်ရေကြီးခြင်း၊ လေပြင်းတိုက်ခြင်း၊ လှိုင်းကြီးခြင်းနှင့် မြေပြိုမှုများ ဖြစ်ပွားနိုင်သည့်အတွက် ပြည်သူများအနေဖြင့် သတိဖြင့်နေထိုင်ကြရန် အာဏာပိုင်များက တိုက်တွန်းနှိုးဆော်ထားသည်။

လတ်တလောတွင် ဆိုင်ကလုန်းမုန်တိုင်းခရိုဆာ ဝင်ရောက်မှုကြောင့် သေဆုံးသူတစ်ဦးရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ ၂၃ ဦးရှိသည်။ မိုးလေဝသအေဂျင်စီက ညနေသုံးနာရီခန့်တွင် ဟီရိုရှီးမားစီရင်စု ကူရီမြို့အနီးသို့ ခရိုဆာမုန်တိုင်းကျရောက်မည်ဟု ခန့်မှန်းထားသည်။ မုန်တိုင်းသည် လေတိုက်နှုန်းပြင်းထန်စွာဖြင့် မြောက်အရပ်ဆီသို့ ရွေ့လျားလျက်ရှိသည်။

ခရိုဆာမုန်တိုင်းကြောင့် ပင်လယ်ပြင်၌ လှိုင်းလေပြင်းထန်လျက်ရှိပြီး တိုကျိုတောင်ပိုင်း နီကျိမာကျွန်းသို့ သွားသည့် ကူးတို့ရေယာဉ်တစ်စင်းကို ရိုက်ကူးထားသည့် ရုပ်သံဖိုင်တစ်ခုတွင် ခရီးသည်များ ဟန်ချက်ညီစေရန် မနည်းကြိုးစားနေရသည်ကို တွေ့ရသည်။ မုန်တိုင်းကြောင့် ရီကိုကူ၊ ကင်ကီနှင့် တိုကိုင်ဒေသများတွင် ကမ်းခြေဧရိယာတစ်လျှောက် လှိုင်းလုံးများ ကိုးမီတာအထိ ရောက်ရှိနိုင်ပြီး မြောက်ပိုင်းကျူရှူနှင့် ယာမာဂူချီစီရင်စုတို့တွင် ရှစ်မီတာအမြင့်ရှိသည့်လှိုင်းများ ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားသည်။

အချို့ဧရိယာများတွင် မိုးရွာသွန်းမှုသည် ၆၀၀ မီလီမီတာကျော်အထိ ရှိခဲ့ပြီး အာဏာပိုင်များက ကိုချီ၊ အီဟီမီ၊ တိုကူရှီမာနှင့် နာရာစီရင်စုတို့တွင် မြေပြိုမှုများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်။ ဂျပန်အနောက်ပိုင်းရှိ အိမ်ထောင်စု ၂၀၀၀၀ ခန့် ကို ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ရန် ညွှန်ကြားထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



တိုင်ဖွန်းမုန်တိုင်း ခရိုဆာဝင်ရောက်မှုကြောင့် မီယာဇာကီစီရင်စုကမ်းခြေ၌ လှိုင်းလေပြင်းထန်မှုကို တွေ့ရစဉ်။

# ဆီးရီးယားအစိုးရ တိုက်လေယာဉ်တစ်စင်း အီဒလစ်ပြည်နယ်၌ ပစ်ချခံရ

**ဒမတ်စကတ် ဩဂုတ် ၁၅**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အီဒလစ်ပြည်နယ်၌ ဩဂုတ် ၁၄ ရက်က အစိုးရ တိုက်လေယာဉ်တစ်စင်းကို အစွန်းရောက် စစ်သွေးကြွများက ပစ်ချခဲ့ကြောင်း ဆီးရီးယားစစ်ဘက်က ကြေညာခဲ့သည်။

တိုက်လေယာဉ်သည် အစွန်းရောက်အဖွဲ့များအား ထိုးစစ်ဆင်တိုက်ခိုက်သည့် စစ်ဆင်ရေးဆောင်ရွက်နေစဉ်အတွင်း ပစ်ချခံလိုက်ရခြင်းဖြစ်ကြောင်း ဆီးရီးယားနိုင်ငံပိုင် သတင်းဌာနက ထုတ်ပြန်ခဲ့သည်။



ပစ်ချခံခဲ့ရသည့် တိုက်လေယာဉ်၏ အပျက်အစီးအစိတ်အပိုင်းများနှင့် ဓာတ်ပုံရိုက်နေသည့် စစ်သွေးကြွအဖွဲ့ဝင်များကို တွေ့ရစဉ်။

တိုက်လေယာဉ်ကို လက်နက်ကိုင်စစ်သွေးကြွများက လေကြောင်းကာကွယ်ရေးဒုံးကျည်ဖြင့် ပစ်ချခဲ့ခြင်းဖြစ်ကာ လေယာဉ်မှူးအား ယခုအချိန်အထိ ရှာဖွေတွေ့ရှိခြင်း မရှိသေးကြောင်း သိရသည်။

ဟာရက်တက် ဟရာအယ်လ်ရှမ် အစွန်းရောက်အဖွဲ့က ဆီးရီးယားနိုင်ငံအလယ်ပိုင်းမှ ပျံတက်လာခဲ့သည့် Su -22 တိုက်လေယာဉ်တစ်စင်းကို ဩဂုတ် ၁၄ ရက်တွင် ၎င်းတို့ပစ်ချလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အီဒလစ်ပြည်နယ်နှင့် တူရကီနိုင်ငံသည် နယ်နိမိတ်ထိစပ်လျက်ရှိပြီး ဆီးရီးယားအစိုးရကို ဆန့်ကျင်သည့်အဖွဲ့နှင့် အစွန်းရောက်အဖွဲ့က နောက်ဆုံးထိန်းချုပ်ထားသည့် နယ်မြေဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# တာလတ်ပစ်ဒုံးကျည်များချထားရေး အာရှမဟာမိတ်နိုင်ငံများနှင့် အမေရိကန်ဆွေးနွေးရန်ရှိ

**ဝါရှင်တန် ဩဂုတ် ၁၅**

အမေရိကန်နှင့် ရုရှားနိုင်ငံတို့အကြား ၁၉၈၇ ခုနှစ်က သဘောတူလက်မှတ်ရေးထိုးခဲ့သည့် တာလတ်ပစ် နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ် သက်တမ်းကုန်ဆုံးသွားပြီဖြစ်ရာ ဒေသတွင်း၌ တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်များကို ချထားရေးအတွက် အာရှရှိ မဟာမိတ်နိုင်ငံများနှင့် ဆွေးနွေးတိုင်ပင်သွားမည်ဖြစ်ကြောင်း အမေရိကန်အကြီးတန်း သံတမန်တစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် ဒေသအတွင်း၌ ပြုလုပ်မည့် မည်သည့်ဆုံးဖြတ်ချက်မျိုးကိုမဆို မဟာမိတ်နိုင်ငံများနှင့် တိုင်ပင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဩဂုတ် ၁၃ ရက်က ကျင်းပခဲ့သည့် ညီလာခံ၌ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး အန်ဒရီယာသွန်ပဆင်က ပြောကြားခဲ့သည်။

အမေရိကန်အစိုးရအဖွဲ့သည် မြေပြင်မှ ဝေဟင်ပစ်တာလတ်ပစ်ဒုံးကျည်များကို အာရှ၌ချထားရန် စိတ်အားထက်သန်လျက်ရှိသည်။ တာလတ်ပစ် နျူကလီးယားလက်နက်ထိန်းချုပ်ရေးစာချုပ် သက်တမ်းကုန်ဆုံးသွားပြီးနောက်တွင် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး အန်ဒရီယာသွန်ပဆင်က ရုရှား၏ ပဲ့ထိန်းဒုံးကျည်စနစ်သစ်သည် စာချုပ်ကိုချိုးဖောက်ခဲ့ကြောင်းနှင့် INF စာချုပ်သက်တမ်းကုန်ဆုံးရမှုတွင် ရုရှား၌ တာဝန်ရှိကြောင်း ပြောကြားလိုက်သည်။

ထို့ပြင် အမေရိကန်နှင့် ရုရှားသည် နိုင်ငံပေါင်းစုံပါဝင်သည့် နျူကလီးယားလက်နက်ဖျက်သိမ်းရေး မူဘောင်သစ်တစ်ရပ် ချမှတ်ဆောင်ရွက်ရန် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်ပြည်ထောင်စု ဖီလာဒဲဖီးယား၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရ

**ဝါရှင်တန် ဩဂုတ် ၁၅**

အမေရိကန်ပြည်ထောင်စု အရှေ့ပိုင်း ပင်ဆီလ်ဗေးနီးယားပြည်နယ် ဖီလာဒဲဖီးယားမြို့၌ ဩဂုတ် ၁၄ ရက်က သေနတ်ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုသည် ဩဂုတ် ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ခွဲတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့က မော်တော်ယာဉ်များနှင့် အဆောက်အအုံများကို အကာအကွယ်ပြုကာ သေနတ်သမားများနှင့် အပြန်အလှန်ပစ်ခတ်ခဲ့ကြောင်း သိရသည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ရဲအရာရှိများအားလုံး ဆေးရုံမှ ပြန်ဆင်းလာခဲ့ပြီဖြစ်သည်။



သေနတ်ပစ်ခတ်မှုဖြစ်ပွားရာသို့ ရောက်ရှိလာသည့် ရဲအရာရှိနှစ်ဦးကို တွေ့ရစဉ်။

ယခုလအစောပိုင်းက အမေရိကန်ပြည်ထောင်စု၌ လူအစုလိုက်အပြုံလိုက် သေနတ်ပစ်ခတ်ခံရမှုဖြစ်ပွားပြီး လူ ၃၁ ဦး သေဆုံးခဲ့ရပြီးနောက် ယခုပစ်ခတ်မှုထပ်မံဖြစ်ပွားခြင်းဖြစ်သည်။ ဖီလာဒဲဖီးယားမြို့ မြောက်ပိုင်းရှိ လူနေရပ်ကွက်တစ်ခုတွင် သေနတ်သမားများက ရဲတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အခင်းဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့အင်အား အလုံးအရင်းဖြင့် သွားရောက်ခဲ့ရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဖမ်းဆီးထားသည့် အီရန်ရေနံတင်သင်္ဘောနှင့် ပတ်သက်၍ ဂျီဘရော်လ်တာ တရားရုံးက စီရင်ဆုံးဖြတ်မည်

**လန်ဒန် ဩဂုတ် ၁၅**

ပြီးခဲ့သည့်လအတွင်းက ဗြိတိန်နယ်နိမိတ်ဖြစ်သည့် ဂျီဘရော်လ်တာအနီး၌ ဖမ်းဆီးခဲ့သည့် အီရန်ရေနံတင်သင်္ဘောကို ဆက်လက်ထိန်းသိမ်းထားရန် ရှိ မရှိကို ဂျီဘရော်လ်တာ တရားရုံးကစီရင်ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

အီရန်မှ ရေနံစည်ပေါင်း ၂ ဒသမ ၁သန်းကို တင်ဆောင်လာသည့် ဂရေ့စ်ဝမ်း ရေနံတင်သင်္ဘောကို ဗြိတိန်နယ်နိမိတ်ဖြစ်သည့် ဂျီဘရော်လ်တာ၌ ရဲတပ်ဖွဲ့နှင့် ဗြိတိန်အထူးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ရာ အီရန်နှင့်ဗြိတိန်တို့အကြား သံတမန်ရေးရာ တင်းမာမှုများ ဖြစ်ပွားခဲ့သည်။ အီရန်သင်္ဘောသည် ကုလသမဂ္ဂ၏ ပိတ်ဆို့မှုများကို ချိုးဖောက်ကာ ရေနံများကို ဆီးရီးယားနိုင်ငံဆီသို့ တင်ဆောင်လာသည်ဟူသော သံသယဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

ဗြိတိန်က အီရန်ရေနံတင်သင်္ဘော ဖမ်းဆီးလိုက်မှုကို အီရန်က ပင်လယ်ဓားပြမှု ကျူးလွန်နေခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ဇူလိုင် ၁၉ ရက်တွင် ဗြိတိန်ရေနံတင်သင်္ဘောတစ်စင်းကို နိုင်ငံတကာ ရေကြောင်းသွားလာမှု စည်းမျဉ်းများကို ချိုးဖောက်သည်ဟုဆိုကာ ဟော်မုဇ်ရေလက်ကြား၌ ဖမ်းဆီးခဲ့သည်။

မကြာသေးမီရက်ပိုင်းအတွင်း ဗြိတိန်က ဖမ်းဆီးထားသည့် အီရန်ရေနံတင်သင်္ဘောကို ဂျီဘရော်လ်တာ အာဏာပိုင်များက ပြန်လွှတ်ပေးတော့မည်ဆိုသော ခန့်မှန်းသတင်းများပေါ်ထွက်လာခဲ့သည်။

**အေအက်ဖ်ပီ**

# ကုန်သွယ်ရေးမှာ တစ်ဖက်နှင့်တစ်ဖက် အယုံအကြည်ကင်းမဲ့လာသည့် ဂျပန်နှင့် တောင်ကိုရီးယား

•••• ကလျာမိုးမြင့် ••••

**ဂျပန်နဲ့ ကိုရီးယားနှစ်နိုင်ငံအကြားမှာ ကုန်သွယ်ရေးစစ်ပွဲတွေ ဆက်လက်ဖြစ်ပွားနေချိန်မှာပဲ တောင်ကိုရီးယားနိုင်ငံက ဂျပန်စက်ရုံတွေအပေါ်မှာ စီးပွားရေးအရ မှီခိုအားထားနေမှုကို ဖြတ်ချပစ်တော့မယ်လို့ ခုရက်ပိုင်းအတွင်းမှာပဲ ကြေညာလိုက်ပါတယ်။ ဂျပန်နိုင်ငံက ထုတ်ကုန်ပစ္စည်းတွေ၊ စက်ပစ္စည်းအစိတ်အပိုင်းတွေနဲ့ စက်ရုံတွေအပေါ် တောင်ကိုရီးယားနိုင်ငံက အမှီသဟဲပြုနေရတာတွေကို လျှော့ချဖို့ ပြီးပြည့်စုံတဲ့ အစီအစဉ်တွေ ချမှတ်ရေးအတွက် တောင်ကိုရီးယား အစိုးရက လုပ်ဆောင်နေတယ်လို့ တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီး ဟုန်နမ်ကီက ပြောကြားခဲ့တာဖြစ်ပါတယ်။**




ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို ဆန့်ကျင်ဆန္ဒပြနေသည့် တောင်ကိုရီးယားနိုင်ငံသားများကို တွေ့ရစဉ်။

### ဆက်ဆံရေးယိုယွင်း

ပြီးခဲ့တဲ့ ဇူလိုင် ၁ ရက်က တောင်ကိုရီးယားဆီ တင်ပို့မယ့် နည်းပညာမြင့် ကုန်ပစ္စည်းသုံးမျိုးအပေါ်မှာ ဂျပန်က ပိုမိုစည်းကမ်းတင်းကျပ်လိုက်တာကစလို့ ဂျပန်နဲ့ တောင်ကိုရီးယား နှစ်နိုင်ငံ ဆက်ဆံရေး စတင်ယိုယွင်းလာခဲ့တာပါ။ ဂျပန်က စည်းကမ်းတင်းကျပ်လိုက်တဲ့ ကုန်ပစ္စည်းသုံးမျိုးဟာ တစ်ပိုင်းလျှပ်ကူးပစ္စည်းတွေ ထုတ်လုပ်ရာမှာ မရှိမဖြစ်အရေးပါတဲ့ ပစ္စည်းတွေဖြစ်ပါတယ်။ ဒီလောက်နဲ့တင်မကသေးဘဲ ဂျပန်နိုင်ငံဟာ တင်ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ယုံကြည်စိတ်ချရတဲ့ နိုင်ငံများစာရင်းလို့ဆိုရတဲ့ အဖြူရောင်စာရင်းကနေ တောင်ကိုရီးယားနိုင်ငံကို ဖယ်ရှားလိုက်ပါသေးတယ်။

### မကျေနပ်ချက်တွေ

တင်ပို့ကုန်စည်းမျဉ်း တင်းကျပ်မှုထဲမှာ ပါဝင်တဲ့ ကုန်ပစ္စည်းတွေထဲကတစ်ခုဖြစ်တဲ့ ဟိုက်ဒရိုဂျင်ဖလိုရိုက်ကို တောင်ကိုရီးယားနိုင်ငံဆီ တင်ပို့ခဲ့ပြီးနောက်မှာ မြောက်ကိုရီးယားနိုင်ငံဆီ သင်္ဘောနဲ့ ပို့ဆောင်ဖြန့်ဖြူးခဲ့တယ်ဆိုတဲ့ သတင်းထွက်ပေါ်မှုတွေလည်းရှိခဲ့တယ်။ တောင်ကိုရီးယားနိုင်ငံကတော့ အဲဒီစွပ်စွဲချက်ကို ငြင်းဆန်ထားပါတယ်။ ကံအကြောင်းမလှစွာနဲ့ပဲ နောက်ထပ်တင်းမာမှုတွေ အတော်လေးဖြစ်လာနိုင်ဖွယ်ရှိနေတယ်လို့ Wisdom Tree ရင်းနှီးမြှုပ်နှံမှုအဖွဲ့ အကြီးတန်း အကြံပေးပုဂ္ဂိုလ် ဂျက်စပါကိုးလ်က ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း စီအန်ဘီစီသို့ ပြောကြားခဲ့ပါတယ်။

နှစ်ပေါင်းများစွာ မျိုသိပ်လာရတဲ့ အခဲမကျေဖြစ်မှုတွေ စုပုံလာရာကနေ တောင်ကိုရီးယား တရားရုံးချုပ်က စစ်အတွင်း လုပ်သားစေခိုင်းခံရမှုကိစ္စအတွက် ဂျပန်ကုမ္ပဏီတွေအနေနဲ့ နစ်နာကြေးပေးအပ်ဖို့ နောက်ဆုံးစီရင်ချက်ချမှတ်ခဲ့မှုက တင်းမာမှုတွေကို အမြင့်ဆုံးအခြေအနေရောက်ရှိသွားစေခဲ့တယ်လို့ ကိုးလ်က သုံးသပ်ခဲ့ပါတယ်။

### တရားရုံးစီရင်ချက်

ဂျပန်က တောင်ကိုရီးယားနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ချိန်အတွင်း တောင်ကိုရီးယားလုပ်သားတွေကို မတရားစေခိုင်းခဲ့တဲ့ ဂျပန်ကုမ္ပဏီ မစ်ဆူဘီရှီအနေနဲ့ လုပ်သားအဖြစ် စေခိုင်းခံခဲ့ရသူတွေကို လျော်ကြေးပေးအပ်ဖို့ ပြီးခဲ့တဲ့နှစ်မှာ တောင်ကိုရီးယားတရားရုံးချုပ်က အမိန့်ချလိုက်ပါတယ်။ တရားရုံးရဲ့ စီရင်ချက်ကို ဂျပန်က ပြင်းပြင်းထန်ထန် ထိုးနှက်ခဲ့ပြီး ဒီကိစ္စက ၁၉၆၅ ခုနှစ် သဘောတူစာချုပ်အောက်မှာ ပြီးပြတ်သွားပြီဖြစ်တဲ့ကိစ္စလို့ ပြောကြားခဲ့ပါတယ်။

တင်ပို့ကုန်ထိန်းချုပ်မှုကိစ္စမှာ တောင်ကိုရီးယားက တစ်ပိုင်းလျှပ်ကူးပစ္စည်းပြုလုပ်ရာမှာ သုံးတဲ့ ဓာတုပစ္စည်းတွေအပေါ် ထိန်းချုပ်နေတာကို ပယ်ဖျက်ပေးဖို့ ဂျပန်ကို မေတ္တာရပ်ခံခဲ့ပေမယ့် အဲဒီ တောင်းဆိုချက်ကို ငြင်းပယ်ခံခဲ့ရပါတယ်။ တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီးဌာနက ဒီကိစ္စကို ဩဂုတ် ၂၃ ရက်ကနေ ၂၄ ရက်အထိ ကျင်းပမယ့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးရဲ့ အထွေထွေကောင်စီအစည်းအဝေးမှာ တင်ပြဖို့ စီစဉ်နေတယ်လို့ ပြောကြားခဲ့ပါတယ်။

### အမေရိကန်ရဲ့ကြားဝင်မှု

အရှေ့အာရှ အိမ်နီးချင်းနှစ်နိုင်ငံအကြား ဖြစ်ပွားတဲ့ ကုန်သွယ်ရေးပဋိပက္ခထဲမှာ အမေရိကန်ကလည်း ဆွဲခေါ်စရာမလိုဘဲ ပါဝင်လာပါတယ်။ အကြောင်းကတော့ ဂျပန်နဲ့ တောင်ကိုရီးယားဆိုတာဟာ ဒေသအတွင်းမှာ အမေရိကန်ရဲ့ အကြီးဆုံး မဟာမိတ်တွေ ဖြစ်နေလို့ပါပဲ။ အရှေ့အာရှ မူဝါဒဆိုင်ရာ အမေရိကန်ထိပ်တန်းသံအမတ် ဘကီးဒေးဗစ် စတီဝဲလ်ဟာ ဩဂုတ် ၁၄ ရက်က တောင်ကိုရီးယားအာဏာပိုင်တွေနဲ့ ဆိုးလ်မြို့မှာ တွေ့ဆုံခဲ့ကြပါတယ်။

### တိုက်ရိုက်မေးခွန်းတွေ ဖြေမှာမဟုတ်

တောင်ကိုရီးယားနဲ့ ဆက်စပ်တဲ့ အကြောင်းအရာမှန်သမျှတွေမှာ အမေရိကန်က စေ့စပ်ညှိနှိုင်းမယ်။ ဒါပေမယ့် ပဋိပက္ခထဲမှာ အမေရိကန်က ပါဝင်ရမယ့် အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး တိုက်ရိုက်မေးမြန်းလာတဲ့ မေးခွန်းတွေကိုတော့ တုံ့ပြန်ဖြေကြားမှာမဟုတ်ဘူးလို့ ဆိုလာတာဖြစ်ပါတယ်။ ဂျပန်နဲ့ တောင်ကိုရီးယားရဲ့အငြင်းပွားမှုတွေကြားမှာ အမေရိကန်က ဝင်ရောက်စွက်ဖက်မှာ မဟုတ်ဘူးလို့ မစ္စတာ စတီဝဲလ်က ပြီးခဲ့တဲ့ ရက်သတ္တပတ်က ပြောကြားခဲ့ပါတယ်။ ကိုရီးယားနဲ့ ဂျပန်ရဲ့ ပဋိပက္ခထဲကို သမ္မတထရမ့် အမှန်တကယ်ပါဝင်လာမလားဆိုတာကို ကျွမ်းကျင်သူတွေလည်း သေချာမပြောရဲသေးပါဘူး။

### နားမလည်နိုင်

တောင်ကိုရီးယားနိုင်ငံကလည်း ကုန်သွယ်ရေးဆိုင်ရာ ယုံကြည်စိတ်ချရတဲ့ နိုင်ငံတွေ စာရင်းကနေ ဂျပန်ကို ထုတ်ပယ်လိုက်တာနဲ့ ပတ်သက်ပြီး နားမလည်နိုင်အောင်ဖြစ်ရတယ်လို့ ဂျပန်ဘက်က ပြောဆိုထားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီး ဆန်ယွန်မိုက နိုင်ငံတကာ စည်းမျဉ်းတွေကို ချိုးဖောက်ပြီး ပြည်ပပို့ကုန်တွေကို ထိန်းချုပ်ဖို့ ကြိုးစားတဲ့နိုင်ငံတွေကြောင့် သတ်မှတ်ချက်အသစ်ကို ပြဋ္ဌာန်းရတာဖြစ်တယ်လို့ ဖြေရှင်းထားပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကျန်ဟွာက ဂျပန်ရဲ့ စည်းကမ်းတင်းကျပ်မှုတွေက တောင်ကိုရီးယား ကုမ္ပဏီတွေကို ထိခိုက်စေခြင်းမရှိခဲ့သလို ကမ္ဘာလုံးဆိုင်ရာ ရောင်းလိုအားကွင်းဆက်ကိုလည်း အနှောင့်အယှက်မဖြစ်စေဘူး။ ပြီးတော့ အမေရိကန်ကုမ္ပဏီတွေလည်း နစ်နာဆုံးရှုံးစေတာမျိုး မရှိဘူးလို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနဲ့ ဆွေးနွေးမှုအတွင်း ပြောကြားခဲ့ပါတယ်။

### စိန်ခေါ်မှုများ

နောက်ပိုင်းမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်-ဂျပန်-တောင်ကိုရီးယား သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုရဲ့ အရေးကြီးပုံကို ဖော်ပြထားတဲ့ ဖော်ပြချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ပြီး ဒေသအတွင်းမှာ ပေါ်ပေါက်လာတဲ့ ဘုံစိန်ခေါ်မှုတွေကို အတူတကွနီးကပ်စွာ အဖြေရှာသွားဖို့ သဘောတူခဲ့ပါတယ်။ လေ့လာသူအချို့က ဂျပန်နဲ့ တောင်ကိုရီးယားကိစ္စမှာ အမေရိကန်က တက်ကြွတဲ့ကြားဝင်စေ့စပ်သူအဖြစ် ရှေ့ဆက်တိုးလာဖို့က အတော်လေးဖြစ်နိုင်ခြေနည်းတယ်လို့ သုံးသပ်လျက်ရှိပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အစိုးရအဖွဲ့ဟာ ကုန်သွယ်ရေးဆိုတာကို လက်နက်တစ်ခုအဖြစ် အသုံးချဖို့ သိပ်ပြီးတွေဝေနေမယ့်သူ မဟုတ်တဲ့အပြင် နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်မှုတွေကို အဖြေရှာတဲ့နေရာမှာ ကုန်သွယ်ရေးကို ခုတုံးလုပ်ဖို့ဆိုတာကလည်း လက်ရှိအမေရိကန်အစိုးရအဖွဲ့အတွက် အတော်လေး အကျိုးအကြောင်းညီညွတ်နေတယ်။ သမ္မတထရမ့်အတွက်ကတော့ အမေရိကန်ဟာ နံပါတ်တစ်ဦးစားပေးဖြစ်ပြီး ဘယ်ဟာကမှ အမေရိကလောက် အရေးမကြီးဘူး။ ကျန်တဲ့ကိစ္စတွေက တခြားသူတွေရဲ့ ပြဿနာလို့ ၎င်းက ပုံသေသတ်မှတ်ထားတဲ့သူတစ်ယောက်လို့ ဒီကိစ္စတွေကိုလေ့လာနေတဲ့ ကိုးလ်က ဆိုပါတယ်။

အာရှနိုင်ငံနှစ်ခုအကြား တစ်ဖက်နဲ့ တစ်ဖက် အယုံအကြည်ကင်းမဲ့လာမှုဟာ အသစ်အဆန်း မဟုတ်လှသလို ၂၀ ရာစုနှစ်အစောပိုင်းမှာတုန်းက တောင်ကိုရီးယားနိုင်ငံကို ဂျပန်က ကျူးကျော်ခဲ့တဲ့ အချိန်အခါတစ်ခုဆီ ပြန်ရောက်သွားခဲ့သလိုပါပဲ။ ဒုတိယကမ္ဘာစစ်အတွင်းမှာတုန်းကလည်း ကိုရီးယားအမျိုးသမီးအများအပြားကို လိင်လုပ်သားတွေအဖြစ် အတင်းအကျပ် စေခိုင်းခံခဲ့ရတာနဲ့ ပတ်သက်လို့ ဂျပန်နဲ့ တောင်ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးဟာ တစ်ခါပျက်ယွင်းခဲ့ရဖူးပါတယ်။

ဂျပန်က ကုန်သွယ်ရေးဆိုင်ရာ စည်းမျဉ်းတွေကို တင်းကျပ်တာဟာ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ ရေတိုနိုင်ငံရေးလှည့်ကွက်တစ်ခုကြောင့် မဟုတ်ဘဲ ကာလကြာစောင့်ဆိုင်းနေခဲ့တဲ့ မဟာဗျူဟာတစ်ခု ပိုပြီးဖြစ်နိုင်တယ်လို့ ကုန်သွယ်ရေးပဋိပက္ခအပေါ် စောင့်ကြည့်နေသူတွေက ရှုမြင်လျက်ရှိပါတယ်။ တောင်ကိုရီးယားနဲ့ ဂျပန်တို့အကြား အတိတ်ကာလက မကျေနပ်ချက်တွေဟာ ကုန်သွယ်ရေးစစ်ပွဲအသွင်နဲ့ ပြန်ပြီးပေါ်ထွက်လာခဲ့သလားလို့ တွေးဆစရာဖြစ်ပါကြောင်း။ ။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ စီအင်န်ဘီစီ**

**ဂျပန်က ကုန်သွယ်ရေးဆိုင်ရာ စည်းမျဉ်းတွေကို တင်းကျပ်တာဟာ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ ရေတိုနိုင်ငံရေး လှည့်ကွက်တစ်ခုကြောင့်မဟုတ်ဘဲ ကာလကြာစောင့်ဆိုင်းနေခဲ့တဲ့ မဟာဗျူဟာတစ်ခု ပိုပြီးဖြစ်နိုင်**

## နိုင်ငံတကာ သတင်းတိုထွာ

### ကမ္ဘာတစ်ဝန်း ဝက်သက်ရောဂါဖြစ်ပွားမှု မြန်မြန်ဆန်ဆန် တိုးပွားလာနေသည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး

**ဂျီနီဗာ ဩဂုတ် ၁၅**

ကမ္ဘာ့တစ်ဝန်း၌ ဝက်သက်ရောဂါဖြစ်ပွားမှု အလျင်အမြန် တိုးပွားလာနေမှုနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးခဲ့ကြောင်း သိရသည်။

ယခုနှစ်၏ ပထမခုနစ်လအတွင်း ကမ္ဘာတစ်ဝန်း ဝက်သက်ရောဂါဖြစ်ပွားမှု အရေအတွက်သည် ပြီးခဲ့သည့်နှစ် အလားတူ ကာလကထက် သုံးဆတိုးပွားလာကြောင်း သိရသည်။ ယခုနှစ် ဇန်နဝါရီလနှင့် ဇူလိုင်လအတွင်း နိုင်ငံပေါင်း ၁၈၂ နိုင်ငံတို့တွင် လူပေါင်း ၃၆၄၀၀၀ ကျော်တို့ ဝက်သက်ရောဂါဖြစ်ပွားခဲ့ကြောင်း အချက်အလက်များတွင် ဖော်ပြသည်။

ဝက်သက်ရောဂါကာကွယ်ဆေး တစ်ကြိမ်တစ်ခါမျှ မထိုးဖူးသေးသူ အများအပြားရှိရာ နိုင်ငံများတွင် ရောဂါဖြစ်ပွားမှု သိသိသာသာ တိုးပွားလာခြင်းဖြစ်သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

### တရုတ်တင်ပို့ကုန်များအပေါ် အမေရိကန် အခွန်တိုးမြှင့်ကောက်ခံမှု ရက်ရွှေ့ဆိုင်းပြီးနောက် စတော့ရှယ်ယာဈေးပြန်တက်

**တိုကျို ဩဂုတ် ၁၅**

အမေရိကန်အစိုးရသည် တရုတ်တင်ပို့ကုန်များအပေါ် အခွန်ထပ်မံ တိုးမြှင့်ကောက်ခံမည့် အစီအစဉ်ကို ဒီဇင်ဘာလသို့ ရွှေ့ဆိုင်းလိုက်ပြီးနောက် တိုကျို၌ စတော့ရှယ်ယာဈေးများ ပြန်တက်လာခဲ့ကြောင်းသိရသည်။

ဩဂုတ် ၁၄ ရက်တွင် နစ်ကေး အညွှန်းကိန်းသည် ဩဂုတ် ၁၃ ရက်ကထက် ၁၉၉ မှတ် မြင့်တက်ခဲ့ပြီး ၂၀၆၅၅ မှတ်ဖြင့် ဈေးပိတ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံမှ စမတ်ဖုန်းများနှင့် တင်ပို့ကုန်အချို့တို့အပေါ် အခွန်ထပ်မံတိုးမြှင့်ကောက်ခံမည့် အစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ပြီးနောက် တစ်ပိုင်း လျှပ်ကူးပစ္စည်းများနှင့် ဆက်စပ်နေသည့် ရှယ်ယာများ အဝယ်အော်ဒါ မြင့်တက်လာခဲ့ကြောင်း ဈေးကွက်သတင်းရင်းမြစ်များက ဖော်ပြသည်။

သို့သော်လည်း အမေရိကန်နှင့် တရုတ် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများ မရေမရာ ဖြစ်နိုင်သည်ဆိုသော ခန့်မှန်းချက်များကြောင့် ငွေကြေးရင်းနှီးမြှုပ်နှံသူများသည် အခြေအနေကို ဆက်လက်သတိထားစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ပဲခူးတိုင်းဒေသကြီးအတွင်း မီနီဘတ်စ်နှင့် စီးတီးဘတ်စ်များပြေးဆွဲနိုင်ရေး Daewoo Bus စက်ရုံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကြည့်ရှု

**ပဲခူး ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများသည် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပြည်လမ်းရှိ Daewoo Bus Myanmar Co.,Ltd. သို့ သွားရောက်ကြည့်ရှုသည်။

အဆိုပါကုမ္ပဏီ၏ အစည်းအဝေးခန်းမ၌ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာကျော်ကျော်အောင်က စက်ရုံများတွင် ယာဉ်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှု၊ ယာဉ်လိုင်းပြေးဆွဲမည့် အစီအစဉ်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေအရ သယ်ယူပို့ဆောင်ရေးကဏ္ဍသည် အလွန်အရေးကြီးလာကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းတွင်လည်း သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ မိမိတို့အစိုးရလက်ထက်တွင် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ နောက်ပိုင်းတွင် အများပိုင်အဖွဲ့တစ်ခုအဖြစ် ဆောင်ရွက်သွားရန် ရည်ရွယ်ထားကာ သယ်ယူပို့ဆောင်ရေးကဏ္ဍကိုမြှင့်တင်ရန် ဆောင်ရွက်နေသလို လမ်း/တံတား ကြံ့ခိုင်မှု၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ ကားမှတ်တိုင်များ စနစ်တကျ သတ်မှတ်ထားရှိခြင်းတို့ကို ကဏ္ဍတစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရှေ့ပြေးစီမံကိန်းမှာ ခရီးစဉ်များ စတင်စမ်းသပ်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြရာ မန်နေးဂျင်းဒါရိုက်တာက မော်တော်ကားထုတ်လုပ်နေမှု အဆင့်ဆင့်ကို လိုက်လံရှင်းလင်းခဲ့သည်။

အဆိုပါ ကုမ္ပဏီသည် ကိုရီးယားနိုင်ငံအခြေစိုက်ဖြစ်ပြီး မော်တော်ယာဉ်များကို ၁၉၅၅ခုနှစ်မှစတင်၍ ထုတ်လုပ်ကာ ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်၊ ကာဂျစ်စတန်၊ ပါကစ္စတန်၊ တရုတ်(တိုင်ပေ)၊ မြန်မာနိုင်ငံတို့တွင် မော်တော်ကားထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်ထားပြီး မှာယူသည့်ပြည်ပနိုင်ငံ ၅၁ နိုင်ငံသို့တင်ပို့ရောင်းချခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်အရ Daewoo Bus များကို ပြည်တွင်း၌ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရှေ့ပြေးစီမံကိန်းအဖြစ် Lestar Mini Bus ငါးစီးနှင့် BS 106 City Bus ငါးစီးတို့ကို ၂၀၁၉ ခုနှစ် မတ်လမှစတင်၍ ထုတ်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းတွင် ရန်ကုန်-ပဲခူး၊ ပဲခူး-ညောင်လေးပင်၊ ညောင်လေးပင်-ရေတာရှည်၊ ရေတာရှည်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန် စသည့်ခရီးစဉ်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတွင် ရန်ကုန်-တိုက်ကြီး၊ တိုက်ကြီး-မင်းလှ၊ မင်းလှ-ပေါင်းတည်၊ ပေါင်းတည်-ပြည်၊ ပြည်-ရန်ကုန် စသည့် ခရီးစဉ်များကိုလည်းကောင်း Daewoo Bus Myanmar မှ ထုတ်လုပ်သည့် ကားသစ်ကြီးများဖြင့် စတင်စမ်းသပ်ပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း Daewoo Bus စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

**ဟိန်းထက် (ပဲခူး)**

# ရေကြီးနစ်မြုပ်နေသည့် ခရားအတွင်း ကျေးရွာမိသားစုဝင်များအား ကရင်ပြည်နယ်ဝန်ကြီးချုပ် စားရိက္ခာများ ထောက်ပံ့

**ဘားအံ ဩဂုတ် ၁၅**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ဇာသပြင်အနောက် ကျေးရွာ ထူပါရာမကျောင်းတိုက် ဓမ္မာရုံနှင့် ဇာသပြင်အရှေ့ကျေးရွာ သုဓမ္မာကျောင်းကြီးဓမ္မာရုံတို့တွင် ဘားအံမြို့နယ်အတွင်းရှိ ဇာသပြင်အရှေ့၊ ဇာသပြင်အနောက်၊ ကော့လမု၊ ကော့သင်း၊ ခရားအတွင်း၊ ခရားအပြင်၊ သံလှယ်ကျေးရွာ ခုနစ်ရွာမှ ကိုယ်ဝန်ဆောင် ၃၂၀၊ အသက် နှစ်နှစ်အောက် ကလေးငယ် ၂၆၁ ဦး တို့အတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ တတိယအကြိမ် ထောက်ပံ့သော တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ စီကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေသန့်၊ ဆေးထုပ်များနှင့် အာဟာရရှိ မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဂျိုင်းမြစ်ရေမြင့်တက်မှုကြောင့် ခရားအတွင်းကျေးရွာရှိ အိမ်ထောင်စု ၁၃၅၀ ရေကြီးနစ်မြုပ်သည့် ကျေးရွာအဝင်လမ်းတစ်လျှောက် အိမ်ထောင်စုများအား အိမ်ထောင်စုတစ်စုလျှင် ဆန်ငါးပြည်၊ ဆီ၊ ငါးသေတ္တာဘူးကို ထောက်ပံ့ပေးခဲ့ပြီး ကျန်မိသားစုဝင်များအား ရွာလယ်ဘုရားဓမ္မာရုံတွင် တွေ့ဆုံပြီး အိမ်ထောင်စုတစ်စုလျှင် ဆန်ငါးပြည်၊ ဆီ၊ ငါးသေတ္တာဘူးများကိုလည်းကောင်း၊ ခရားအတွင်းကျေးရွာနှင့် ခရားအပြင်ကျေးရွာများတွင် တာဝန်ထမ်းဆောင်နေကြသော ပညာရေး၊ ကျန်းမာရေး ဆရာ ဆရာမများအား အသင့်စား ခေါက်ဆွဲခြောက်ထုပ်များနှင့် ပစ္စည်း ခြောက်မျိုးပါ Hygiene Kit များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ခရားအတွင်းကျေးရွာ ရေကြီးနစ်မြုပ်နေမှုကို ကွင်းဆင်းကြည့်ရှုစဉ်။

# ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းဆောင်ရွက်မှု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**မကွေး ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးဇော်မင်းနှင့်အတူ ဩဂုတ် ၁၃ ရက်က မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် တည်ဆောက်ထားရှိသော ရေမြောင်း/တံတား လုပ်ငန်းများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ငွေဖြင့် ဆက်လက်ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာတို့က လိုက်ပါရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး (ငဖဲ)**

# ကွန်ဟိန်းမြို့၌ ဒေသဖွံ့ဖြိုးရေး ဒေသခံများနှင့် ဆွေးနွေး

**ကွန်ဟိန်း ဩဂုတ် ၁၅**

ရှမ်းပြည်နယ် တောင်ပိုင်း ကွန်ဟိန်းမြို့၌ ပြည်နယ် လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်၊ ဒေသခံလားဟူတိုင်းရင်းသားများနှင့် တွေ့ဆုံပွဲကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကွန်ဟိန်းမြို့ခရီးစဉ်၌ ပြည်သူများတင်ပြခဲ့မှုအပေါ် ဆောင်ရွက်ပေးနိုင်မှုများကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများကို ပြန်လည်တင်ပြခဲ့သည်။ ယင်းနောက် တက်ရောက်လာသူများက လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ (၇)ရရှိရေး၊ ပညာရေးကဏ္ဍများ၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရရှိရေး အစရှိသည့်လိုအပ်ချက်များကို တင်ပြခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများကို တင်ပြကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ဖြည့်စွက်တင်ပြခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# အင်းတော်ကြီးကန်ရေပြင်စောင့်ကြည့်လေ့လာခြင်းများ လစဉ်ဆောင်ရွက်လျက်ရှိရာ ရေအရည်အသွေးကောင်းမွန်လျက်ရှိ

**မိုးညှင်း ဩဂုတ် ၁၅**

ကချင်ပြည်နယ် အင်းတော်ကြီးမြို့တွင် တည်ရှိသည့် အင်းတော်ကြီးကန် ရေပြင်စောင့်ကြည့်လေ့လာခြင်းများကို လစဉ်နေရာ ငါးနေရာ၌ တိုင်းတာဆောင်ရွက်လျက်ရှိရာ ဇူလိုင်လအထိ ကန်ရေအရည်အသွေးမှာ ကောင်းမွန်လျက်ရှိကြောင်း အင်းတော်ကြီး ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းထံမှ သိရသည်။

ကန်ရေပြင်၏ လက်ရှိအခြေအနေနှင့်ပြောင်းလဲလာမှုကို စနစ်တကျမှတ်တမ်းတင်နိုင်ပြီး နှစ်အလိုက်လုပ်ငန်းစီမံချက်များ ရေးဆွဲရာတွင် အထောက်အကူရရှိစေရန် စိုက်ပျိုးရေးလုပ်ငန်းနှင့် ရွှေလုပ်ငန်းများတွင် အသုံးပြုသည့် ဓာတုဆေးဝါးများ၊ အညစ်အကြေးများ ကန်အတွင်းကျရောက်မှုအခြေအနေကို သိရှိနိုင်ပြီး ဒေသခံပြည်သူများသို့ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရန်၊ ကန်ထိခိုက်ပျက်စီးမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် နုန်းစစ်ကန်များ တည်ဆောက်ရာတွင် အထောက်အကူရရှိစေရန် စသည့်ရည်ရွယ်ချက်များနှင့် လစဉ်နေရာငါးနေရာတွင် ကန်ရေပြင်အတိမ်အနက် ရေကိုဖောက်ထွင်းမြင်နိုင်စွမ်း PH Level တိုင်းတာခြင်း၊ ရေအပူချိန်နှင့် အောက်ဆီဂျင်ပါဝင်မှုနှုန်းများ စသည့်အချက်များကို တိုင်းတာခြင်းဖြစ်သည်။

**သိသာစွာကွာခြားမှုမရှိ**

အဆိုပါတိုင်းတာခြင်းများကို ၂၀၁၆ ခုနှစ်မှစတင်၍ လစဉ်တိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဇူလိုင်လနှင့် ၂၀၁၉ ခုနှစ် ဇူလိုင်လကာလတူ ကန်ရေအရည်အသွေးမှာ သိသာစွာပြောင်းလဲခြင်းမရှိဘဲ PH Level မှာ ၇ ဒသမ ၅ မှ ၈ ဝန်းကျင် အတွင်းသာရှိပြီး ကန်ရေပြင်အတိမ်အနက်မှာ မိုးရွာသွန်းမှုအပေါ်လိုက်ပြီး ပြောင်းလဲလျက်ရှိသည်။ ရေကိုဖောက်ထွင်းမြင်နိုင်စွမ်းမှာ ၂၀၁၈ ခုနှစ် ကာလတူလထက် ရေကြည်လင်ခြင်း ပိုမိုကောင်းမွန်ပြီး အောက်ဆီဂျင်ပါဝင်မှုနှုန်းသည် ၂၀၁၈ ခုနှစ်ကာလတူလထက် အောက်ဆီဂျင်ပါဝင်မှုနှုန်း လျော့နည်းလာပြီး ကန်ရေပြင်အပူချိန်သည် ၂၀၁၈ ခုနှစ်ကာလတူလနှင့် သိသာစွာကွာခြားမှုမရှိကြောင်း သိရသည်။

“အင်းတော်ကြီးကန်ပတ်ဝန်းကျင်မှာရှိတဲ့ လယ်တွေဟာ စိုက်ပျိုးရေးသုံး ဆေးဝါးတွေ သုံးစွဲမှုလျော့နည်းလာတာရယ်၊ စက်ယန္တရားတွေသုံးပြီး ရွှေမျှောလုပ်ကိုင်မှုတွေလျော့နည်းလာတဲ့အတွက် ကန်ထဲကို နုန်းအနည်အနှစ်နဲ့ ဓာတုဆေးဝါးတွေပို့ချမှုလျော့နည်းလာတာရယ်ကြောင့် ကန်ရေအရည်အသွေးဟာ ပြောင်းလဲမှုမရှိပါဘူး”ဟု အင်းတော်ကြီးဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ပြောသည်။

**ဧက ထောင်ချီ စိုက်ပျိုးလာ**

“အခုဆိုရင် ကန်ပတ်ဝန်းကျင်က တောင်သူတွေဟာ အော်ဂဲနစ်နည်းနဲ့ စိုက်ပျိုးတာကို တော်တော်စိတ်ဝင်စားလာတယ်။ ၂၀၁၆ခုနှစ်မှာ ဧက ၁၀၀ လောက်ပဲ အော်ဂဲနစ်အသုံးပြုစိုက်ပျိုးရာကနေ အခုနှစ်ဆိုရင် ဧက ထောင်ချီစိုက်ပျိုးလာပါပြီ။ ကျွန်တော်တို့က အဖွဲ့အစည်းအချို့နဲ့ပူးပေါင်းပြီး နည်းပညာနဲ့ ငွေကြေးအကူအညီတွေပါပေးနေပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

အင်းတော်ကြီးကန်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးရေချိုအိုင်ကြီးဖြစ်ပြီး ကန်နှင့်ပတ်ဝန်းကျင်ရှိ ကြိုးဝိုင်းငါးခုကို အင်းတော်ကြီးတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအဖြစ် ၂၀၀၄ ခုနှစ်တွင် သတ်မှတ်ဖွဲ့စည်းခဲ့သည်။ နိုင်ငံတကာအသိအမှတ်ပြုအဖြစ် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ရမ်ဆာ ရေဝပ်ဒေသအဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် လူသားနှင့်ဇီဝအဝန်းနယ်မြေအဖြစ်လည်းကောင်း သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

**ကျော်ကျော်ထွေး (မိုးညှင်း)**

# ပေါင်းတည်မြို့နယ်ရှိ ကျေးရွာအချို့ ရေဝင်၊ စာသင်ကျောင်းအချို့ ပိတ်ထားရ

ပေါင်းတည် ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ယခုရက်ပိုင်း မိုး အဆက်မပြတ်ရွာသွန်းမှုကြောင့် နွားသတ်ချောင်း ရေလျှံသဖြင့် ပေါင်းတည်မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာအချို့ ရေဝင်ခဲ့ပြီး စာသင်ကျောင်းအချို့ ပိတ်ထားရကာ စိုက်ပျိုးပြီး မိုးစပါး ဧက ၄၀၀၀ကျော် ရေကြီးနစ်မြုပ်နေလျက်ရှိကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

နွားသတ်ချောင်းရေသည် ဩဂုတ် ၁၁ ရက်မှ စတင်လျှံခဲ့ပြီး ယမန်နေ့အထိ ပေါင်းတည်(အထက)၊ ဘုရားငါးဆူ (အလက)၊ ရေလည်ကြီး(အလက) အစရှိသည့် ကျောင်းများ ယာယီပိတ်ထားရကာ ညောင်ပင်ကပ် ကျေးရွာအုပ်စု၊ သဖန်းပင်ဆိပ် ကျေးရွာအုပ်စုတို့၌ ရေနစ်မြုပ်လျက်ရှိနေပြီး မိုးအဆက်မပြတ် ဆက်လက်ရွာသွန်းနေသည့်အတွက် ရေပြန်ကျမည့် အနေအထား မရှိသေးကြောင်း ဒေသခံများထံမှ သိရသည်။



ပေါင်းတည်မြို့နယ် ကျေးရွာတစ်ရွာတွင် ချောင်းရေလျှံနေမှုကို တွေ့ရစဉ်။

စာသင်ကျောင်းများ ယာယီပိတ်ထားရခြင်းနှင့် ပတ်သက်၍ "ကျောင်းတွေမှာရှိတဲ့ စာရွက်စာတမ်းတွေကို ရေစိုပျက်စီးမှု မရှိအောင် ရွှေ့ပြောင်းထားပါတယ်။ ရေပြန်ကျလို့ ကျောင်းတွေ ပြန်ဖွင့်ရင် ပိတ်ထားရတဲ့ရက်တွေအတွက် အစားထိုး ပြန်သင်နိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ပညာရေးရုံးမှ ဒုတိယပညာရေးမှူး ဦးကျော်ဝင်းက ပြောသည်။

**သန်းလွင်**

# မုံရွာ၌ ရာသီဥတုနှင့် လိုက်လျောညီထွေရှိစေမည့် စိုက်ပျိုးရေးအသိပညာပေး သင်တန်းပို့ချ

မုံရွာ ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ ပြုလုပ်သော ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိစေမည့် သီးနှံစိုက်ပျိုးနည်းပညာပေးသင်တန်းနှင့် ဆောင်းနှမ်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းစိုက်ပျိုးနည်းပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးရုံး သင်တန်းခန်းမ၌ပြုလုပ်ရာ **(အောက်ပုံ)** လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးသီးနှံကာကွယ်ရေးတာဝန်ခံ၊ တာဝန်ရှိသူများနှင့် ကျေးရွာ ၂၃ ရွာမှ တောင်သူများ တက်ရောက်သည်။

ရာသီဥတုပြောင်းလဲလာမှုကြောင့် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ကေများ လျော့နည်းခဲ့သဖြင့် အဆိုပါ လျော့နည်းစိုက်ကေများ ကာမိစေရန်အတွက် သီးညှပ်စိုက်ပျိုးနည်းစနစ်များ၊ ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်း မျိုးကောင်း မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရန်၊ သီးနှံသစ်တော ရောနှောစိုက်ခင်းများဖြင့် ပြောင်းလဲစိုက်ပျိုးခြင်းကြောင့် အထွက်နှုန်းနှင့် ဝင်ငွေမထိခိုက်စေရန်၊ ယခုနှစ်တွင် ဈေးကွက်အလားအလာရှိနိုင်မည့် ဆောင်းသီးနှံ နှမ်းနက်မျိုးများကို အရည်အသွေး စံချိန်မီထုတ်ကုန်များ ရရှိစေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်စေရန် ရည်ရွယ်၍ အဆိုပါ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။



မုံရွာမြို့နယ်တွင် မိုးဦးနှင့် မိုးလယ်ရာသီများတွင် မိုးရွာသွန်းမှုမှာ ပုံမှန်ရွာသွန်းမှုအောက် ၅ ဒသမ ၇၁ ရာခိုင်နှုန်း လျော့နည်းသဖြင့် သီးနှံစုစုပေါင်းစိုက်ကေ၏ ၆၆ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးနိုင်သဖြင့် စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းနိုင်သည်ဖြစ်ရာ တောင်သူဝင်ငွေလည်း အလားတူကျဆင်းနိုင်ကြောင်း၊ အဆိုပါ ဆိုးကျိုးများ မဖြစ်ပေါ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သော ဤသင်တန်းမှ နည်းစနစ်များကို တောင်သူများလိုက်ပါဆောင်ရွက်ခြင်းအားဖြင့် ရာသီဥတုဒဏ်ခံနိုင်ပြီး အရည်အသွေးကောင်း ဈေးကွက်ဝင် သီးနှံများကို စိုက်ပျိုးလာနိုင်မည်ဖြစ်သဖြင့် တစ်ဧက ဝင်ငွေအကျိုးအမြတ်များ ပိုမိုရရှိလာနိုင်မည်ဟု မျှော်လင့်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အမာကြည်က ပြောသည်။

**မေမိုးသဲ**

# ကမမောင်းမြို့၌ အသက်ကယ်ဖိုက်ဘာစက်လှေတစ်စင်း လှူဒါန်း

ကမမောင်း ဩဂုတ် ၁၅

ကရင်ပြည်နယ် ကမမောင်းမြို့၌ ရေဘေးအန္တရာယ်ဖြစ်ပေါ်ပါက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လူ ၁၅ ဦးဆံ့ အမျိုးအစား အသက်ကယ် ဖိုက်ဘာစက်တပ်လှေကို ယမန်နေ့က ရန်ကုန်မြို့(ဇေကမ္ဘာစက်မှုဇုန်) ထူးမြတ်မြန်မာ ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်တာဝန်ခံ ဦးမင်းဟိန်းက လာရောက်လှူဒါန်းခဲ့ရာ မြို့အုပ်ချုပ်ရေးမှူးက လက်ခံယူသည်။

အဆိုပါ စက်တပ်လှေကို ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ကမမောင်းမြို့ နယ်မြေမီးသတ်စခန်း၌ အပ်နှံထားရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမာမြို့၌ လေဘေးသင့်အိမ်ထောင်စု ၃၇ စုအား ထောက်ပံ့

အမာ ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ အုပ်ချုပ်ရေးမှူးရုံး ခန်းမ၌ ယမန်နေ့က ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူများ ကွင်းဆင်းပြီး လေဘေးသင့်မိသားစုများအား အိမ်ပြန်ပြင်ဆောက်လုပ်နိုင်ရန်ငွေနှင့် တစ်ပတ်စာ စားနပ်ရိက္ခာကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးသည်။

ဩဂုတ် ၅ ရက်က ဂေါ်ဒူကျေးရွာ၌ မိုးသက်လေပြင်းတိုက်ခတ်ခဲ့ပြီး လူနေအိမ် သုံးလုံးပြိုကျကာ ၃၄ လုံး အမိုးလန်ပျက်စီးခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဖျာပုံခရိုင်ရုံးက အိမ်ပြိုကျပျက်စီးသည့် မိသားစုများအတွက် ငွေကျပ်တစ်သိန်းစီနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပုံးတစ်ပုံး၊ ငွေကျပ် ၃၀၀၀၀နှင့် မိသားစု ၃၇ စု၊ လူဦးရေ ၁၇၃ ဦးအတွက် တစ်ပတ်စာဆန်ဖိုးငွေကျပ် စုစုပေါင်း ၁၆၈၃၃၀၀ ကို ထောက်ပံ့ ပေးခဲ့သည်။ ထောက်ပံ့ပေးအပ်ပွဲသို့ အမာမြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ဘဝသစ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဂေါ်ဒူကျေးရွာ နယ်မြေမှူးနှင့် လေဘေးသင့် မိသားစုများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

# လောင်းလုံးမြို့ ကျောက်နီမော်-ကြက်လွှတ် ကားလမ်းပေါ်တွင် ယာဉ်များ ပုံမှန်ပြန်လည်ဖြတ်သန်းသွားလာနိုင်

လောင်းလုံး ဩဂုတ် ၁၅

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်တွင် ဩဂုတ် ၁၀ရက်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တောင်ပြိုကျ၍ ကျောက်နီမော်ကျေးရွာမှ မြတ်ရှင်မော်ဘုရား ကားလမ်းပေါ်တွင် မြေသားများဖုံးလွှမ်းလျက်ရှိပြီး ယာဉ်များ ဖြတ်သန်းသွားလာ၍ မရခဲ့ကြောင်း သိရသည်။

ယမန်နေ့ နံနက် ၁၁ နာရီအထိ ကျောက်နီမော်ကျေးရွာမှ ကြက်လွှတ်ကျေးရွာ အထိ ၁၀ မိုင် ၂ ဖာလုံခန့် ကားလမ်းမပေါ်တွင် ပိတ်နေသော မြေသားများကို ဖယ်ရှားရှင်းလင်းပြီးဖြစ်၍ ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ ဖြတ်သန်းသွားလာနိုင်ခဲ့ပြီး ကြက်လွှတ်ကျေးရွာမှ မြတ်ရှင်မော်ဘုရားအထိ နှစ်မိုင် နီးပါးဆက်၍ မြေသားများ ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၅-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၁၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၁၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၈၉၀ ကျပ် | ၉၀၅/၉၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၀၀ ကျပ် | ၉၂၀/၉၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၇၉၅ ကျပ် | ၈၂၅/၈၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၈၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၆ · ၆ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၀ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၁ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၃၂ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၉ · ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၇ · ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၅ · ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၂၆၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ · ၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၁ · ၇၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၁၂၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၈၂၆၅ | ၉၈၉၁၂၅၀၀ |
| MTSH | ၃၇၅၀ | ၄၁၀၀ | ၃၁၃၅၆ | ၁၂၃၆၂၃၈၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၉ | ၁၅၉၆၀၀ |
| FPB | ၂၆၅၀၀ | ၂၆၅၀၀ | ၃၈၁ | ၁၀၀၉၆၅၀၀ |
| TMH | ၃၀၅၀ | ၃၀၅၀ | ၉၆၂ | ၂၉၃၁၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## 2019-20 EPL WEEK-2

# မန်ချက်စတာစီးတီးကို စပါးဟန့်တားနိုင်မှာလား

ဝေမိုးဆက်

ပရီမီယာလိဂ်ပွဲစဉ် ၁ မှာတော့ မန်စီးတီး၊ လီဗာပူး၊ မန်ယူတို့ ဂိုးပြတ်နိုင်ပွဲတွေရခဲ့သလို အာဆင်နယ်၊ စပါးတို့လိုအသင်းကြီးတွေလည်း နိုင်ပွဲတွေ ယူဆောင်နိုင်ခဲ့ကြပါတယ်။ ဒီတစ်ပတ်ပွဲစဉ် ၂ မှာတော့ မန်စီးတီးက စပါး၊ မန်ယူက မနှစ်က အခက်တွေ့စေခဲ့တဲ့ ဝုဖ်၊ ချယ်လ်ဆီးက လက်စတာတို့နဲ့ ရင်ဆိုင်ရဦးမှာဖြစ်လို့ ပရီမီယာလိဂ်ပွဲတွေက စိတ်ဝင်စားဖို့ပိုမိုကောင်းမွန်လာမှာ သေချာနေပါတယ်။

**ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| စတားလင်း | မန်စီးတီး | ၃ |
| ဟယ်ရီကိန်း | စပါးစ် | ၂ |
| ရက်ရှ်ဖို့ဒ် | မန်ယူ | ၂ |
| ဘားနက် | ဘန်လေ | ၂ |
| အဂူရို | မန်စီးတီး | ၁ |

## Emirates Stadium

**အာဆင်နယ် - ဘန်လေ**

ယမန်နှစ်ရလဒ် - အာဆင်နယ် ၃-၁ ဘန်လေ

| အာဆင်နယ်၏ နောက်ဆုံးသုံးပွဲ | ဘန်လေ၏ နောက်ဆုံးသုံးပွဲ |
|---|---|
| ကာဒီဖ် ၀-၁ အာဆင်နယ် | ဘန်လေ ၃-၀ ဆောက်သမ်တန် |
| ဘာစီလိုနာ ၂-၁ အာဆင်နယ် | ဘန်လေ ၂-၀ ပါမား |
| အာဆင်နယ် ၁-၂ လိုင်ယွန် | ဘန်လေ ၆-၁ နိုက်စ် |

နယူးကာဆယ်ကိုအနိုင်ရခဲ့ပေမယ့် အာဆင်နယ်ခြေစွမ်းပိုင်းကထင်သလောက်မတည်ငြိမ်သေးတာတွေ့ရတယ်။ ဒါပေမယ့် ဒီပွဲက အိမ်ကွင်းဖြစ်တာကြောင့် အာဆင်နယ်ရဲ့ကစားအားက ပိုကောင်းလာနိုင်သလို ဘန်လေကလည်း ဆောက်သမ်တန်ကို ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် အဝေးကွင်းခြေက စိတ်မချရဘူး။ အာဆင်နယ်အိမ်ကွင်းမှာ ခြေကုန်ထုတ်လာဖို့ရှိသလို တိုက်စစ်မှာလည်း လူစုံလာနိုင်တာကြောင့် နိုင်ပွဲထပ်ရသွားဖို့ ရှိပါတယ်။

## American Express

**ဘရိုက်တန် - ဝက်စ်ဟမ်း**

ယမန်နှစ်ရလဒ် - ဘရိုက်တန် ၁-၀ ဝက်စ်ဟမ်း

| ဘရိုက်တန်၏ နောက်ဆုံးသုံးပွဲ | ဝက်စ်ဟမ်း၏ နောက်ဆုံးသုံးပွဲ |
|---|---|
| ဝတ်ဖို့ဒ် ၀-၃ ဘရိုက်တန် | ဝက်စ်ဟမ်း ၀-၅ မန်စီးတီး |
| ဘရိုက်တန် ၂-၁ ဗလန်စီယာ | ဝက်စ်ဟမ်း ၂-၂ ဘီလ်ဘို |
| ဘာမင်ဂမ် ၀-၄ ဘရိုက်တန် | ဟာသာဘာလင် ၃-၅ ဝက်စ်ဟမ်း |

ဝက်စ်ဟမ်းက အဖွင့်ပွဲမှာ မန်စီးတီးကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတာကြောင့် ဒီပွဲစဉ်မှာနိုင်ပွဲပြန်ရဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် အဝေးကွင်းဖြစ်နေတာကို သတိပြုရမယ်။ ဘရိုက်တန်ကအဖွင့်မှာ ဝက်ဖို့ဒ်ကို အဝေးကွင်းမှာတောင် ဂိုးပြတ်အနိုင်ရခဲ့တဲ့အထိခြေစွမ်းပိုင်း ကောင်းမွန်ခဲ့တယ်။ အိမ်ကွင်းအားလည်းရှိလို့ ဘရိုက်တန်တို့ ဒီပွဲမှာလည်း အားစိုက်ကစားလာဖို့ရှိနေတယ်။ ဝက်စ်ဟမ်းတို့ အမြင့်ဆုံးသရေလောက်ပဲရမယ်။

## Villa Park

**ဗီလာ - ဘုန်းမောက်**

ယမန်နှစ်ရလဒ် - မရှိ

| ဗီလာ၏ နောက်ဆုံးသုံးပွဲ | ဘုန်းမောက်၏ နောက်ဆုံးသုံးပွဲ |
|---|---|
| စပါး ၃-၁ ဗီလာ | ဘုန်းမောက် ၁-၁ ရှက်ဖီးလ်ယူ |
| လိုက်ပဇစ် ၁-၃ ဗီလာ | ဘုန်းမောက် ၃-၀ လိုင်ယွန် |
| ချာလ်တန် ၁-၄ ဗီလာ | ဘုန်းမောက် ၃-၄ လာဇီယို |

ဗီလာက အဖွင့်ပွဲမှာ စပါးကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတာကြောင့် အိမ်ကွင်းမှာနိုင်ပွဲပြန် ရဖို့အားစိုက်လာမှာ သေချာတယ်။ ဗီလာရဲ့ခြေစွမ်းကလည်း အိမ်ကွင်းပွဲတွေမှာဆိုရင် ပိုမိုပြီး ကောင်းမွန်တတ်တယ်။ ဒါပေမယ့် ဘုန်းမောက်ကလည်း အဖွင့်မှာ ရှက်ဖီးလ်ယူနိုက်တက်ကို အနိုင်မရခဲ့တာကြောင့် ခြေကုန်ထုတ်ကစားလာဖို့ရှိပါတယ်။ အကြိတ်အနယ်ရှိနိုင်တဲ့ပွဲဖြစ်လာနိုင်သလို ခြေစွမ်းမကွာတာကြောင့် သရေကျသွားဖို့များပါတယ်။

## Goodison Park

**အဲဗာတန် - ဝက်ဖို့ဒ်**

ယမန်နှစ်ရလဒ် - အဲဗာတန် ၂-၂ ဝက်ဖို့ဒ်

| အဲဗာတန်၏ နောက်ဆုံးသုံးပွဲ | ဝက်ဖို့ဒ်၏ နောက်ဆုံးသုံးပွဲ |
|---|---|
| ပဲလေ့စ် ၀-၀ အဲဗာတန် | ဝက်ဖို့ဒ် ၀-၃ ဘရိုက်တန် |
| ဝက်စ်ဘရွမ်း ၀-၀ အဲဗာတန် | ဝက်ဖို့ဒ် ၂-၁ ဆိုစီဒက်စ် |
| ဗီဂန် ၀-၀ အဲဗာတန် | ကျူပီအာ ၀-၁ ဝက်ဖို့ဒ် |

ဝက်ဖို့ဒ်က အဖွင့်ပွဲမှာ အိမ်ကွင်းမှာကစားခဲ့ရတာတောင် ဘရိုက်တန်ကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတယ်။ ဒါကြောင့် အခုပွဲမှာနိုင်ပွဲရဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် အဝေးကွင်းဖြစ်နေတယ်။ အထူးသဖြင့် အဲဗာတန်က အဖွင့်ပွဲမှာ ပဲလေ့စ်ကိုသရေသာ ကစားနိုင်ခဲ့ပေမယ့်လည်း ခြေစွမ်းပိုင်းမဆိုးဘူး။ နိုင်ပွဲမရသေးတာကြောင့်လည်း ဒီပွဲမှာအားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းအားပါရှိနေတယ်။ ဒါကြောင့် အဲဗာတန်တို့ နိုင်ပွဲရသွားဖို့ရှိပါတယ်။

## Carrow Road

**နော့ဝှစ်ချ် - ကာဆယ်**

ယမန်နှစ်ရလဒ် - မရှိ

| နော့ဝှစ်ချ်၏ နောက်ဆုံးသုံးပွဲ | ကာဆယ်၏ နောက်ဆုံးသုံးပွဲ |
|---|---|
| လီဗာပူး ၄-၁ နော့ဝှစ်ချ် | ကာဆယ် ၀-၁ အာဆင်နယ် |
| နော့ဝှစ်ချ် ၁-၀ တူးလောက်စ် | ကာဆယ် ၂-၁ စိန့်အေတီယန် |
| နော့ဝှစ်ချ် ၁-၄ အိုင်းယတ်စ် | ဟိုင်ဘာနီးယန်း ၁-၃ ကာဆယ် |

နှစ်သင်းစလုံး အဖွင့်ပွဲတွေမှာရှုံးပွဲတွေကြုံခဲ့ပေမယ့်လည်း ကာဆယ်က အာဆင်နယ်ကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ကာ ၀-၁ နဲ့ သာကပ်ပြီးအရေးနိမ့်ခဲ့ရတာဖြစ်ပေ မယ့် နော့ဝှစ်ချ်ကတော့ လီဗာပူးကိုဘယ်လိုမှ ယှဉ်ကစားနိုင်ခြင်းမရှိခဲ့ဘဲ ၄-၁ ဂိုးနဲ့ ဂိုးပြတ်အရေးနိမ့်ခဲ့ရတယ်။ နှစ်သင်းစလုံးဒုတိယပွဲမှာနိုင်ပွဲရဖို့အား စိုက်ကြမှာခြင်းတူပေမယ့် ခြေစွမ်းအရအသာရနေတဲ့ ကာဆယ်ပဲကပ်နိုင်မယ်။

## Bramall Lane

**ရှက်ဖီးလ်ယူ - ပဲလေ့စ်**

ယမန်နှစ်ရလဒ် - မရှိ

| ရှက်ဖီးလ်ယူ၏ နောက်ဆုံးသုံးပွဲ | ပဲလေ့စ်၏ နောက်ဆုံးသုံးပွဲ |
|---|---|
| ဘုန်းမောက် ၁-၁ ရှက်ဖီးလ်ယူ | ပဲလေ့စ် ၀-၀ အဲဗာတန် |
| ရိုမ်းစ် ၃-၁ ရှက်ဖီးလ်ယူ | ပဲလေ့စ် ၀-၄ ဟာသာဘာလင် |
| ဘန်စလေ ၁-၄ ရှက်ဖီးလ်ယူ | ဝင်ဘယ်ဒန် ၂-၂ ပဲလေ့စ် |

နှစ်သင်းစလုံး အဖွင့်ပွဲမှာ သရေကျခဲ့ရတာကြောင့် ဒီပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် ဒီနှစ်သင်းရဲ့ခြေစွမ်းက ကွာဟမှုမရှိပါဘူး။ ရှက်ဖီးလ်ယူက တန်းတက်အသင်းဆိုပေမယ့် အဖွင့်ပွဲမှာ ဘုန်းမောက်ကိုတောင် ခြေရည်တူကစားနိုင်ခဲ့တယ်။ အခုပွဲကအိမ်ကွင်းဖြစ်တာကြောင့်လည်း ဒီပွဲမှာ ရှက်ဖီးလ်ယူကိုတောင် ပိုမိုနှစ်သက်မိပါတယ်။

## St. Mary's Stadium

**ဆောက်သမ်တန် - လီဗာပူး**

ယမန်နှစ်ရလဒ် - ဆောက်သမ်တန် ၁-၃ လီဗာပူး

| ဆောက်သမ်၏ နောက်ဆုံးသုံးပွဲ | လီဗာပူး၏ နောက်ဆုံးသုံးပွဲ |
|---|---|
| ဘန်လေ ၃-၀ ဆောက်သမ်တန် | လီဗာပူး ၄-၁ နော့ဝှစ်ချ် |
| ဆောက်သမ်တန် ၂-၀ ကိုလုံး | လီဗာပူး ၃-၁ လိုင်ယွန် |
| ဗီယင်နော့ ၁-၃ ဆောက်သမ်တန် | လီဗာပူး ၀-၃ နာပိုလီ |

ဆောက်သမ်တန်ကအဖွင့်ပွဲမှာ ဘန်လေကို သုံးဂိုးပြတ်နဲ့အရေးနိမ့်ခဲ့ရတာကြောင့် ဒီပွဲမှာ ရလဒ်ကောင်းဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် ခြေစွမ်းအားနည်းမှုတွေရှိတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်တယ်။ လီဗာပူးကလည်း ဥရောပစူပါဖလားပွဲ ကစားခဲ့ရမှာဖြစ်တာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်တယ်။ လီဗာပူးတို့ခြေစွမ်းပိုင်းတည်ငြိမ်နေတယ်ဆိုပေမယ့်လည်း ဆောက်သမ်တန်ကို ဂိုးပြတ်နိုင်ဖို့ခက်မယ်။

## Stamford Bridge

**ချယ်လ်ဆီး - လက်စတာ**

ယမန်နှစ်ရလဒ် - ချယ်လ်ဆီး ၀-၁ လက်စတာ

| ချယ်လ်ဆီး၏ နောက်ဆုံးသုံးပွဲ | လက်စတာ၏ နောက်ဆုံးသုံးပွဲ |
|---|---|
| မန်ယူ ၄-၀ ချယ်လ်ဆီး | လက်စတာ ၀-၀ ဝုဖ် |
| ဂလာဘတ်ချ် ၂-၂ ချယ်လ်ဆီး | လက်စတာ ၂-၁ အတ္တလန္တာ |
| ဆောလ်ဘတ် ၃-၅ ချယ်လ်ဆီး | ရိုသာဟမ် ၂-၂ လက်စတာ |

အဖွင့်ပွဲမှာ မန်ယူကို လေးဂိုးပြတ်အရေးနိမ့်ခဲ့ရတာကြောင့် ချယ်လ်ဆီးတို့ နိုင်ပွဲပြန်ရဖို့ဒီပွဲမှာ အားစိုက်ကစားလာမှာသေချာနေတယ်။ ဒါပေမယ့် ချယ်လ်ဆီးရဲ့ကွင်းလယ်ပိုင်းကအားနည်းနေပြီး ဒီပွဲမတိုင်ခင်မှာလည်း ဥရောပစူပါဖလား ပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ လက်စတာ ကလည်း အဖွင့်မှာနိုင်ပွဲမရခဲ့တာကြောင့် ဒီပွဲမှာ အားစိုက်ကစားလာမှာ သေချာတယ်။ ချယ်လ်ဆီး အနိုင်ရရင်တောင် ဂိုးမပြတ်ဘူး။

## Etihad Stadium

**မန်စီးတီး - စပါး**

ယမန်နှစ်ရလဒ် - မန်စီးတီး ၁-၀ စပါး

| မန်စီးတီး၏ နောက်ဆုံးသုံးပွဲ | စပါး၏ နောက်ဆုံးသုံးပွဲ |
|---|---|
| ဝက်စ်ဟမ်း ၀-၅ မန်စီးတီး | စပါး ၃-၁ ဗီလာ |
| လီဗာပူး ၁-၁ မန်စီးတီး | စပါး ၂-၂ ဘိုင်ယန် |
| ကစ်ချီ ၁-၆ မန်စီးတီး | ရီးရဲ ၀-၁ စပါး |

စပါးက ဒီပွဲမှာမန်စီးတီးကို ခုခံကစားနိုင်ဖို့ အားစိုက်လာမှာဖြစ်တယ်။ လက်ရှိအချိန်မှာ စပါးရဲ့ခြေစွမ်းပိုင်းကလည်း ကောင်းမွန်မှုရှိပါတယ်။ ဒါပေမယ့် မန်စီးတီးကလည်း အမှားခံမှာ မဟုတ်ပါဘူး။ အထူးသဖြင့် မန်စီးတီးရဲ့ ကွင်းလယ်ပိုင်းက စပါးကွင်းလယ်ပိုင်းထက် ပိုမိုတောင့်တင်းမှုရှိတယ်။ ဒါကြောင့် မန်စီးတီးပဲ နိုင်ပွဲရမယ်။

## Molineux Stadium

**ဝုဖ် - မန်ယူ**

ယမန်နှစ်ရလဒ် - ဝုဖ် ၂-၁ မန်ယူ

| ဝုဖ်၏ နောက်ဆုံးသုံးပွဲ | မန်ယူ၏ နောက်ဆုံးသုံးပွဲ |
|---|---|
| လက်စတာ ၀-၀ ဝုဖ် | မန်ယူ ၄-၀ ချယ်လ်ဆီး |
| ခရူဆာဒါ ၁-၄ ဝုဖ် | မန်ယူ ၂-၂ မီလန် |
| ဝုဖ် ၂-၀ ခရူဆာဒါ | ခရစ်တန် ၀-၁ မန်ယူ |

မနှစ်ကရာသီမှာ ဝုဖ်က ဆိုးလ်ရှားကို အခက်တွေ့စေခဲ့ပါတယ်။ အက်ဖ်အေဖလားမှာလည်း ဝုဖ်ကြောင့်ပြိုင်ပွဲက ထွက်ရသလို ပရီမီယာလိဂ်မှာလည်း ဝုဖ်ကြောင့်ပဲ ချန်ပီယံလိဂ်ဝင်ခွင့်စယိမ်းယိုင်ခဲ့ရတယ်။ ဒါကြောင့် ဒီပွဲမှာ ဆိုးလ်ရှားပေါ့ဆမှာမဟုတ်သလို မန်ယူရဲ့ခြေကလည်း ကောင်းနေတယ်။ ဝုဖ်ကို မန်ယူအနိုင်ကစားနိုင်မှာပါ။

## တိုက်စစ်မှူး ဆာလာနှင့် လေယာဉ်မှူးတို့ လေယာဉ်မပျက်ကျမီ အဆိပ်ဓာတ်ငွေ့များ ရှူရှိုက်မိခဲ့ကြောင်း သတင်းထွက်ပေါ်လာ

လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူ အာဂျင်တီးနားတိုက်စစ်မှူး အီမီလီယာနိုဆာလာနှင့် လေယာဉ်မှူးတို့သည် လေယာဉ်မပျက်ကျမီအချိန်အတွင်း ကာဗွန်မိုနောက်ဆိုက်အဆိပ် ဓာတ်ငွေ့များ ရှူရှိုက်မိခဲ့ကြကြောင်း သတင်းများ ထွက်ပေါ်လာသည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၂၁ ရက် ညပိုင်းတွင် အင်္ဂလိပ်ရေလက်ကြားအတွင်းသို့ လေယာဉ်ပျက်ကျမှုကြောင့် တိုက်စစ်မှူး ဆာလာ (၂၈ နှစ်) သေဆုံးခဲ့ရပြီး ၎င်းစီးနင်းလာသည့် လေယာဉ်ငယ်ကို မောင်းနှင်သူ လေယာဉ်မှူး အိုင်ဘော့ဆွန်မှာ ယခုချိန်အထိ ပျောက်ဆုံးနေဆဲဖြစ်သည်။

လေယာဉ်မှူး အိုင်ဘော့ဆွန်မှာလည်း လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ပြီဟု ယူဆထားကြကာ တိုက်စစ်မှူး ဆာလာနှင့် အိုင်ဘော့ဆွန်တို့သည် လေယာဉ်မပျက်ကျမီ အဆိပ်ငွေ့များ ရှူရှိုက်မိခြင်းကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည် သို့မဟုတ် လေယာဉ်ပျက်ကျမှုမှရရှိသည့် ဒဏ်ရာများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဆိုသည်ကိုမူ ရှင်းလင်းစွာ သိရှိရခြင်းမရှိသေးပေ။ အဆိုပါ လေယာဉ်ပျက်ကျမှု နှင့်ပတ်သက်၍ အိုင်ဘော့ဆွန်အပေါ် ပြစ်တင်မှုများ ထွက်ပေါ်နေခဲ့ပြီး အိုင်ဘော့ဆွန်သည် အရောင်မခွဲခြားနိုင်သူတစ်ဦးဖြစ်ပြီး ၎င်းအနေဖြင့် နေ့အချိန်တွင်သာ လေယာဉ်မောင်းနှင်ရန် လိုင်စင်ရရှိထားသူဖြစ်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ ကနဦး စစ်ဆေးမှုများအရ တိုက်စစ်မှူး ဆာလာသည် ဦးခေါင်းနှင့် ခန္ဓာကိုယ်တွင် ရရှိသည့် ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသည်ဟု စစ်ဆေးချက် ထွက်ပေါ်ခဲ့ပြီး ဆာလာ၏ ရုပ်အလောင်းမှာ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးနေခြင်းကြောင့် လက်ဗွေရာမှတစ်ဆင့်သာ အဆိုပါ ရုပ်အလောင်းသည် တိုက်စစ်မှူး ဆာလာ၏ ရုပ်အလောင်းဖြစ်သည်ဟု သတ်မှတ်နိုင်ခဲ့သည်။

ယခုအခါ လေကြောင်းမတော်တဆမှုများ စုံစမ်းရေးအဖွဲ့ (AAIB) က လေယာဉ်ပျက်ကျချိန်တွင် တိုက်စစ်မှူး ဆာလာနှင့် လေယာဉ်မှူး အိုင်ဘော့ဆွန်တို့ နှစ်ဦးစလုံးသည် အဆိပ်ငွေ့များကြောင့် သတိလစ်မေ့မျောနေကြ ဖွယ်ရှိသည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

**ထက်အောင်**

## ဘိုင်ယန်မြူးနစ်သို့ ပြန်လည်ပြောင်းရွှေ့ရန် တိုက်စစ်မှူး မန်ဇူကစ် လိုလားနေ

ဂျူဗင်တပ်စ်အသင်းတိုက်စစ်မှူး မာရီယိုမန်ဇူကစ်သည် ယခုနွေရာသီ အတွင်းတွင် ၎င်း၏ အသင်းဟောင်း ဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် လိုလားလျက်ရှိကြောင်း သတင်းများတွင် ရေးသား ဖော်ပြထားသည်။

အသက် ၃၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး မန်ဇူကစ်သည် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဘိုင်ယန်မြူးနစ်အသင်းတွင် ပါဝင်ကစားခဲ့သူ ဘိုင်ယန်အသင်းအတွက် စုစုပေါင်း ၈၈ ပွဲ ပါဝင် ကစားခဲ့ရာတွင် ၄၈ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး မန်ဇူကစ်သည် ဘိုင်ယန်မြူးနစ်အသင်းတွင် ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုဖလား နှစ်ကြိမ်၊ ချန်ပီယံလိဂ်ဆုဖလားတစ်ကြိမ် အပါအဝင် ဆုဖလားရှစ်လုံးရရှိခဲ့သူ ဖြစ်သည်။

ခရိုအေးရှား တိုက်စစ်မှူး မန်ဇူကစ်သည် လက်ရှိအချိန်တွင် ဂျူဗင်တပ်စ်အသင်း၌ အပိုအလျှံကစားသမားကဲ့သို့ဖြစ်နေကာ ဂျူဗင်တပ်စ်အသင်းအနေဖြင့် ယခုနွေရာသီအတွင်းတွင် ကစား သမားသစ်အချို့ကို ခေါ်ယူခဲ့ပြီးနောက် အသင်း၏ ငွေကြေးသုံးစွဲမှုကို ထိန်းညှိရန်အတွက် အသင်းမှ ကစားသမား အချို့အား ရောင်းထုတ်သွားရန် ရည်ရွယ်ထားပြီး မန်ဇူကစ်သည် ဂျူဗင်တပ်စ်အသင်းမှ ရောင်းချရန် ရည်ရွယ်ထားသည့် ကစားသမားများအနက် တစ်ဦးအဖြစ် ပါဝင်နေသူဖြစ်သည်။

တိုက်စစ်မှူး မန်ဇူကစ်သည် ယခု နွေရာသီအတွင်းတွင် မန်ယူအသင်းနှင့် ဒေါ့မွန်အသင်းတို့၏ ပစ်မှတ်ထားခြင်း ခံခဲ့ရသူဖြစ်ကာ မန်ဇူကစ်အနေဖြင့်မူ အသင်းဟောင်း ဘိုင်ယန်မြူးနစ်သို့သာ ပြန်လည်ပြောင်းရွှေ့ရန် ပိုမိုလိုလားလျက်ရှိသည်။

တိုက်စစ်မှူး မန်ဇူကစ်သည် ၎င်း၏ လုပ်ခငွေအား လျှော့ယူရန် ဝန်လေးနေသူဖြစ်ကာ ၎င်း၏တစ်နိုင်ငံတည်းသားဖြစ်သူ နည်းပြ နီကိုကိုဗာ့ တာဝန်ယူနေပြီး တစ်နိုင်ငံတည်းသား ကစားဖော် ပါရီဆစ်ရှိနေသည့် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရန် လိုလားနေခြင်းဖြစ်သည်။ တောင်ပံကစားသမား ပါရီဆစ်သည် ပြီးခဲ့သည့် ဩဂုတ် ၁၂ ရက်တွင် အင်တာမီလန်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။

တိုက်စစ်မှူး မန်ဇူကစ်သည် ဂျူဗင်တပ်စ်အသင်းနှင့် ၂၀၂၁ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသူဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီတွင် ဂျူဗင်တပ်စ်အသင်းအတွက် စုစုပေါင်း ၃၃ ပွဲ ပါဝင်ကစားခဲ့ကာ ၁၀ ဂိုးသာ သွင်းယူနိုင်ခဲ့သူဖြစ်သည်။

**ထက်အောင်**

# ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(င) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများက ရေနံလုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာသည့်စနစ်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်လေ့လာသည့် စနစ်များအပေါ် ဆောင်ရွက်ထားရှိမှုကို စစ်ဆေးခြင်း၊

(စ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်းနှင့် ယင်းတို့၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း (၁၅)**

**စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များ**

၃၃။ ဝန်ကြီးဌာနသည် -

(က) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်နှင့် ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ လုပ်ကိုင်ခွင့်ပြုသည့် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း အောက်ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(၁) ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊
(၂) ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း၊
(၃) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အား ရပ်စဲခြင်း၊
(၄) နာမည်ပျက်ပုဂ္ဂိုလ်စာရင်း သို့မဟုတ် နာမည်ပျက်စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းကြေညာခြင်း၊

(ခ) ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၂၉ ပုဒ်မခွဲ (ခ)၊ (ဇ)၊ (ဍ)၊ (ပ) နှင့် (ပ) တို့ပါ တာဝန်များမှအပ အခန်း (၁၃) ပါ တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) စာဖြင့် သတိပေးခြင်း၊
(၂) ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊
(၃) ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊
(၄) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

**အခန်း (၁၆)**

**တားမြစ်ချက်များ**

၃၄။ မည်သူမျှ ခွင့်ပြုမိန့်မရှိဘဲ ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်းလုပ်ငန်း သို့မဟုတ် ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၃၅။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ မည်သူမျှ ရေနံလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင်

(က) သဘာဝပတ်ဝန်းကျင်ကို သတ်မှတ်ချက်များနှင့်မညီဘဲ ထိခိုက်ပျက်စီးစေခြင်း မရှိစေရ၊

(ခ) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ဂ) ပုဒ်မ ၂၉ ပုဒ်မခွဲ (ခ)၊ (ဇ)၊ (ဍ)၊ (ပ) နှင့် (ပ) တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၆။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ မည်သူမျှ ရေနံလုပ်ငန်းနှင့် စပ်လျဉ်း၍ မမှန်မကန် သတင်းပေးခြင်း၊ တင်ပြခြင်း၊ အစီရင်ခံခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်း မပြုရ။

၃၇။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဤဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သည့် ရေနံလုပ်ငန်းကို နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း မပြုရ။

**အခန်း (၁၇)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၈။ မည်သူမဆို ပုဒ်မ ၃၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀၀၀မှ အများဆုံး ကျပ်သိန်း ၁၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၃၉။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၅၀၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၄၀။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**အခန်း (၁၈)**

**ဘဏ္ဍာတော်ကြေးနှင့် အခြားအခွန်အခများ**

၄၂။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသည့် ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့တွင်းထိပ် စုစုပေါင်းတန်ဖိုး သို့မဟုတ် ပမာဏ (Gross value or volume) ၏ ၁၂ ဒသမ ၅ ရာခိုင်နှုန်းကို ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ငွေသားဖြင့်ဖြစ်စေ၊ ရေနံဖြင့်ဖြစ်စေ (in cash or in kind) ဘဏ္ဍာတော်ကြေး (Royalty) အဖြစ် နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးဆောင်ရမည်။

၄၃။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်းနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်အတွက် အခကြေးငွေ၊ ငှားရမ်းခ၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

၄၄။ ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် ဘဏ္ဍာတော်ကြေးနှင့် အခြားအခကြေးငွေများကို ငွေသားဖြင့် ပေးဆောင်ရလျှင် သတ်မှတ်ချက်များနှင့်အညီ နိုင်ငံခြားသုံးငွေဖြင့် ပေးဆောင်ရမည်။

**အခန်း (၁၉)**

**အထွေထွေ**

၄၅။ တည်ဆဲဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေ၏ မြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ ကမ်းလွန်ဒေသတွင်ဖြစ်စေ တွေ့ရှိရသော ရေနံသယံဇာတသည် နိုင်ငံတော်ပိုင်ဖြစ်သည်ဟု မှတ်ယူရမည်။

၄၆။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၄၇။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ကိုင်ခွင့်ပြုထားသည့် ရေနံလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်များပါ သဘောတူညီချက်များနှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့် ရှိစေရမည်။ ယင်းပဋိညာဉ်စာချုပ်ပါ သက်တမ်းကုန်ဆုံးပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၈။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။ သို့ရာတွင် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေ (အမှတ် ၁၅/၂၀၁၇) ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၄၉။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်း ပြုလုပ်နိုင်ရန်အတွက် သတ်မှတ်ချက်များနှင့်အညီ သီးသန့်ရန်ပုံငွေတစ်ရပ် ထားရှိဆောင်ရွက်ရမည်။

၅၀။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ရေနံလုပ်ငန်းဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်များနှင့်အညီ သီးသန့်ရန်ပုံငွေတစ်ရပ် ထားရှိဆောင်ရွက်ရမည်။

၅၁။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ရေနံလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသား အလုပ်သမားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် လေ့ကျင့်သင်ကြားရေးရန်ပုံငွေ (Training Fund) ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိပြီး လေ့ကျင့်သင်ကြားရေးအတွက် စီမံဆောင်ရွက်ရမည်။

၅၂။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်း၏ ထူးခြားသောလုပ်ငန်းသဘာဝနှင့် နိုင်ငံတကာ ရေနံလုပ်ငန်းကျင့်စဉ်များနှင့်အညီ ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသ ရေနံလုပ်ငန်းများနှင့် ယင်းလုပ်ငန်းများအား အထောက်အကူပြု ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် အလှည့်ကျအလုပ်အဆိုင်းစနစ်ဖြင့် အလုပ်လုပ်ကိုင်သည့် အလုပ်သမားများအတွက် တစ်နေ့ပုံမှန်အလုပ်ချိန်၊ အလုပ်လုပ်ရက်၊ အချိန်ပိုလုပ်ခ၊ ခွင့်ရက်နှင့် အလုပ်နားရက်တို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

၅၃။ ရေနံလုပ်ငန်းဆောင်ရွက်လိုသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ရယူဆောင်ရွက်ရမည်။

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅၅။ ၁၉၅၇ ခုနှစ်၊ ရေနံဓာတ်ပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေ (၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## ဘဏ္ဍာရေးနည်းပညာနှင့် ဉာဏ်ရည်တုအကြောင်း မန်ချက်စတာတက္ကသိုလ်မှ ပညာရှင်များ UMFCCI တွင် ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ကြီးမှူးကျင်းပသော ဉာဏ်ရည်တု (Artificial Intelligence - AI) နှင့် ဘဏ္ဍာရေးနည်းပညာ (Fin Tech) မဟာတန်းကို ဥရောပနိုင်ငံရှိ Manchester Metropolitan University (Manchester Met) မှ ပါမောက္ခများက ယမန်နေ့က UMFCCI ၌ ဆွေးနွေးပို့ချသည်။

မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို ထောက်ပံ့ရန် အခွင့်အလမ်းများအား UMFCCI အနေဖြင့် ဖော်ဆောင်လျက်ရှိရာ ယခု Manchester Metropolitan University မှ Fin Tech နှင့် AI ဆွေးနွေးပွဲကမ်းလှမ်းမှုကို အိမ်ရှင်အဖြစ် UMFCCI မှ အဖွဲ့ဝင်များအတွက် လက်ခံကျင်းပခြင်းဖြစ်ပြီး ယနေ့ကမ္ဘာတွင် ဘဏ္ဍာရေးနှင့် စီးပွားရေးကဏ္ဍ တိုးတက်ပြောင်းလဲလာမှုနှင့် ရင်ပေါင်တန်းနိုင်ရန် အထောက်အကူဖြစ်စေသော ဆွေးနွေးပွဲတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

"ယခုဆွေးနွေးတဲ့အပိုင်းမှာ ယူနီဗာစီတီမှ ပါမောက္ခတွေက နည်းပညာပိုင်းဆိုင်ရာတွေကို ဟောပြောတာပါ။ ပထမအဆင့်အနေနဲ့ Artificial Intelligent (AI) ကွန်ပျူတာကနေ လူတွေစဉ်းစားတဲ့ပုံစံအလိုက် စဉ်းစားပြီးတော့ လူတွေကို ကူညီနိုင်အောင် ဆောင်ရွက်ပေးတဲ့အပိုင်းကို ကမ္ဘာမှာ ဘယ်လိုအသုံးပြုနေကြပြီလဲဆိုတာ ပါမောက္ခတစ်ဦးက ရှင်းပြတာပါ။ လက်ရှိမြန်မာနိုင်ငံမှာရှိတဲ့ ကုမ္ပဏီတွေထဲမှာ Fintech Technology ကို စပြီးသုံးနေကြတဲ့ ဥပမာ စိုက်ပျိုးရေး၊ ငွေပေးချေတဲ့အပိုင်းမှာ ဘယ်လိုသုံးနေကြလဲ။ လေယာဉ်လက်မှတ်ရောင်းတဲ့ကိစ္စမျိုးကအစ ဘယ်လိုရောင်းနေကြလဲဆိုတာ တစ်ဦးချင်းက ဆွေးနွေးသွားတာပါ။ UK တက္ကသိုလ်အနေနဲ့ Financial Technology နဲ့ ပတ်သက်တဲ့ Master program ကို မြန်မာပြည်မှာ မကြာမီဖွင့်ဖို့ ရည်ရွယ်ထားပါတယ်" ဟု UMFCCI ၏ ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်က ပြောသည်။

လွန်ခဲ့သောနှစ်အနည်းက မြန်မာနိုင်ငံသည် မိုဘိုင်းဖုန်းနှင့် ပတ်သက်၍ 4G စနစ်ဖြင့် စမတ်ဖုန်းကို အချိန်တိုအတွင်း အသုံးပြုနိုင်ခဲ့ပြီး ယခုဆွေးနွေးကြသည့် ကမ္ဘာလုံးဆိုင်ရာ ဘာသာရပ်များဖြစ်သော Fin Tech နှင့် AI နည်းပညာများကို ရရှိခြင်းသည် နောက်ဆုံးပေါ်နည်းပညာများ အချိန်တိုအတွင်း ဈေးသက်သာစွာဖြင့် ရရှိနိုင်သော အခွင့်အလမ်းတစ်ခုကို ရရှိစေခြင်းဖြစ်သည်။ ထိုနည်းပညာနှစ်မျိုးအတွက် မြန်မာပြည်မှ ပညာရှင်များလိုအပ်မှုကို မွေးထုတ်ပေးခြင်းဖြစ်ရာ Manchester Met မှ Fin Tech သိပ္ပံမာစတာတွဲ့အား အွန်လိုင်းနှင့် ကိုယ်တိုင်လာရောက်သင်ကြားခြင်း နှစ်မျိုးလုံးဖြင့် ပို့ချသွားမည်ဖြစ်၍ မြန်မာနိုင်ငံရှိ Learn Myanmar နှင့် ပူးတွဲသင်ကြားပေးသွားမည် ဖြစ်သည်။

Manchester Met တွင် တက်ရောက်နေသော ကျောင်းသားပေါင်း ၃၈၀၀၀ ရှိပြီး UK တွင် ဘဏ္ဍာရေးနည်းပညာ (Fin Tech) ကို အဓိကသင်ကြားပေးရာ မန်ချက်စတာမြို့တွင်လည်းကောင်း၊ ပြည်ပနှင့် အွန်လိုင်းများမှလည်းကောင်း နိုင်ငံတကာမှ ကျောင်းသားများ တက်ရောက်သင်ကြားလျက်ရှိရာ Manchester Metropolitan University သည် ၁၈၂၄ ခုနှစ်မှ စတင်၍ အဆင့်မြင့်ပညာများကို သင်ကြားပေးသည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

---

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၁၅**

ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ် ကင်းဝေးစေရေး၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများသိရှိစေရန် ရည်ရွယ်လျက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်ရုံး(သန်လျင်)၏ စီစဉ်မှုဖြင့် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က သန်လျင်မြို့စတားစီးတီးအိမ်ရာဝင်းရှိ RMEC ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဦးဇာနည်တင် (MCC - တာဝန်ခံ၊ သန်လျင်)နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ရီရီလွင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးမျိုးမြင့်ဟန်၊ သန်လျင်မြို့မရဲစခန်းမှ ရဲအုပ် ချမ်းမြေ့အောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဦးတို့က ပါဝင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများ၏ သိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**



# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်း**

**( ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

**၁၃၈၁ ခုနှစ်၊ လ ရက်**

**( ၂၀၁၉ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **"ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကို ဖြစ်စေ၊ အခြားစွမ်းအင် တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍ မောင်းနှင်သော ယာဉ်ကိုဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ဆိုင်ကယ်၊ နောက်တွဲယာဉ်နှင့် စက်ယန္တရားတို့လည်း ပါဝင်သည်။

(ခ) **စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်** ဆိုသည်မှာ စီးပွားရေးအလို့ငှာ ငှားရမ်းခ သို့မဟုတ် သယ်ယူပို့ဆောင်ခရယူ၍ ခရီးသည် သို့မဟုတ် ကုန်စည်ကို သယ်ယူပို့ဆောင်သော မော်တော်ယာဉ်ကို ဆိုသည်။

(ဂ) **နောက်တွဲယာဉ်** ဆိုသည်မှာ မော်တော်ယာဉ်ဖြင့် ဆွဲသည့် ဘီးတပ်ယာဉ်ကို ဆိုသည်။

(ဃ) **မော်တော်ဆိုင်ကယ်** ဆိုသည်မှာ ဘေးတွဲပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အနည်းဆုံး ဘီးနှစ်ဘီးဖြင့် မောင်းနှင်သော မော်တော်ယာဉ်ကို ဆိုသည်။

(င) **မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်း** ဆိုသည်မှာ မော်တော်ယာဉ်၏ ရုပ်သဏ္ဌာန်၊ ကိုယ်ထည်၊ အင်ဂျင်၊ ဂီယာ၊ ဘောင်၊ ဝင်ရိုးနှင့် မောင်းနှင်တံ အထိုင်စနစ်တို့ကို ဆိုသည်။

(စ) **ဝန်တင်အား** ဆိုသည်မှာ မော်တော်ယာဉ်တွင် ဦးစီးဌာနက သတ်မှတ်တင်ဆောင်ခွင့်ပြုသည့် ကုန်အလေးချိန် သို့မဟုတ် ခရီးသည်အရေအတွက် သို့မဟုတ် ကုန်အလေးချိန်နှင့် ခရီးသည်အရေအတွက် စုစုပေါင်းတို့ကို ဆိုသည်။

(ဆ) **ကနဦးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ ပထမဦးဆုံးမှတ်ပုံတင်ခြင်းကို ဆိုသည်။

(ဇ) **ယာယီမှတ်ပုံတင်ခြင်း** ဆိုသည်မှာ မော်တော်ယာဉ်ကို ကနဦးမှတ်ပုံတင်ခြင်းမပြုမီ မှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း သို့မဟုတ် ပြည်ပနိုင်ငံများတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံအတွင်း နေ့ရက်၊ အချိန်နှင့် နေရာ ကန့်သတ်ချက်များဖြင့် ခေတ္တဝင်ရောက်နိုင်ရေးနှင့် ခေတ္တဖြတ်သန်းသွားလာနိုင်ရေးတို့ အတွက် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့် အညီ မှတ်ပုံတင်ခြင်းတို့ကို ဆိုသည်။

(ဈ) **နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ မှတ်ပုံတင်ထားသော မော်တော်ယာဉ်ကို သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ သက်တမ်းတိုး ဆောင်ရွက်ခြင်းကို ဆိုသည်။

(ည) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာန မှတ်ပုံတင်အရာရှိနှင့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိတို့ကို ဆိုသည်။

(ဋ) **ဦးစီးဌာနမှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဦးစီးဌာန၏ အရာရှိတစ်ဦးဦးအား မှတ်ပုံတင်အရာရှိအဖြစ် ဦးစီးဌာနက ခန့်အပ်တာဝန်ပေးသော သူကို ဆိုသည်။

(ဌ) **ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရုံးများရှိ အရာရှိတစ်ဦးဦးအား ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိအဖြစ် ဦးစီးဌာနက ခန့်အပ်တာဝန်ပေးထားသော သူကို ဆိုသည်။

(ဍ) **လိုင်စင်ထုတ်ပေးသူအရာရှိ** ဆိုသည်မှာ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင် ထုတ်ပေးရန် ဦးစီးဌာနက တာဝန်ပေးအပ်ထားသော အရာရှိကို ဆိုသည်။

(ဎ) **မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (Registration Logbook of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်ထားသူကို ထုတ်ပေးသည့် မှတ်ပုံတင်ထားသော မော်တော်ယာဉ်ဆိုင်ရာ အချက်အလက်များ ပါဝင်သည့် မှတ်တမ်းစာအုပ်ကို ဆိုသည်။

(ဏ) **မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် (Registration Certificate of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ထားရှိကြောင်း၊ အများပြည်သူဆိုင်ရာနေရာနှင့် အခြား သွားလာခွင့်ပြုနိုင်သောနေရာများတွင် မောင်းနှင်နိုင်ကြောင်း အသိအမှတ်ပြုထုတ်ပေးသော အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည်။

(တ) **မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ် (Vehicle Inspection Certificate_ VIC)** ဆိုသည်မှာ ဦးစီးဌာန သို့မဟုတ် ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိက လုပ်ငန်းအဖွဲ့က ထုတ်ပေးသော မော်တော်ယာဉ်ကြံ့ခိုင်မှုရှိကြောင်း အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည်။

(ထ) **မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား (Registration Number Plate of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်၏ မှတ်ပုံတင်အမှတ်ကို ဖော်ပြလျက် မော်တော်ယာဉ်၏ အရှေ့နှင့် အနောက်တွင် တပ်ဆင်အသုံးပြုရန်လည်းကောင်း၊ မော်တော် ဆိုင်ကယ်၏ မှတ်ပုံတင်အမှတ်ကို ဖော်ပြလျက် မော်တော်ဆိုင်ကယ်၏ အနောက်တွင် တပ်ဆင်အသုံးပြုရန်လည်းကောင်း ဦးစီးဌာနက ထုတ်ပေးထားသော နံပါတ်ပြားကို ဆိုသည်။

(ဒ) **မော်တော်ယာဉ် မှတ်ပုံတင်ထားသူ** ဆိုသည်မှာ မော်တော်ယာဉ် မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူအဖြစ် အမည်ဖော်ပြထားသူကို ဆိုသည်။

(ဓ) **မော်တော်ယာဉ်ပိုင်ရှင်** ဆိုသည်မှာ မော်တော်ယာဉ်ကို ဥပဒေနှင့်အညီ တစ်နည်းနည်းဖြင့် ပိုင်ဆိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ယာဉ်မှတ်ပုံတင်ထားသူ သို့မဟုတ် ဥပဒေနှင့်အညီ မော်တော် ယာဉ်ကို လက်ရှိရရှိထားသူလည်း ပါဝင်သည်။

(န) **မော်တော်ယာဉ်အတွက် တာဝန်ရှိသူ** ဆိုသည်မှာ မော်တော်ယာဉ် ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ကြီးကြပ်တာဝန်ယူ ဆောင်ရွက်သူ သို့မဟုတ် မော်တော်ယာဉ်မောင်းနှင်သူကို ဆိုသည်။

(ပ) **မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း** ဆိုသည်မှာ ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို သတ်မှတ်ချက် များနှင့်အညီ လုပ်ကိုင်ခွင့်ရရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်သည့် လုပ်ငန်းကို ဆိုသည်။

(ဖ) **မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ (Third Party)** ဆိုသည်မှာ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိက လုပ်ငန်းလုပ်ကိုင်သူ (Operator) များ၏ မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာ (Vehicle Inspection Equipment) များ အရည်အသွေးပြည့်မီမှု ရှိ မရှိ၊ စစ်ဆေးခြင်းနည်းစနစ်များ မှန်ကန်မှုနှင့် တိကျမှု ရှိ မရှိ၊ စစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ မှန်ကန်မှု ရှိ မရှိ တို့အတွက် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်မှုတို့ကို ဆောင်ရွက်မည့် ဦးစီးဌာနက သတ်မှတ်တာဝန်ပေးအပ်သော အဖွဲ့အစည်းကို ဆိုသည်။

(ဗ) **ယာဉ်မောင်းလိုင်စင်** ဆိုသည်မှာ လိုင်စင်ထုတ်ပေးသူအရာရှိက သီးခြား ဖော်ပြထားသူအား မော်တော်ယာဉ်ကိုဖြစ်စေ၊ သီးခြားဖော်ပြထား သည့် အတန်းအစား သို့မဟုတ် အမျိုးအစားတစ်ခုခုတွင် ပါဝင်သော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို ဆိုသည်။

(ဘ) **ယာဉ်အကူလိုင်စင်** ဆိုသည်မှာ ခရီးသည်တင် မော်တော်ယာဉ်တွင် ဖြစ်စေ၊ ကုန်တင်မော်တော်ယာဉ်တွင်ဖြစ်စေ မော်တော်ယာဉ်မောင်းသူ နှင့် ခရီးသည်များကို ကူညီဆောင်ရွက်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို ဆိုသည်။

(မ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသည့် မော်တော် ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း သို့မဟုတ် မော်တော်ယာဉ် မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော စာတမ်းအမှတ် အသားကို ဆိုသည်။

(ယ) **အများပြည်သူဆိုင်ရာနေရာ** ဆိုသည်မှာ အများပြည်သူတို့ ဝင်ထွက် သွားလာခွင့်ရှိသော နေရာ၊ လမ်းနယ်၊ လမ်းမကြီး၊ လမ်းသွယ်နှင့် လမ်းကြောင်းတို့ကို ဆိုသည်။

(ရ) **လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ** ဆိုသည်မှာ မော်တော် ယာဉ်မောင်းသူများအပါအဝင် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်း စွာသွားလာနိုင်ရေးအတွက် အချက်ပြအညွှန်း၊ အမှတ်အသားနှင့် အချက်ပြကိရိယာများကို ဆိုသည်။

(လ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေး** ဆိုသည်မှာ မော်တော်ယာဉ်ကြောင့် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းခြင်းနှင့် အသံဆူညံခြင်းတို့ လျော့နည်းစေရန် ထိန်းသိမ်းရေးကို ဆိုသည်။

(ဝ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် ယာဉ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ရန်ပုံငွေကို ဆိုသည်။

(သ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဟ) **ဦးစီးဌာန** ဆိုသည်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဠ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်များအား ဥပဒေနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်စေရန်။

(ခ) မော်တော်ယာဉ်အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်မီမှု ရှိ မရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်။

(ဂ) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော လေထု၊ ရေထု၊ မြေထု ညစ်ညမ်းခြင်းနှင့် အသံဆူညံခြင်းတို့ လျော့နည်းစေရေး ဆောင်ရွက်ရန်။

(ဃ) မော်တော်ယာဉ်ကြောင့် မတော်တဆဖြစ်ပွားမှုများ လျော့နည်းကျဆင်း လာစေရေးအတွက် စနစ်တကျ စီမံခန့်ခွဲရန်။

(င) ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သတ်မှတ်ချက် များနှင့်အညီ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း ပြုနိုင်ရန်။

(စ) ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းကျဆင်းလာစေရန်နှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေး စနစ်ကို ထိရောက်စွာ အသုံးပြုရန်။

(ဆ) ယာဉ်မတော်တဆ ထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုစီးပွားဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းလာ စေရန်နှင့် လမ်းအသုံးပြုသူများ သွားလာမှုလွယ်ကူချောမွေ့စေရန်။

**အခန်း (၃)**

**ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ**

၄။ ဝန်ကြီးဌာနသည် အောက်ပါကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည် -

(က) ပြည်တွင်း၌အသုံးပြုသည့် မော်တော်ယာဉ်များ သွားလာခွင့်ရှိသည့် နေရာဒေသတို့ကို သတ်မှတ်ခြင်းနှင့် ကန့်သတ်ခြင်း။

(ခ) နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံဖြတ်ကျော် ခရီးသည်နှင့် ကုန်စည် ပို့ဆောင်သွားလာခြင်းနှင့် သက်ဆိုင်သော ကုန်းလမ်းဖြင့် သယ်ယူ ပို့ဆောင်ခြင်းဆိုင်ရာ လိုက်နာရမည့်အချက်များ သတ်မှတ်ခြင်း။

၅။ ဝန်ကြီးဌာနသည် -

(က) မော်တော်ယာဉ်မတော်တဆ ထိခိုက်မှုအန္တရာယ်များ၊ မော်တော်ယာဉ် ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့် မော်တော် ယာဉ်ကြောကျပ်တည်းမှုများ လျော့နည်းကျဆင်းလာစေရေးနှင့် မော်တော်ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လေ့လာသုံးသပ် ခြင်း၊ လမ်းညွှန်ချက်များ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက် ပေးရမည်။

(ခ) ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးထားသော **အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ**သို့ လိုအပ်သော မူဝါဒများ၊ စည်းကမ်းချက်များနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး အကြံပြုခြင်းများ ဆောင်ရွက်ရမည်။

(ဂ) ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ထိရောက်အောင်မြင်စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ရမည်။ ထူထောင်ထားသော ရန်ပုံငွေနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးထားသော **အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**၏ ဦးဆောင်မှုကို ခံယူလျက် ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများနှင့် ယာဉ်ကြော ကျပ်တည်းမှု လျော့နည်းစေရေးလုပ်ငန်းများအတွက် သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းကို ကြီးကြပ်ခြင်း ပြုလုပ်ရမည်။

(ဃ) ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများနှင့် ယာဉ်ကြောကျပ်တည်းမှု လျော့နည်းစေရေးလုပ်ငန်းများအတွက် ရန်ပုံငွေသုံးစွဲခြင်းနှင့် ကြီးကြပ် ခြင်းတို့အား လိုအပ်ပါက ဦးစီးဌာနသို့ လွှဲပြောင်းဆောင်ရွက်စေနိုင်သည်။

၆။ ဝန်ကြီးဌာနသည် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာ အခကြေးငွေနှင့် ဒဏ်ကြေးငွေများ၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်နှင့် ယာဉ်မောင်းနှင်ခွင့် လက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ အခကြေးငွေနှင့် ဒဏ်ကြေးငွေများ၊ လုပ်ငန်းလိုင်စင် ဆိုင်ရာ အခကြေးငွေနှင့် ဒဏ်ကြေးငွေများ၊ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိက လုပ်ငန်း လုပ်ကိုင်သူက ကောက်ခံရရှိသော သတ်မှတ်ယာဉ်စစ်ဆေးခမှ ဦးစီးဌာနသို့ ပေးသွင်းစေရမည့် အခကြေးငွေများနှင့် ဒဏ်ကြေးငွေများ၊ ဤဥပဒေနှင့် နည်းဥပဒေ များနှင့်အညီ သတ်မှတ်ကောက်ခံမည့် မော်တော်ယာဉ်စီမံခန့်ခွဲခြင်းဆိုင်ရာ အခ ကြေးငွေများနှင့် ဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ခြင်း၊ လိုအပ်သလို ပြင်ဆင်ခြင်း ပြုနိုင်သည်။

၇။ ဝန်ကြီးဌာနသည် -

(က) အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အများပြည်သူအကျိုးငှာ မည်သည့် မော်တော်ယာဉ်ကိုမဆို မှတ်ပုံတင်ရာတွင် မှတ်ပုံတင်ခ၊ ယာဉ်မှတ်ပုံတင် ခြင်းဆိုင်ရာနှင့် ယာဉ်မောင်းလိုင်စင်ဆိုင်ရာ အခြားအခကြေးငွေတို့ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

(ခ) မော်တော်ယာဉ် အသုံးပြုနိုင်မည့်သက်တမ်းကို သတ်မှတ်ပေးရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဓမ္မသဟာယ သာသနစင်တာ
## Institute of Dhamma Education
## (IDE-MDY)
## ၂၀၁၉-ခုနှစ်၊ ဓမ္မပညာသင်တန်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ **ဓမ္မသဟာယ သာသနစင်တာ**၊ (မဟာ သုဗောဓာရုံကျောင်းတိုက်)၌ **ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ** ကိုယ်တိုင် **၂၀၁၉-ခုနှစ် ဝါတွင်းကာလ** ဓမ္မသင်တန်း၌ **ဓမ္မပ ပရိက္ခာ** ဘာသာရပ်ကို ဖော်ပြပါ အချိန်ဇယားအတိုင်း ပို့ချပါမည်။

(က) **၂၀၁၉-ခုနှစ်၊ စက်တင်ဘာ(၃)ရက်နေ့မှ (၁၂)ရက်နေ့အထိ။**

(ခ) **နေ့စဉ် နံနက်(၈)နာရီမှ (၁၀)နာရီအထိ**

### ကြိုတင် သိရှိထားရန်အချက်များ

(က) **၂၀၁၈-ခုနှစ်တွင် ဓမ္မပ ပရိက္ခာ ဘာသာရပ် သင်တန်းတက်ရောက်ပြီးသူများကို ဦးစားပေးရွေးချယ်ပါမည်။**

(ခ) ပြင်ဦးလွင်ဒေသ၌ နေထိုင်သူများ မိမိတို့အစီအစဉ်ဖြင့် နေထိုင်သင်တန်းတက်လိုသူများ အဆောင်နေခွင့် လျှောက်ထားရန် မလိုပါ။သင်တန်းတက်သည့်နေ့၌သာ ဓမ္မသဟာယရုံးခန်းတွင် အမည်စာရင်းပေးသွင်းရပါမည်။

(ဂ) ဓမ္မသဟာယ သာသနာစင်တာ၌ နေထိုင်၍ သင်တန်းတက်လိုသော ပုဂ္ဂိုလ်များသည် အဆောင်နေခွင့် လျှောက်လွှာ တင်ရပါမည်။ သင်တန်းသား **ဦးရေ (၁၀၀)**အထိသာ လက်ခံပါမည်။

(ဃ) လျှောက်လွှာကို ပြင်ဦးလွင် ဓမ္မသဟာယရုံးခန်းမှဖြစ်စေ၊ ဓမ္မဗျူဟာလူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်းအမှတ် (၆)၊ ကြားတောရလမ်း၊ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မှဖြစ်စေ ရယူနိုင်ပါသည်။

(င) လျှောက်လွှာကို ဓာတ်ပုံ နှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ ၁စောင်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့်တစ်ကွ စနစ်တကျ ပြည့်စုံစွာ ဖြည့်သွင်းပြီး **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**နေ့ နောက်ဆုံးထား၍ လျှောက်လွှာရယူသော နေရာ၌သာ တင်သွင်း ရပါမည်။

(စ) အချက်အလက်မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်ရက်ကျော်လွန်သော လျှောက်လွှာများကို ရွေးချယ်မည်မဟုတ်ပါ။

(ဆ) သင်တန်းစီစဉ်ကြီးကြပ်ရေးအဖွဲ့က စိစစ်ရွေးချယ်ခံရသော အဆောင်နေခွင့်ရသူစာရင်းကို ဖုန်းဆက်၍အကြောင်းကြားပါမည်။ အဆောင်နေခွင့်ရရှိပြီးသော သင်တန်းသားများသည် **၂. ၉. ၂၀၁၉ ညနေ(၄)နာရီ** နောက်ဆုံးထား၍ အဆောင်သို့ လာရောက်ရမည်ဖြစ်ပြီး **သင်တန်းကာလအတွင်း(၈)ပါးသီလ** ကျင့်သုံး၍ အဆောင်စည်းကမ်းအတိုင်းနေထိုင်ရပါမည်။

**သင်တန်းစီစဉ်ကြီးကြပ်ရေးအဖွဲ့**
**ဓမ္မသဟာယ သာသနစင်တာ**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးဆိုင်ရာ တန်ဖိုးကွင်းဆက် (Climate Friendly Agribusiness Value Chains Sector Project) စီမံကိန်း
## ဈေးနှုန်းတောင်းခံလွှာဖိတ်ခေါ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ADB ချေးငွေ၊ GAFSP ထောက်ပံ့ငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်း(CFAVC Project) စီမံကိန်း၊ စီမံခန့်ခွဲမှုယူနစ်ရုံးအတွက် အသုံးပြုရန်လိုအပ်မည့် အောက်ပါ GD-01 Office Furniture များအတွက် ဈေးနှုန်းတောင်းခံလွှာ (RFQ)ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | Work Station (4 Staff) | - | 3 Units |
| (ခ) | Armed Chairs | - | 10 Units |
| (ဂ) | Meeting Table | - | 1 Unit |
| (ဃ) | Officer Desk | - | 2 Units |
| (င) | Officer Chair | - | 2 Units |

၂။ အထက်ပါပစ္စည်းဝယ်ယူခြင်းများအတွက် ADB Procurement Guide-line ပါစည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဈေးနှုန်းတင်သွင်းသူများသည် အထက်ဖော်ပြပါပစ္စည်း(၅)မျိုးနှင့် အရေအတွက်အားလုံး တင်သွင်းနိုင်သူဖြစ်ရပါမည်။

၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံ (RFQ)များကို PMU Office အီးလ်မေးအကောင့်ဖြစ်သော cfavc.pmu.doa@gmail.com သို့ရုံးချိန်အတွင်း ဆက်သွယ်တောင်းခံနိုင်ပါသည်။(လာရောက်ဝယ်ယူရန်မလိုပါ။)

၄။ ဈေးနှုန်းတင်သွင်းလွှာပုံစံ(RFQ)များကို ၂၂-၈-၂၀၁၉ရက် မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ အောက်ပါအတိုင်း လူကိုယ်တိုင်လာရောက် တင်သွင်းရမည်ဖြစ်ပါသည်။

**U Aye Ko Ko**
**Deputy Director General**
**Project Director (CFAVC)**
**Department of Agriculture**
**Ministry of Agriculture, Livestock and Irrigation**
**Office-15, Nay Pyi Taw**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးဆိုင်ရာ တန်ဖိုးကွင်းဆက် (Climate Friendly Agribusiness Value Chains Sector Project )စီမံကိန်း
## ဈေးနှုန်းတောင်းခံလွှာဖိတ်ခေါ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ADB ချေးငွေ၊ GAFSP ထောက်ပံ့ငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်း(CFAVC Project) စီမံကိန်း၊ စီမံခန့်ခွဲမှု ယူနစ်ရုံးအတွက် အသုံးပြုရန်လိုအပ်မည့် အောက်ပါ GD-01 Office Equipment များအတွက် ဈေးနှုန်းတောင်းခံလွှာ (RFQ)ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | Project | - | 1 Unit |
| (ခ) | Laptop Computer | - | 3 Units |
| (ဂ) | Desktop Computer | - | 3 Units |
| (ဃ) | Laser Printer | - | 2 Units |
| (င) | Digital Multi-functional copier | - | 1 Unti |
| (စ) | HP Color Printer | - | 1 Unit |

၂။ အထက်ပါပစ္စည်းဝယ်ယူခြင်းများအတွက် ADB Procurement Guide-line ပါစည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဈေးနှုန်းတင်သွင်းသူများသည် အထက်ဖော်ပြပါပစ္စည်း(၆)မျိုးနှင့် အရေအတွက်အားလုံး တင်သွင်းနိုင်သူဖြစ်ရပါမည်။

၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံ (RFQ)များကို PMU Office အီးလ်မေးအကောင့်ဖြစ်သော cfavc.pmu.doa@gmail.com သို့ရုံးချိန်အတွင်း ဆက်သွယ်တောင်းခံနိုင်ပါသည်။(လာရောက်ဝယ်ယူရန်မလိုပါ။)

၄။ ဈေးနှုန်းတင်သွင်းလွှာပုံစံ(RFQ)များကို ၂၂-၈-၂၀၁၉ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ အောက်ပါအတိုင်း လူကိုယ်တိုင်လာရောက် တင်သွင်းရမည်ဖြစ်ပါသည်။

**U Aye Ko Ko**
**Deputy Director General**
**Project Director (CFAVC)**
**Department of Agriculture**
**Ministry of Agriculture, Livestock and Irrigation**
**Office-15, Nay Pyi Taw**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/3395 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/5254 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ကျွန်းတက်ပဲ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၈၁၆)၊ ကွင်းအမည်(ကျွန်းတက်ပဲ့ကွင်း)၊ ဦးပိုင်အမှတ်(၆၃)၊ ဧရိယာ ၂ဒသမ၅၂ဧက ဒေါ်သင်းသင်းခိုင် အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) စာအုပ်ပျောက်ဆုံးသွားပါ၍ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သို့ ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်သင်းသင်းခိုင်**
**၉/လဝန(နိုင်)၀၀၁၃၄၆**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ ဂွမြို့၊ မြို့သစ်ရပ်ကွက်၏ ကမ်းနားလမ်းကာကွယ်ရေးလုပ်ငန်း မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ကျောက်စီရေနုတ်မြောင်း ပြုလုပ်ခြင်းလုပ်ငန်းများအတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

လုပ်ငန်း - မြေထိန်းနံရံ Retaining Wall (၁၃၆၃ပေ) နှင့် ကျောက်စီရေနုတ်မြောင်း Reveement Wall (၄၁၉ဒသမ၅ပေ)

တည်နေရာ - ဂွမြို့၊ မြို့သစ်ရပ်ကွက်

| | | |
|---|---|---|
| တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် | - | ၈-၈-၂၀၁၉ရက် |
| တင်ဒါပိတ်သိမ်းမည့်ရက် | - | ၂၂-၈-၂၀၁၉ရက် ညနေ ၄နာရီ |
| တင်ဒါရောင်းချ/တင်သွင်းမည့်နေရာ | | (၁) တည်ဆောက်ရေးလုပ်ငန်းကော်မတီအထောက်အကူပြုရုံးခန်း |

အသေးစိတ်သိရှိလိုသောအချက်များအားအောက်ပါဖုန်းနံပါတ်များတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း-၀၉-၄၅၈၃၄၄၄၇၃၊ ၀၉-၂၅၁၁၃၂၄၁၄

**တင်ဒါလက်ခံရေး/စိစစ်ရေးလုပ်ငန်းကော်မတီ**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စစ်တွေမြို့**

---

## မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့်ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော် ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၂၂-၈-၂၀၁၉ရက် နံနက် ၉နာရီ၊သစ်မာသစ်လုံး(နယ်/ရန်ကုန်)သီးသန့် ၃-၈-၂၀၁၉ရက် နံနက် ၉နာရီ၊ ရန်ကုန်-နယ်ကျွန်း/သစ်မာ(သစ်လုံး/ခွဲသား)၂၆-၈-၂၀၁၉ရက်၊ မွန်းတည့် ၁၂နာရီ၊ **ရန်ကုန် ကျွန်းသစ်လုံးသီးသန့်**

(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန်ပမာဏ
- ကျွန်းသစ်လုံး(၁၁၀၅)တန်
- တတိယတန်းနှင့်အထက်ကျွန်းခွဲသား(၁၇၀)တန် **(ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန)**
- ပိတောက်၊ ပျဉ်းကတိုး၊ ကညင်၊ သစ်ယာ၊ အင်ကြင်း၊ သင်းဝင်(၁၆၂၂၁)တန်
- သစ်မာသစ်လုံး**(၂၀၁၈-၂၀၁၉) ထုတ်သစ်များပါဝင်ပါသည်။**

(ဂ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် Website ဖြစ်သော www.mte. com.mm တွင်လည်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန် ဖုန်း-၀၁-၅၂၈၇၆၄၊ ၀၁-၃၇၇၂၉၆၊ Email: marketing1 ppy @gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

---

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးပိုင် အထက ဆဋ္ဌမတန်းမှ မောင်သက်ကိုဦး၏ဖခင်အမည်မှန်မှာ ဦးခင်မောင်တင့် ၉/အမဇ(နိုင်)၀၂၁၃၄၁ ဖြစ်ပါကြောင်း။

---

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့၊ ရတနာကုန်းရပ်ကွက်နေ ဦးဇော်နောင်-ဒေါ်ရှုယဉ်တို့၏သား မောင်ဟိန်းပေါ်အား မောင်စွမ်းလင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စွမ်းလင်းထက်**

---

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မရွှေစင်အေး၏ ဖခင်အမည်မှန်မှာ ဦးဘဦး ၇/သဝတ(နိုင်)၀၃၃၃၄၄ ဖြစ်ပါကြောင်း။

**ဦးဘဦး**

---

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မအိသူမောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးကြီး ၇/သဝတ(နိုင်)၁၂၆၆၃၆ ဖြစ်ပါကြောင်း။

**ဦးစိုးကြီး**

---

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ စောဆာအယ်ထူး၏ဖခင်အမည်မှန်မှာ စောမောင်မောင် ၇/လပတ(နိုင်) ၀၉၁၈၁၉ ဖြစ်ပါကြောင်း။

**စောမောင်မောင်**

---

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ထွဋ်မင်းညို၏ ဖခင်အမည်မှန်မှာ ဦးမောင်ထိန် ၇/သဝတ(နိုင်) ၀၇၉၇၀၄ ဖြစ်ပါကြောင်း။

**ဦးမောင်ထိန်**

---

## မွေးသက္ကရာဇ်အမှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်တင်လှိုင်၏မွေးသက္ကရာဇ်အမှန်မှာ ၂၅-၇-၂၀၀၃ ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၉/ပုဗ္ဗသီရိ အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အမှတ်(ပ-၃၂၀၁၃)၏မြေပေးစလစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဒေါ်သန်းသန်းဌေး ၇/ပခန(နိုင်)၀၀၁၆၅၄ (ဘ)ဦးတင်အေးမှ မြေပေးစလစ်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းမိတ္တူ၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ မြေပေးစလစ်မိတ္တူတင်ပြပြီး မြေပေးစလစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံ စွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးထားသည့်ပျောက် ဆုံးသွားသော မြေပေးစလစ်မူရင်းအားပယ်ဖျက်၍ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၉/ပုဗ္ဗသီရိ အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အမှတ်(ပ-၃၂၀၁၁)၊ မြေပေးစလစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဒေါ်မြင့်မြင့်ချို ၁၂/ခရန(နိုင်)၀၃၃၅၄၇ (ဘ)ဦးမြဝင်းမှ မြေပေးစလစ်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းမိတ္တူ၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ မြေပေးစလစ်မိတ္တူတင်ပြပြီး မြေပေးစလစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံ စွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးထားသည့်ပျောက် ဆုံးသွားသော မြေပေးစလစ်မူရင်းအားပယ်ဖျက်၍ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၈-၂၀၁၉ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၄) မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဒီဇယ်ဆီနှင့်ဘီလပ်မြေအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာတွင် အမှတ်စဉ်(၁)တွင် ဒီဇယ်ဆီ(၃၀၀၀) ဂါလန်အစား ဒီဇယ်ဆီ(၃၀၀၀၀) ဂါလန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## ဖခင်အမည်မှန်

တောင်သာမြို့၊ သက်တန့်ရောင်စဉ် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မသင်းသင်းဆွေ၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၉/တသန(နိုင်) ၁၂၅၈၈၈ ဖြစ်ပါကြောင်း။

**ဦးစိုးမြင့်**

---

## ဖခင်အမည်မှန်

ဟင်္သာတမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်းမှ မအိမွန်ဖြိုး(ကျောင်းဝင်အမှတ်-၁၇၀၃၀)၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၁၄/ဟသတ(နိုင်) ၃၀၆၅၈၂ ဖြစ်ပါကြောင်း။ **ဦးမြင့်ရွှေ**

---

## မိဘအမည်မှန်

ဟင်္သာတမြို့နယ်၊ အထက(ခွဲ) စစ်ကုန်း တက္ကသိုလ်ဝင်တန်းမှ မောင်လွှမ်းမိုးအောင်၏ မိဘအမည်မှန်မှာ ဦးကျော်မျိုးလှိုင်နှင့် ဒေါ်လှလှအေးတို့ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ ICEC ကိုယ်ပိုင်အထက် တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအိပြည့်စုံဖြိုး၏ ဖခင်အမည်မှန်မှာ စမောင်ပလန်းဖြစ်ပါကြောင်း။

**စမောင်ပလန်း**

---

## ဖခင်အမည်မှန်

မိုးညိုမြို့နယ်၊ အထက(မိုးညို) နဝမတန်း(ခ)မှ မောင်မြတ်မင်းကို၏ ဖခင်အမည်မှန်မှာ ဦးစိန်မင်း ၇/မညန(နိုင်)၀၇၃၃၇၉ဖြစ် ပါကြောင်း။

**ဦးစိန်မင်း**

---

## အမည်ပြောင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ပင်လုံနှင်းဆီ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(ဗ)မှ ဦးလီကွယ်ချမ်း၏ သမီး လီကျားဆုန်းအား မသန္တာအောင် ၁၃/လကန(နိုင်) ၀၀၄၇၄၄ဟု ပြောင်းလဲခေါ်ပါရန်။

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/8826 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
### ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများနှင့် ခရိုင်/မြို့နယ်အသီးသီးတွင် လစ်လပ်လျက်ရှိသော အမှုထမ်းရာထူးနေရာများအတွက်

## ရေးဖြေစာမေးပွဲဖြေဆိုရန် ကြေညာချက်

၁။ ၆-၇-၂၀၁၉ရက် (စနေနေ့)ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများ၌ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ လျှောက်လွှာခေါ်ယူထားသည့် ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ စာရင်းကိုင်(၄)၊ အငယ်တန်းစာရေး၊ အငယ်တန်းစာရေး(ကွန်ပျူတာ)၊ မြေတိုင်း-၅ ရာထူးနေရာများ ရွေးချယ်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ သတ်မှတ်စာဖြေဌာနများ၌ ၂၅-၈-၂၀၁၉ ရက် (တနင်္ဂနွေနေ့)တွင် တစ်ပြိုင်တည်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို မိမိတို့လျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးရုံးများတွင် ၂၂-၈-၂၀၁၉ ရက်မှ ၂၄-၈-၂၀၁၉ ရက်အထိ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းပြသ၍ ဖြေဆိုမည့်သူကိုယ်တိုင် လာရောက်ထုတ်ယူရပါမည်။

၃။ ခုံအမှတ်၊ စာမေးပွဲအချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၂၂-၈-၂၀၁၉ရက်မှ စ၍ ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးရုံးအသီးသီးတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

၄။ စာဖြေဌာနအလိုက် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဦးစီးဌာန(ရုံးချုပ်)(၀၆၇-၃၄၁၀၀၂၅၊ ၀၆၇-၃၄၁၀၀၃၆)၊ နေပြည်တော်(၀၆၇-၅၅၀၃၀၅၊ ၀၆၇-၅၅၀၁၈၀)၊ ကချင်(၀၇၄-၂၂၃၇၄၊ ၀၇၄-၂၂၄၉၉)၊ ကယား(၀၈၃-၂၁၀၄၉)၊ ကရင်(၀၅၈-၂၁၀၄၄၊ ၀၅၈-၂၂၇၀၅)၊ ချင်း(၀၇၀-၂၁၀၄၆၊ ၀၇၀-၂၁၁၁၂)၊ စစ်ကိုင်း(၀၇၁-၂၂၅၈၂၊ ၀၇၁-၂၁၁၂၁)၊ တနင်္သာရီ(၀၅၉-၂၁၁၂၀၊ ၀၅၉-၂၁၀၆၅)၊ ပဲခူး(၀၅၂-၂၂၂၀၀၆၃၊ ၀၅၂-၂၂၂၁၂၂၈)၊ မကွေး(၀၆၇-၂၃၂၂၅၊ ၀၆၇-၂၃၂၂၆)၊ မန္တလေး(၀၂-၄၀၆၀၄၁၇၊ ၀၂-၄၀၆၀၄၁၈)၊ မွန်(၀၅၇-၂၅၈၀၂၊ ၀၅၇-၂၄၇၁၃)၊ ရခိုင်(၀၄၃-၂၃၄၆၂၊ ၀၄၃-၂၃၄၆၃)၊ ရန်ကုန်(၀၁-၆၅၇၃၁၀၊ ၀၁-၆၅၇၃၁၂၊ ၀၁-၆၅၇၃၁၃)၊ ရှမ်း(၀၈၁-၂၁၂၅၂၆၄၊ ၀၈၁-၂၁၂၁၀၂၂)၊ ဧရာဝတီ(၀၄၂-၂၅၃၃၉၊ ၀၄၂-၂၅၃၄၀၊ ၀၄၂-၂၅၃၃၈)

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

---

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ (၇၈)လမ်းနှင့်(၃၀)လမ်းထောင့်၊ မန္တလေးဘူတာကြီးနှင့်ကပ်လျက်ရှိ မြန်မာ့မီးရထားပိုင် ပုပ္ပါးဟိုတယ် အမှတ်(၁)(ယခု-စံအိမ်ဟိုတယ်)ဟု ခေါ်တွင်သော ဧရိယာ (အလျား ၁၀၀ပေ× အနံ ၄၀ပေ)အကျယ်အဝန်း၌ အခန်း(၄၂)ခန်းပါ သုံးထပ် အဆောက်အအုံကို ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များသို့ နှစ် (၂၀)သက်တမ်းဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များ၊ ပါဝင်သည့်ပုံစံများကို မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)ရုံး၊ မန္တလေးဘူတာကြီး၌ တစ်စုံလျှင် (၁၀၀၀၀/-)ကျပ်နှုန်းဖြင့် ၉-၈-၂၀၁၉ရက်မှ စ၍ ၉-၉-၂၀၁၉ရက်၊ (၁၆:၃၀)နာရီထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပါသည်။ လုပ်ကိုင်လိုသူများအနေဖြင့် ပုံစံနှင့်အဆိုပြုလွှာများကို ၃၀-၉-၂၀၁၉ရက် (၁၆:၃၀)နာရီ နောက်ဆုံးထားပြီး တင်ဒါပုံစံရောင်းချသည့်ရုံးသို့ ပေးပို့တင်သွင်းရမည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါဖွင့်လှစ်ခြင်းကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း မန္တလေးဘူတာကြီး၊ မြေညီထပ်၊ နားနေခန်း(၁)၌ ပြုလုပ်သွားမည်ဖြစ်ပြီး၊ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်ကို ထပ်မံဆက်သွယ်ကြေညာပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၂-၄၀၆၆၇၆၄၊ ၀၂-၄၀၃၅၁၇၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ**

---

## ဂုဏ်ပြုမှတ်တမ်းတင်ကျေးဇူးတင်ရှိခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြီးမှူး၍ ကျင်းပသော ရန်ပုံငွေမြှင့်တင်ရေးညစာစားပွဲ (Fundraising Gala Night)တွင် Platinum Sponsorship အဖြစ် ပါဝင်သော PC Myanmar (Hong Kong) Limited, International Committee of the Red Cross (ICRC), American Red Cross, Turkish Red Crescent, Chinese Embassy in Myanmar တို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**အရင်းအမြစ်စုစည်းအသုံးချရေးဌာန**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

---

### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
### စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ
## "Swiss Challenge" ခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဆိုင်၍ စီမံခန့်ခွဲခွင့်ရှိသော မြေဧရိယာ ၅ဧကခန့်တွင် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုမှ အစိုးရက ဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက်တင်သွင်းသည့် စွန့်ပစ်ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်၊ ဖော့ဘူးများမှ ကော်စေ့(ကုန်ကြမ်း)၊ သတ္တုစွန့်ပစ်ပစ္စည်းမှ ကုန်ကြမ်း ပြန်လည်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း (Recycle Product )အဖြစ် လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းအဆိုပြုလွှာနှင့် (Business Plan )ရေးဆွဲတင်ပြခဲ့ပါသည်။

၂။ ယင်းမြေဧရိယာ(၅)ဧကတွင် (Recycle Product )လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေးအတွက် မူလအဆိုပြုလွှာနှင့် ယှဉ်ပြိုင်ရွေးချယ်နိုင်ရန် စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာများအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ခေါ်ယူမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်** | - ၂၆-၈-၂၀၁၉ ရက် (တနင်္လာနေ့) |
| (ခ) | **စီမံကိန်းအဆိုပြုလွှာ ပိတ်မည့်ရက်** | - ၉-၁၀-၂၀၁၉ ရက် (တနင်္လာနေ့) |
| (ဂ) | **စီမံကိန်းအဆိုပြုလွှာ တင်သွင်းရမည့်နေရာ** | - သန့်ရှင်းရေးဌာန၊ ၁၉လမ်း၊ (၆၃×၆၄)လမ်းကြား၊ နန်းရှေ့ဈေး၊ ဒုတိယထပ် |
| (ဃ) | **စီမံကိန်းအဆိုပြုလွှာ ရောင်းဈေးနှုန်း** | - ၅၀၀၀၀/- |

၃။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း သန့်ရှင်းရေးဌာန(နန်းရှေ့ဈေး၊ ဒုတိယထပ်) ဖုန်း-၀၂-၄၀၇၂၀၀၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
### အရောင်းဆိုင်ခန်းများနေရာချထားရေးအဖွဲ့
### အရောင်းဆိုင်များနှင့်စားသောက်ဆိုင်ခန်းများလျှောက်ထားရန်
## အသိပေးကြေညာချက်
### ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၃ ရက်

၁။ ၂၀၁၉ ခုနှစ် နှစ်လယ်၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၁၆-၉-၂၀၁၉ ရက်မှ ၂၅-၉-၂၀၁၉ ရက်ထိ ကျင်းပပြုလုပ်ပါမည်။

၂။ ဖော်ပြပါပြပွဲတွင် ကျောက်မျက်နှင့်လက်ဝတ်ရတနာအရောင်းဆိုင်ခန်းများ၊ အခြားအရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလိုသူများသည် ဆိုင်ခန်းနေရာရရှိရေးအတွက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်)ရုံးများတွင် လျှောက်ထားနိုင်ပါသည်။

၃။ ဆိုင်ခန်းနေရာများကို ၂၇-၈-၂၀၁၉ရက် နောက်ဆုံးထား၍ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး မဏိရတနာကျောက်စိမ်းခန်းမ(နေပြည်တော်)၌ ၃-၉-၂၀၁၉ ရက်တွင် မဲစနစ်ဖြင့် ချထားပေးပါမည်။

၄။ ဆိုင်ခန်းနေရာချထားရေးနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၁-၆၆၃၀၈၀၊ ၀၆၇-၄၃၂၃၈၁၊ ၀၆၇-၄၃၂၃၈၄၊**
**ဖက်စ်-၀၆၇-၄၃၂၃၈၄၊ ၀၆၇-၄၃၂၃၈၅**
**အရောင်းဆိုင်ခန်းများနေရာချထားရေးအဖွဲ့**

---

### မော်လမြိုင်တက္ကသိုလ်(အဝေးသင်)သင်တန်း
### ပထမအကြိမ်
### ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းကြေညာချက်

၁။ မော်လမြိုင်တက္ကသိုလ်(အဝေးသင်)သင်တန်း ၂၀၁၈ပညာသင်နှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင်ကျင်းပခဲ့သော (ဘွဲ့)စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ပုဂ္ဂိုလ်များသည် မော်လမြိုင်တက္ကသိုလ်(အဝေးသင်)သင်တန်း ပထမအကြိမ် ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို ၁၆-၈-၂၀၁၉ရက်တွင် စတင်ထုတ်ယူနိုင်ပြီး(၂×၁½)လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်နှစ်ပုံ၊ (ဓာတ်ပုံတွင်လက်ပြတ်အင်္ကျီမဖြစ်စေရ)နှင့် မှတ်ပုံတင်မိတ္တူတို့ကို ပူးတွဲ၍ ၁၆-၉-၂၀၁၉ရက် နောက်ဆုံးထားလျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်၍ ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေး၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကိုလည်းကောင်း ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မော်လမြိုင်တက္ကသိုလ်(အဝေးသင်)သင်တန်းတွင် အခမဲ့ရယူ၍ လျှောက်ထားရပါမည်။

၅။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်ပြီး မော်လမြိုင်တက္ကသိုလ်(အဝေးသင်)သင်တန်းတွင် ပေးသွင်းရန်ရှိသော ငွေကြေးများပေးဆောင်ပြီး သတ်မှတ်ဘွဲ့ကြေးများကို ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို မော်လမြိုင်တက္ကသိုလ်(အဝေးသင်)သင်တန်းသို့ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဖခင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာစသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ ၂၀၁၈ ပညာသင်နှစ်မတိုင်မီက (ဘွဲ့)စာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၈။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက် ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မော်လမြိုင်တက္ကသိုလ်ဌာနမှူး (သင်တန်းရေးရာ)ဌာန ဖုန်း-၀၅၇-၂၄၆၃၇၊ ဌာနခွဲမှူး(အဝေးသင်)သင်တန်း ဖုန်း- ၀၅၇-၂၁၈၃၄တို့ကို ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**(သန်းသန်းအေး)**
**ဌာနမှူး(သင်တန်းရေးရာ)**
**မော်လမြိုင်တက္ကသိုလ်**

---

### မိဘအမည်မှန်

တောင်ငူ အထက(၁) တက္ကသိုလ်ဝင်တန်း(E)မှ မောင်အယ်ဒီစိုးညွန့်၏ မိဘအမည်မှန်မှာ ဦးဖိုက်ကိုစိုး ၇/ပမန(နိုင်)၀၀၃၄၅၈နှင့် ဒေါ်ဝေဒီမူး ၇/တငန(နိုင်)၀၂၈၈၇၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းမြို့၊ ကမာရွတ်မြို့နယ် (ဇင်သော်ကိုယ်ပိုင်အထက်တန်းကျောင်း) နဝမတန်းမှ မဝေဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၇/ဝမန(နိုင်)၁၀၂၉၇၉ ဖြစ်ပါကြောင်း။ **ဦးဇော်လင်း**

### အမည်မှန်

ဦးရန်နိုင်၏သား မုံရွာမြို့၊ မြဝတီ အထက(ခွဲ)အဌမတန်းမှ မောင်မင်းခန့်ကျော်၏ အမည်မှန်မှာ မောင်မင်းခန့်ကျော်ဇင် ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မုံရွာမြို့ အထက(၁)အလုံ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဝေဖြိုးထွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်တူး ၅/ဘတလ(နိုင်)၀၁၉၄၁၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ အထက(စိုင်ပြင်)တက္ကသိုလ်ဝင်တန်းမှ မစုမွန်အောင်၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ဝင်း ၅/ဒပယ(နိုင်)၀၇၆၆၈၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ် အထက(စိုင်ပြင်)တက္ကသိုလ်ဝင်တန်းမှ မဆုပြည့်အောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ ၅/ဒပယ(နိုင်)၀၂၆၉၁၂ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးအောင်သူ ၈/ရစက(နိုင်)၁၂၁၆၉၈၏သား ရေစကြိုမြို့ အထက(၁) တတိယတန်း(A)မှ မောင်ဇေယျာဖြိုးအား မောင်ဇော်ဘုန်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

### မွေးသက္ကရာဇ်အမှန်

ဦးမြင့်သိန်း ၉/တကန(နိုင်)၀၉၁၅၁၇၏သမီး တာချီလိတ်မြို့၊ အလက (ရန်အောင်မြေ)၊ အဌမတန်း(ဃ)မှ မမိုမိုစံ၏အမည်မှန်မှာ မမိုမိုစမ်းဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၅-၁-၂၀၀၆ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

တာချီလိတ်မြို့၊ ဖန်မင်ကျေးရွာအုပ်စု၊ စံပယ်ကျေးရွာနေ ဦးမောင်ကို၏သမီး မနွယ်နွယ်ငွေး ၁၃/တကန(နိုင်)၂၀၁၅၄၉ ၏မွေးသက္ကရာဇ်အမှန်မှာ ၅-၉-၁၉၈၂ ဖြစ်ပါကြောင်း။

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/9007 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/8731 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ဃ/၈၂၃၂ Honda Dream ND 125 M ယာဉ်လက်ဝယ်ရှိသူ ဦးရဲမိုးလွင် ၉/တကန(နိုင်)၁၁၃၇၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

---

## လုပ်ငန်းသုံးရေနံဓာတ်ငွေ့ရည်(ပရိုပိန်း)သုံးစွဲသူများသို့ အသိပေးကြေငြာခြင်း

၁။ ရေနံဓာတ်ငွေ့ရည်တွင် ပရိုပိန်း(PROPANE), ဗြူတိန်း (BUTANE) နှင့် (ပရိုပိန်း+ဗြူတိန်း)အရော (Mixed LPG) ဟူ၍ ရှိပါသည်။

၂။ လုပ်ငန်းသုံးရေနံဓာတ်ငွေ့ရည် (PROPANE) သည် အိမ်သုံးရေနံဓာတ်ငွေ့ရည် ဗြူတိန်း (BUTANE)နှင့် Mixed LPG တို့ထက် ဖိအား (PRESSURE) ပိုကောင်းခြင်း၊ အနံ့အသက်မရှိခြင်းစသည့် အားသာချက်များကြောင့် စားသောက်ဆိုင်ကြီးများ၊ မုန့်အမျိုးမျိုးထုတ်လုပ်သည့်လုပ်ငန်းများ၊ သံဖြတ်သည့်လုပ်ငန်းများ၊ မီးပုံးပျံလွှတ်တင်သည့်လုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများအစရှိသော လုပ်ငန်းများတွင် အသုံးပြုရန် အထူးသင့်တော်ပါသည်။

၃။ အဆိုပါ လုပ်ငန်းသုံးရေနံဓာတ်ငွေ့ရည် ပရိုပိန်း(PROPANE)ကို လုပ်ငန်းများ၌ အသုံးပြုလိုသူများအား ပြင်ပပေါက်ဈေးထက် သက်သာသည့် ဈေးနှုန်းဖြင့် အသုံးပြုသည့်နေရာအရောက် (ရန်ကုန်မြို့အတွင်းသာ) ပို့ဆောင်ပေးသောစနစ်ဖြင့် ရောင်းချပေးနေပါကြောင်း အသိပေးအပ်ပါသည်။

မဟာငွေတောင်
ရေနံဓာတ်ငွေ့ရည်ဖြန့်ဖြူးရေးလုပ်ငန်း
၀၉ - ၄၀၀၈၀၀၂၂၁
၀၉ - ၄၀၀၈၀၀၂၂၃
၀၉ - ၄၀၀၈၀၀၂၂၄

# အာဆီယံ အမျိုးသမီးပြိုင်ပွဲ အုပ်စု (ခ) ပထမပွဲ မြန်မာနှင့် အင်ဒိုနီးရှား ယနေ့ကစားမည်

**ရန်ကုန် ဩဂုတ် ၁၅**

ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ အာဆီယံ အမျိုးသမီးပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ပွဲစဉ်များကို ဩဂုတ် ၁၆ ရက် **(ယနေ့)** စတင်မည်ဖြစ်ပြီး မြန်မာ အမျိုးသမီးအသင်းသည် အင်ဒိုနီးရှား အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်းပေါင်း ကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး အုပ်စု (က) တွင် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမော၊ အုပ်စု (ခ) တွင် မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ပြိုင်ပွဲမတိုင်မီ MFF အကယ်ဒမီလူငယ်အမျိုးသားအသင်းနှင့် ခြေစမ်းပွဲကစားနေစဉ်။
ဓာတ်ပုံ-ဖိုးသော်ဇင်

အုပ်စုပွဲများကို ဩဂုတ် ၁၅ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် ဗီယက်နမ်နှင့် တစ်အုပ်စုတည်း ကျရောက်နေသောကြောင့် ဗိုလ်လုပွဲလမ်းကြောင်း ပိုချောင်စေရန် အုပ်စုပထမရရန် လိုအပ်နေကာ သို့မှသာ ဆီမီးဖိုင်နယ်တွင် ထိုင်းကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ အာဆီယံ အမျိုးသမီး ဘောလုံးလောကတွင် ချန်ပီယံဆုအတွက် မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့သာ မျှော်လင့်နိုင်ပြီး ယခုနှစ်တွင် ဩစတြေးလျအသင်းလည်း မပါဝင်သောကြောင့် မြန်မာအသင်း အနေဖြင့် ဗိုလ်လုပွဲတက်ရောက်နိုင်ရန် အုပ်စုပထမရရန် လိုအပ်နေသည်။ မြန်မာအမျိုးသမီးအသင်း အနေဖြင့် ယခုပြိုင်ပွဲအတွက် ပြင်ဆင်ချိန်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍

## ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (United League of Arakan) ULA / AA အဖွဲ့ဝင်များအား ဥပဒေနှင့်အညီ အမှုဖွင့်တရားစွဲဆိုထား

*စာမျက်နှာ - ၈*

## ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ်တို့တွင် AA ၊ TNLA ၊ MNDAA လက်နက်ကိုင်အဖွဲ့များက ဝင်ရောက် နှောင့်ယှက်ပစ်ခတ်ပြီး အကြမ်းဖက်လုပ်ရပ်များကျူးလွန်

*စာမျက်နှာ -၁၀*

# လီဗာပူးတို့ ချယ်လ်ဆီးကို အနိုင်ယူပြီး ယူအီးအက်ဖ်အေ စူပါဖလား လေးကြိမ်မြောက်ဆွတ်ခူး

အစ္စတန်ဘူလ် ဩဂုတ် ၁၅

**၂၀၁၉ ယူအီးအက်ဖ်အေ စူပါဖလားပြိုင်ပွဲကြီးကို ဩဂုတ် ၁၅ရက် ကြာသပတေးနေ့ နံနက်ပိုင်း၌ ချန်ပီယံလိဂ်ချန်ပီယံ လီဗာပူးနှင့် ယူရိုပါလိဂ်ချန်ပီယံ ချယ်လ်ဆီးတို့သည် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဗိုဒါဖုံးပတ်ခ်ကွင်းကြီးတွင် ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူး အသင်း ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး စူပါဖလားကို လေးကြိမ်မြောက် ဆွတ်ခူးခဲ့သည်။**

စူပါဖလားပြိုင်ပွဲတစ်လျှောက် ပထမဦးဆုံးအကြိမ်အင်္ဂလန် ကလပ် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ကွင်းလယ်ဒိုင်နေရာတွင်လည်း ပထမဦးဆုံးအကြိမ် အမျိုးသမီးကွင်းလယ်ဒိုင် ပြင်သစ်နိုင်ငံသူ ဖရက်ပတ်ကို တာဝန်ယူကိုင်တွယ်စေခဲ့သည်။ ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၃-၃ တိုက်စစ်ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ပထမပိုင်းပွဲချိန် ၃၆ မိနစ်တွင် ဂျီရောဒ်ကချယ်လ်ဆီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲကိုဦးဆောင်ခဲ့ကာ ဒုတိယပိုင်း ၄၈ မိနစ်တွင် မာနေးက လီဗာပူးအတွက် ချေပဂိုးပြန်လည်သွင်းယူပေးခဲ့သည်။ မိနစ် ၉၀ ပြည့်ပြီး နှစ်သင်းစလုံး အနိုင်အရှုံးမပေါ်ခဲ့၍ အချိန်ပို မိနစ် ၃၀ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် ၉၅မိနစ်တွင် မာနေး၏သွင်းဂိုးဖြင့် လီဗာပူးတို့ ပြန်လည်ဦးဆောင်ခဲ့ပြီး ပွဲချိန် ၁၀၁ မိနစ်တွင် ချယ်လ်ဆီးအသင်း ပယ်နယ်တီကန်ခွင့်ရကာ ဂျော်ဂျင်ဟိုက အမှားအယွင်းမရှိ ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ထပ်စောင်းအချိန်ပိုများ ပြီးဆုံး၍ နှစ်သင်းစလုံး အနိုင်အရှုံးမပေါ်ခဲ့ဘဲ ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ လီဗာပူးအသင်းက ငါးဂိုး- လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယူအီးအက်ဖ်အေစူပါဖလားကို လေးကြိမ်မြောက် ဆွတ်ခူးခဲ့သည်။ ယင်းပွဲတွင် ဘောလုံးပိုင်ဆိုင်မှုမှာ လီဗာပူးအသင်းသည် အနည်းငယ် အသာစီးရရှိခဲ့ပြီး ချယ်လ်ဆီးအသင်း၏ တုံ့ပြန်မှုမှာလည်း မြိုင်ဆိုင်ခဲ့ကာ စူပါဖလားလုပွဲကြီးသည် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ◆



လီဗာပူးအသင်းသားများ ယူအီးအက်ဖ်အေ စူပါဖလားအား ကိုင်မြှောက်၍ အောင်ပွဲခံနေစဉ်။

